ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 19 December 2022 ၁၀၉၅၄

# ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေသော ကနဦးလျာထားချက် ဆန်တန်ချိန်သုံးသောင်း မကြာမီပြည့်မီတော့မည်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာ့ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်ယူလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ တိုက်ရိုက်တင်ပို့လျက်ရှိပြီး ကနဦးလျာထားချက်ဖြစ်သည့် ဆန်တန်ချိန်သုံးသောင်း မကြာမီပြည့်မီတော့မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪


ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ဆန်များတင်ဆောင်နေမှုကို တွေ့ရစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုနှစ်ထွက်ရှိသည့် ဟက်(စ်)မျိုး ထောပတ်သီးများ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ကောင်းနေ



ပြင်ဦးလွင် ဒီဇင်ဘာ ၁၈

ယခုနှစ်ထွက်ရှိသည့် ဟက်(စ်)မျိုး ထောပတ်သီးများအား ပြည်တွင်းဈေးကွက်သို့ အဓိကတင်ပို့၍ လက်ကားဈေးအဖြစ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

### ဖြန့်ဖြူးရောင်းချပေး

အဆိုပါ ဟက်(စ်)မျိုး ထောပတ်သီးများသည် နိုဝင်ဘာလမှ စတင်ထွက်ရှိကာ ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်၌ ၁၀၀ ဂရမ်မှ ၂၂၀ ဂရမ်အရွယ်ကြား ရောရာပါ တစ်ကီလိုလျှင် လက်ကားဈေးငွေကျပ် ၃၀၀၀ နှင့် အရွယ်အစားခွဲခြားပါက A-Grade တစ်ကီလိုလျှင် ငွေကျပ် ၇၀၀၀ နှင့် B-Grade တစ်ကီလိုလျှင် ငွေကျပ် ၅၀၀၀ ဈေးဖြင့် ရောင်းချပေးကြောင်း၊ ထောပတ်သီး မျိုးကွဲများစွာရှိသည့်အနက် ပြည်တွင်းစားသုံးမှုမြင့်မားသည့် Export တန်းဝင် ဟက်(စ်) ထောပတ်မျိုးများကို လူကြိုက်များကာ ဝယ်ယူစားသုံးမှု များပြားခြင်းကြောင့် အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း သိရသည်။


"အရောင်းအဝယ် ကတော့ ပြည်တွင်းဈေးကွက်ထဲကိုပဲ ရောင်းချနေရပါတယ်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**ဘဝအနေကြာ ကျန်းမာဖို့ နေကြာဆီကို စနစ်တကျစားကြစို့**
ဆောင်းပါး
စာမျက်နှာ » ၁၀



**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**
ဆောင်းပါး
စာမျက်နှာ » ၂၂




**အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ (၁၅)ကြိမ်မြောက် ပန်းပွဲတော် "Blooming Fantasy 2022" ဖွင့်ပွဲကျင်းပ**
စာမျက်နှာ » ၄

ကြေးမုံ

# လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့သည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းစောင့်ရှောက်ကြပြီး မရှိအတူရှိအတူ အေးအတူပူအမျှ စုပေါင်းနေထိုင်ခဲ့ကြသည့် သမိုင်းကြောင်း အစဉ်အလာကောင်းများရှိခဲ့ပြီး ရှေးပဝေသဏီကာလကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်ဝင့်ထည်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တင့်တယ်စွာ ရပ်တည်ခဲ့ကြသည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ရံဖန်ရံခါ အခန့်မသင့်သည့်အခါ ပဋိပက္ခများရှိခဲ့သော်လည်း ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများဟူသည့် အသိစိတ်ဓာတ်ဖြင့် ပြန်လည်သင့်မြတ်ပူးပေါင်းကြကာ အကျိုးတူနေထိုင်ခဲ့ကြသည်။ နှစ်ပေါင်းထောင်ချီကြာလာခဲ့သည့် သမိုင်းကြောင်းတစ်လျှောက်၌ ပြည်ထောင်စုအပေါ် ကျရောက်လာသည့် ပြည်ပအန္တရာယ်တို့ကိုလည်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပူးပေါင်းလက်တွဲ၍ တွန်းလှန်တိုက်ထုတ်ခဲ့သည့် သမိုင်းကြောင်းအစဉ်အလာများရှိခဲ့သည်။ သို့ရာတွင် ကမ္ဘာတစ်ဝန်း လွှမ်းမိုးကြီးစိုးလာသော ကိုလိုနီစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည်လည်း အချို့နိုင်ငံများကဲ့သို့ (၁၉)ရာစုနှောင်းပိုင်းမှစ၍ ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရသည်။

နှစ်ပေါင်းထောင်ချီ၍ အေးအတူပူအမျှ အတူတကွစုစည်းနေထိုင်လာခဲ့ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းပြည်ကို ချစ်မြတ်နိုးသော ပြင်းပြသည့်မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို သက်စွန့်ကြိုးပမ်း တွန်းလှန်တိုက်ထုတ်ခဲ့သည်။ စည်းလုံးညီညွတ်သော အမျိုးသားအားမာန်များဖြင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ယခုအခါ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် အခိုင်အမာစိုက်ထူနိုင်ခဲ့မှုနှင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ (၇၅) နှစ်မြောက် စိန်ရတုကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။

နှစ်ပေါင်းထောင်ချီကာ အစွန့်ရှည်တည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားခဲ့ရသည်မှာ ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် နှစ်ပေါင်းများစွာ၊ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် တိုင်းရင်းသားလူမျိုးအားလုံး ပိုင်ဆိုင်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးရသည်ထက် အခြားကြီးမားသည့် ဆုံးရှုံးမှုမရှိနိုင်သောကြောင့် ပြည်ထောင်စုကြီး အစွန့်ရှည်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် နိုင်ငံသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးပြန်လည်ရရှိပြီးနောက် နယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခဲ့မှု အကျိုးဆက်ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းအကြား ယုံကြည်မှုများလျော့နည်းခဲ့ပြီး သံသယစိတ်များရှိလာသောကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာကာ အဆိုးသံသရာတွင် နစ်မျောခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးကို ထိပါးလာခဲ့သည်။ ထိုအချိန်တွင် နိုင်ငံရေးအယူအဆနှင့် အာဃာတများကြီးမားမှုကြောင့် နိုင်ငံရေးအကွဲအပြဲများနှင့်ပဋိပက္ခများဖြစ်ပေါ်လာခဲ့သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်မပြုလုပ်နိုင်ဘဲ နိုင်ငံရေးဝဲဂယက်ထဲတွင် နစ်မျောနေရသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံဖြစ်လာခဲ့သည်။

မျက်မှောက်ကာလတွင်လည်း အဆိုပါပြဿနာများကို ဆက်လက်ဖြေရှင်းနေရဆဲဖြစ်၍ ပြည်ထောင်စုကြီး အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုင်းရင်းသားပြည်သူအားလုံး လွတ်လပ်ရေး၏ အသီးအပွင့်များကို အားလုံးတန်းတူ မျှဝေခံစားနိုင်ရန်အတွက် စည်းလုံးညီညွတ်မှုကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ အတိတ်က ကိုလိုနီလက်ဟောင်းများ၏ ဆိုးမွေများကို ဖြေရှင်းနေရသည့်ကာလတွင် မျက်မှောက်ကာလ၌ ကိုလိုနီလက်သစ်များ၏ ဩဇာခံနိုင်ငံဖြစ်အောင် သွေးခွဲနှောင့်ယှက်ဖျက်ဆီးမှုများလည်း သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ အတိတ်ကာလက ခါးသီးသောအတွေ့အကြုံများနှင့် မျက်မှောက်ကာလ တိုင်းပြည်ပြိုကွဲအောင် ဖန်တီးမှုများကိုဆင်ခြင်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာယဉ်ကျေးမှုတို့အပေါ် စောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်အဖြစ်ထမ်းရွက်ပြီး လွတ်လပ်ရေးကို ထာဝရတည်တံ့ခိုင်မြဲနေစေရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး“ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။




# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ကျိုင်းတုံမြို့နယ် အောင်စကြာတပ်ဦးကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို ယနေ့နံနက်ပိုင်းက ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်းရှိ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဆက်မြို့နယ်၊ မက်မန်းမြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅) နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) U-18(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေရာလုပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ Jeng Phang နော်တောင်၊ ဒေါက်တာဗညား အောင်မိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသန့်နှင့် ဇနီး၊ ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

U-18(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲကို ဝဏ္ဏသိဒ္ဓိ ဘောလုံးကစားကွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး တတိယရရှိခဲ့သည်။

ဒီဇင်ဘာ ၁၉ ရက်တွင် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း၌ မွန်းလွဲ ၃ နာရီမှ စတင်၍ U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ဘောလုံး အားကစားနည်းကို စိတ်ပါဝင်စားသည့် အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝိုင်းမော်မြို့နယ် နောင်တာလောရေလယ်ကျွန်းပေါ်တွင် မလိခသဲသောင်ပြင် ကမ်းခြေငယ်အပန်းဖြေစခန်း ဖွင့်လှစ်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၈**



ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ သဘာဝတောတောင်ရေမြေကို အခြေခံသည့်ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာအုပ်စုပိုင် ဧရာဝတီမြစ်အတွင်းရှိ နောင်တာလော ရေလယ်ကျွန်းပေါ်တွင် ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်နယ်ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မလိခသဲသောင်ပြင်ကမ်းခြေငယ် အပန်းဖြေစခန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်းရှိ ရေမြေတောတောင် သဘာဝအလှတရားများကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းအဖွဲ့အသီးသီးနှင့် လုပ်ငန်းရှင်များအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အလားတူ ယခုလို ခရီးစဉ်ဒေသအသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ကာ သန့်ရှင်းသာယာပြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သဲသောင်ပြင်ကမ်းခြေငယ် အပန်းဖြေစခန်းဖွင့်ပွဲအတွက် သိက္ခာတော်ရဆရာတော် ဂျီဖုံးချန်းက ဆုတောင်းဆက်ကပ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်ဦးနှင့် ပြည်နယ်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတူးခေါင်တို့က မလိခသဲသောင်ပြင် ကမ်းခြေငယ်အပန်းဖြေစခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မလိခသဲသောင်ပြင် ကမ်းခြေငယ်အပန်းဖြေစခန်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သဲသောင်ပြင်ကမ်းခြေငယ်အပန်းဖြေစခန်း၌ ရိုးရာစားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ သဲသောင်ပြင်ပေါ် ရောင်စုံထီးများ၊ အပန်းဖြေတဲငယ်များ၊ ပန်းအလှများဖြင့် အလှဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Sport Zone အတွင်း သဲသောင်ပြင်ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ အပျော်တမ်းမြားပစ်ခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ ဘောလုံးတာယာကွင်းကန်သွင်းခြင်းနှင့် ခြင်းလုံးဖြင့် သံဘူးပေါက်ကစားနည်း၊ သဲသောင်ပြင်လေးဘီးဆိုင်ကယ်စီးခြင်းတို့ကို လည်းကောင်း အပန်းဖြေလာရောက်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သဲသောင်ပြင်ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများအား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သဲသောင်ပြင်ပေါ်တွင် မနောကွင်းပုံစံတူ မနောကွင်းအတွင်း၌ ဖွင့်ပွဲအထိမ်းအမှတ် လာရောက်လည်ပတ် အပန်းဖြေသူများနှင့်အတူ မနောအကကို တပျော်တပါး စုပေါင်းကပြခဲ့ကြပြီး ဧရာဝတီမြစ်ကမ်းတစ်လျှောက် အမြန်စီးရေယာဉ်များဖြင့် ရေလယ်ကျွန်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မလိခသဲသောင်ပြင် ကမ်းခြေငယ်အပန်းဖြေစခန်းကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး မြစ်ကြီးနားမြို့ ကချင်စုရပ်ကွက် လဖစက်လှေဆိပ်မှတစ်ဆင့် စက်လှေအသင်းနှင့် ချိတ်ဆက်ထားပြီး ရေလယ်အပန်းဖြေစခန်းသို့ အသွား/အပြန် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ကျသင့်မည်ဖြစ်ကြောင်း ပြည်နယ်ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိရေးအတွက် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ကာဗွန်မျှခြေရရှိရေးဆိုင်ရာ ခိုင်မာသည့်မူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အစိုးရအဖွဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. TSE Chin-wan ၏ ဖိတ်ကြားချက်အရ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ Hong Kong Convention and Exhibition Centre ၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် ၂၀၂၂ ခုနှစ် Eco Expo Asia သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဒီဇင်ဘာ ၁၄ ရက်တွင် Eco Expo Asia ဖွင့်ပွဲအခမ်းအနားကို Hong Kong Convention and Exhibition Centre ၌ကျင်းပခဲ့ရာ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရအဖွဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. TSE Chin-wan နှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က ဖွင့်လှစ်ပေးခဲ့ပြီး အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အာရှဒေသတွင်း နိုင်ငံများနည်းတူ ဂေဟစနစ်အခြေပြုဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများစွာရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်နိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့်အတူ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိရေးအတွက် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ကာဗွန်မျှခြေရရှိရေးဆိုင်ရာ ခိုင်မာသည့်မူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပါရီ သဘောတူညီချက်အရ "အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်း အစီအစဉ် (NDCs)" ကို



၂၀၂၁ ခုနှစ်တွင်တင်ပြခဲ့ပြီး ၂၀၃၀ ပြည့်နှစ် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်များ ရရှိရေးအတွက် သဘာဝအခြေပြုဖြေရှင်းနည်းလမ်းများ (Nature Based Solutions)ဖြစ်သည့် အမြဲတမ်းသစ်တောနယ်မြေများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ သစ်တောစိုက်ခင်းများ တိုးမြှင့်တည်ထောင်လျက်ရှိကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် အစိမ်းရောင်ဖွံ့ဖြိုးရေး ကမ်ပိန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်ကို ရေးဆွဲထားရှိပြီး သန့်ရှင်းသောစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး၊ အမှိုက်မှစွမ်းအင်ထုတ်လုပ်ရေးနှင့် အစိမ်းရောင် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များဖြင့် အမြဲပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဧည့်သည်တော်များ၊ သံတမန်များနှင့်အတူ အစိမ်းရောင်အခြေပြုစီမံကိန်းပြခန်းများ၊ ဂေဟစနစ်နှင့် လိုက်လျောညီထွေသည့် ထုတ်ကုန်များဆိုင်ရာပြခန်းများ၊ လေအရည်အသွေး သန့်စင်ပေးခြင်းဆိုင်ရာ ပြခန်းများ၊ အမှိုက်များပြန်လည်သန့်စင်ခြင်းနှင့် စွမ်းအင်ထုတ်လုပ်ခြင်းဆိုင်ရာပြခန်းများ၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများ အခြေပြုစွမ်းအင်ထုတ်လုပ်မှုဆိုင်ရာပြခန်းများ၊ အစိမ်းရောင် အဆောက်အဦများ ဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ အစိမ်းရောင် ပို့ဆောင်ဆက်သွယ်ရေးဖြစ်သည့် လျှပ်စစ်ကား၊ လျှပ်စစ်နှင့် ဓာတ်ငွေ့သုံး Hybrid ကားနှင့် ဟိုက်ဒရိုဂျင်လောင်စာသုံးကားများဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရအဖွဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. TSE Chin-wan နှင့် တွေ့ဆုံ၍ ဟောင်ကောင်၏ ၂၀၅၀ ပြည့်နှစ် ကာဗွန်မျှခြေရရှိရေးဆိုင်ရာ ရည်မှန်းချက်ပြည့်မီရေးအတွက် ကာဗွန်ကင်းစင်သည့် လျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍ၊ အစိမ်းရောင် အဆောက်အဦများဖွံ့ဖြိုးရေးနှင့် စွမ်းအင်ချွေတာရေးကဏ္ဍ၊ အစိမ်းရောင်သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် စွန့်ပစ်အမှိုက်လျှော့ချရေးကဏ္ဍ စသည့် ဦးစားပေးနယ်ပယ် လေးခုတွင် ဆောင်ရွက်နေမှုကိုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်တွင် ဟောင်ကောင်မြန်မာကုန်သည်ကြီးများအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဒီဇင်ဘာ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကာဗွန်မျှခြေရရှိရေးနှင့် ပတ်လည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိမ်းရောင်အဆောက်အဦများ ဖွံ့ဖြိုးရေးနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာ၊ ကာဗွန်ဈေးကွက်ဖွံ့ဖြိုးရေးဆိုင်ရာနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်အခြေပြုပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

## အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ (၁၅)ကြိမ်မြောက်ပန်းပွဲတော် "Blooming Fantasy 2022" ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အမျိုးသား ကန်တော်ကြီး ဥယျာဉ်(ပြင်ဦးလွင်)၏ (၁၅) ကြိမ်မြောက် ပန်းပွဲတော် "Blooming Fantasy 2022" ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဥယျာဉ်သို့လာရောက်အပန်းဖြေကြသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ပန်းပွဲတော် ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် Orchestra အဖွဲ့မှ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၏ ဘင်ခရာနှင့် အကအဖွဲ့တို့၏ တီးမှုတ်သီဆိုကပြဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်ကို ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ကိုဗစ်ကာလများကြောင့် ရပ်နားခဲ့ရသော်လည်း ယခုနှစ်တွင် ပြန်လည်စတင်ကာ ယခင်နှစ်များနှင့်မတူ ထိုင်းနိုင်ငံမှ အထင်ကရ ပန်းအနုပညာရှင် Mr. Joe "Rain Forest Thailand" မှ အသစ်ပုံဖော်ထားသည့် Landscape များတွင် ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ရာသီပန်းမျိုးစုံတို့ကိုပေါင်းစပ်ကာ ဇုန်အလိုက် ခင်းကျင်းပြသထားကြောင်း၊ ပွဲတော်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများ၊ ပန်းဥယျာဉ် ဈေးပွဲတော်များ၊ ပြင်ဦးလွင် ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့်အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။



**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၄၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၄၁၅ ကျပ်ဖြစ်သည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မဇ္ဈိမာလင်္ကာရ သာမဏေကျော်စာမေးပွဲဖြေဆိုသည့် သံဃာတော်များ၊ သာမဏေကျော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**နေပြည်တော် ဒီဇင်ဘာ ၁၈**

မဇ္ဈိမာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုသည့်သံဃာတော်များ၊သာမဏေကျော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာ မဇ္ဈိမဂုဏ်ရောင် မုဒ္ဒံမောင်မောင် မဟာဓမ္မဗိမာန်တော်ကြီး၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးများ၏ ပဓာနနာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာစည်နာယက ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ အမှူးပြုသော သံဃာတော်များ၊ စာဖြေသာမဏေကျော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အားကစားပွဲတော် ဖွင့်လှစ်

**တာချီလိတ် ဒီဇင်ဘာ ၁၈**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို လူမှုရေးဦးတည်ချက်ထားရှိ ဖော်ဆောင်လျက်ရှိပြီး အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Township Sports Development Program –TSDP) အားကစားပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက တာချီလိတ်မြို့ မြို့မအားကစားကွင်း ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကျန်းမာကြံ့ခိုင်ရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ သက်တမ်းစေ့ နေထိုင်နိုင်ရန် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု မဖြစ်မနေ ပြုလုပ်ရန်လိုအပ်ကြောင်း၊ ယနေ့နိုင်ငံတော်က မြန်မာ့အားကစားကို နိုင်ငံတကာအဆင့်မီတက်လှမ်းနိုင်ရန် ရည်ရွယ်ပြီး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မျိုးဆက်သစ်လူငယ် အားကစားသမားများ စုဆောင်းရရှိရေးသည် အဓိက အရေးအကြီးဆုံးအချက်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း အားကစားကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ရှမ်းပြည်နယ်အတွင်းမှ အားကစားသမားများ အချင်းချင်း ပိုမိုရင်းနှီးကျွမ်းဝင်လာစေရေးနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များ လေ့လာဖလှယ်နိုင်ရေးတို့ကို ရည်ရွယ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် မြို့နယ်များကို ရွေးချယ်ပြီး TSDP အားကစားပွဲတော်များ ဆောင်ရွက်ပေးလျက်ရှိရာ တာချီလိတ်မြို့နယ်အနေဖြင့် မိမိတို့မြို့နယ်က အားသာမှုရှိသည့်ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်၊စနူကာ၊မီနီမာရသွန်၊ပိုက်ကျော်ခြင်းစသည့် အားကစားနည်းရှစ်မျိုးကို ကျင်းပခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ဘောလုံးအသင်း ၂၁ သင်း၊ ဘော်လီဘောပြိုင်ပွဲဝင်အသင်းလေးသင်း၊ပိုက်ကျော်ခြင်းပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင် ၄၄ ဦး၊ ကြက်တောင်ပြိုင်ပွဲဝင် ၆၆ ဦး၊ စစ်တုရင်ပြိုင်ပွဲဝင် ၂၉ ဦး၊ စနူကာပြိုင်ပွဲဝင် ၂၈ ဦး မီနီမာရသွန်ပြိုင်ပွဲဝင် ၄၃၀ စုစုပေါင်း ၁၂၆၇ ဦး စိတ်ပါဝင်စားစွာ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။



ဆက်လက်၍ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်အားပေးစကားပြောကာ တာချီလိတ် အထက(ခွဲ)နားအွန်ကျောင်းမှ Fitness Dance အကဖြင့်လည်းကောင်း၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက လည်းကောင်း တင်ဆက်ကပြဖျော်ဖြေကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာချီလိတ်ခရိုင်နှင့်မြို့နယ်များသို့ အားကစားပစ္စည်းများနှင့် ကပြဖျော်ဖြေပေးသော အထက(ခွဲ)နားအွန်နှင့် ယဉ်ကျေးမှုအကအဖွဲ့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။

ယင်းနောက် ဘောလုံးပွဲပထမပွဲစဉ်အဖြစ် ပုန်းထွန်ရပ်ကွက်အသင်းနှင့် ကျိုင်းလပ်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မိုးနဲ ဒီဇင်ဘာ ၁၈**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဒီဇင်ဘာ အားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၆၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲစုရပ်ဖြစ်သည့် မိုးနဲမြို့ ဟော်ဝင်းရှေ့မှ မောက်မယ်လမ်းအတိုင်း ၊ထိုမှတစ်ဆင့် အရှေ့မြို့ပတ်လမ်းမှ မြို့နယ်ပြည်သူ့အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးဆောင်၍ ကိုယ်လက်လှုပ်ရှား အားကစား ကာယလေ့ကျင့်ခန်းများ ၊Fitness Dance များကို တေးသီချင်းနှင့်အတူ ပျော်ရွှင်စွာစုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် ခရစ္စမတ်အကြိုဆုတောင်းပွဲအခမ်းအနား ကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၁၈**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် ခရစ္စမတ်အကြိုဆုတောင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားကို အဖွင့်ဆုတောင်းမေတ္တာဖြင့်စတင်ခဲ့ပြီး ကယားပြည်နယ် ဝန်ကြီးချုပ်က ခရစ္စမတ်အကြို နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဒီဇင်ဘာလသည်ခရစ်ယာန်ဘာသာဝင်များအတွက် အထွတ်အမြတ်ထားရာ ခရစ္စမတ်အခါသမယဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိ ခရစ်ယာန်ဘာသာဝင်များ သာမက ပြည်နယ်သူ ပြည်နယ်သားအားလုံး ခရစ္စမတ်ကာလတွင် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်းနှင့် မကြာမီကျရောက်မည့် နှစ်သစ်အခါသမယကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြပါစေကြောင်း၊ သက်ဆိုင်ရာဘာသာတရားများ၏ အဆုံးအမများနှင့်အညီ ပြည်နယ်ကောင်းကျိုးကိုရှေးရှု၍ စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အေးချမ်း သာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်နယ်သူပြည်နယ်သားအားလုံးက ကဏ္ဍအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ခရစ္စမတ်၏ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်းချမ်းခြင်းများနှင့်အတူ ခရစ်တော်၏ မွေးနေ့(ခရစ္စမတ်)ကို ကြိုဆိုနိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ခရစ်ယာန်ဘာသာဝင်အားလုံးက ဂုဏ်တော် ချီးမွမ်းခြင်းအစီအစဉ်ကို ဆောင်ရွက်ကြပြီး ကယားဖူးသာသနာမှ ဆရာတော်မင်းလွင်က တရားဒေသနာတော်ဝေငှ၍ အထူးဆုတောင်း ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဆရာတော်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ခရစ်ယာန်ဘာသာဝင် ဝန်ထမ်းများအား ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် လွိုင်ကော်ကက်သလစ်သာသနာ ဘုန်းတော်ကြီး ချဲလ်ဆိုဘရွှေက ဓမ္မသီချင်းသီဆိုကာ ကောင်းချီးမင်္ဂလာပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပု လား ပ လား၊ ခွဲခြားသိတဲ့ ပညာ

ဗညားကျန်းထော

ရန်ကုန်တက္ကသိုလ်မှာ လွတ်လပ်ရေးမရခင်က ဒီဂရီကောလိပ်ပေါ့။ နောက်တော့ ရန်ကုန်တက္ကသိုလ် ဖြစ်ပေါ်လာတဲ့အခါ အင်္ဂလိပ်မျက်နှာဖြူ ပရော်ဖက်ဆာ၊ လက်ချာရာတွေချည်းပါပဲ။ အိန္ဒိယတိုင်းရင်းသားအချို့လည်း ပါတာပေါ့။ တက္ကသိုလ်မြန်မာစာဌာနဆိုတာ မရှိသေးပါ။ ရန်ကုန်တက္ကသိုလ်မှာ မြန်မာလူမျိုး ဆရာ ဆရာမဆိုတာလည်း မရှိသလောက်ပါပဲ။ တဖြည်းဖြည်းနဲ့ တစ်ယောက်၊ နှစ်ယောက် နိုင်ငံခြားအင်္ဂလန်ပြန်တွေ ရောက်လာကြပါတယ်။ ဆရာကြီး ဦးဖေမောင်တင်ကတော့ အင်္ဂလန်က မဟာဝိဇ္ဇာဘွဲ့ရခဲ့ပြီး ပြန်လာတဲ့အခါ အရှေ့တိုင်း ပညာပါမောက္ခ၊ ထိုမှတစ်ဆင့် ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီးအဖြစ် ရွေးချယ်တာဝန်ပေးခြင်းခံခဲ့ရပါတယ်။

မြန်မာစာဌာန ပေါ်လာတယ်။ မြန်မာစာကို တက္ကသိုလ်အဆင့်သင်ကြားဖို့ စီမံဆောင်ရွက်ကြပါတယ်။ ယခု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အဆောင်၊ တောင်ငူဆောင်နောက်က မြက်ခင်းပြင်မှာ ဆရာကြီးဦးဖေမောင်တင်ရဲ့ ကြေးရုပ်တုတွေ့မြင်ကြရပါလိမ့်မယ်။ မြန်မာထဲက ပထမပါမောက္ခချုပ်၊ ပါမောက္ခပုဂ္ဂိုလ်။

ဆရာကြီး ဦးဖေမောင်တင်အကြောင်း စာရေးဆရာမလေးလုံက အတ္ထုပ္ပတ္တိ အပြည့်အစုံရေးသားခဲ့ပါတယ်။ ဝတ္ထုသဖွယ် ဖတ်ချင်စရာကောင်းအောင်နဲ့ အချက်အလက်အကြောင်းအရာ တိကျပြည့်စုံအောင် ဆရာကြီး မကွယ်လွန်မီ အကြိမ်ကြိမ်တွေ့ဆုံမေးမြန်းပြီး ဆရာမက ကြိုးကြိုးစားစား ပြုစုခဲ့ရှာပါတယ်။ မလေးလုံဟာ အောင်မြင်ထင်ရှားတဲ့ စာရေးဆရာမတစ်ဦးပါ။ လုံမလေးဆိုတဲ့ မဂ္ဂဇင်းကိုလည်း ၁၉၈၄ ခုနှစ်ကနေ ဆယ့်လေးငါးနှစ်လောက် အယ်ဒီတာလုပ်ပြီး ထုတ်ဝေခဲ့သူပါ။

**"ဦးဖေမောင်တင် သို့မဟုတ် ဘသက်ရှည်"**

ဆရာကြီး ဦးဖေမောင်တင်ရဲ့ လုပ်ဆောင်ချက်တွေ၊ ဂုဏ်ကျေးဇူးကြီးမားပုံတွေကို ဆရာကြီးရုပ်တုဖွင့်ပွဲမှာ ပါမောက္ခ ဒေါက်တာ ဦးခင်အေး၊ ပါမောက္ခ ဒေါက်တာ အောင်မြင့်ဦး အစရှိတဲ့ ပညာရှိ ပညာရှင်တွေက အမှတ်တရစာတမ်းတွေ ဖတ်ကြားဂုဏ်ပြုခဲ့ကြပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာဖြစ်စေ၊ တက္ကသိုလ်များ စာကြည့်တိုက်မှာဖြစ်စေ စုစည်းပုံနှိပ်ထားတဲ့ အဲဒီစာအုပ်ကို အခါအခွင့်သင့်ရင် ရှာဖွေလေ့လာဖတ်ရှုစေချင်ပါတယ်။

ဆရာကြီး ဦးဖေမောင်တင် သင်ကြားပြုစုခဲ့တဲ့ တပည့်တွေဟာ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မြကေတု၊ ကုသ၊ ဦးမောင်မောင်ကြီး အစရှိသဖြင့် ပညာရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ အင်မတန်ပဲ ကြီးကျယ်ခမ်းနားတဲ့ ပါမောက္ခ၊ စာရေးဆရာ၊ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်လာစေခဲ့ပါတယ်။ ဦးဖေမောင်တင်ရဲ့ ခံယူချက်သဘောထားက "တပည့်ဟာ ဆရာထက် ပိုတော်ရမယ်" ဆိုတဲ့ စေတနာလမ်းညွှန်ချက်ပါ။ သူ့တပည့်တွေကို သူ့ထက်သာအောင် ပခုံးပေါ်တက်ရပ်ကြဖို့ တွန်းတင်ပေးတဲ့ဆရာ။ တပည့်တွေက ဆရာ့ထက် ပိုပြီးလက်စောင်းထက်မှသာ ပညာအဆင့်အတန်း မြင့်သထက်မြင့်ပြီး တိုင်းပြည်နဲ့ လူမျိုးကိုလည်း ကောင်းကျိုး ပိုလို့ပိုလို့ ပြုနိုင်ကြပေမှာပေါ့။

ဆရာ့စေတနာ ဆရာ့ဆန္ဒကို တပည့်တွေက သိထားတော့ ယခင်ထက် ပို၍ပို၍ ကြိုးစားအားထုတ်ကြရပါတယ်။ တကယ်တော့ ပညာဆိုတာ ရှာဖွေလေလေ တွေ့ရှိလေလေ၊ သိလာလေလေ သိစရာတွေရှိနေသေးတာ ပိုသိလေလေ။ တိုးပြီး ကြိုးစားဆည်းပူး ဖန်တီးကြရလေလေ။ လူ့အဖွဲ့အစည်းဟာ ပိုမိုဖွံ့ဖြိုး၊ ပိုမိုတိုးတက်၊ ပိုမိုသာယာ၊ ပိုမိုအေးချမ်းကြည်သာ၊ ပိုမိုစိမ်းလန်းလှပ။ လူ့လောကဟာ နေချင်စဖွယ်ကောင်းတဲ့ အနာဂတ်အဖြစ် ဖန်တီးနိုင်ပေမယ်။

၁၈ ရာစုမှာ ဥရောပစက်မှုတော်လှန်ရေးကနေ ကမ္ဘာ့နိုင်ငံရေး အခြေအနေဟာ နယ်ချဲ့ကိုလိုနီခေတ်၊ အရင်းရှင်ကိုလိုနီခေတ်၊ အရင်းရှင်နိုင်ငံအချင်းချင်း နယ်ချဲ့ရင်း၊ လက်ဦးအောင် စားကျက်လုယက်ရင်း ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ကြီးတွေဖြစ်။ စစ်အေးတိုက်ပွဲဆက်ဖြစ်၊ အရင်းရှင်စနစ်နဲ့ လက်ဝဲကွန်မြူနစ်ဝါဒ အားပြိုင်တင်းမာ၊ အုပ်စုတွေ အပြိုင်အဆိုင်ဖွဲ့ပြီး ကုန်သွယ်ရေးစစ်၊ သံတမန်ရေးစစ်၊ စီးပွားရေးစစ်၊ အပြန်အလှန် ပိတ်ဆို့တားဆီး၊ နှောင့်ယှက်၊ ဖျက်ဆီး၊ လက်ဝေခံရုပ်သေးအစိုးရမွေးပြီး ဩဇာလွှမ်းဖို့ ကြိုးစားနေကြတဲ့ စစ်အေးလွန်၊ နည်းပညာအားပြိုင်တဲ့ခေတ် ရောက်လာကြ။

> **"အမှန်တော့ လူတော် လူမွန် လူချွန်တွေမွေးဖို့က အရေးကြီးဆုံး၊ တစ်နှစ်ထက်တစ်နှစ်။ တစ်ခေတ်ထက်တစ်ခေတ်။ တိုးတက်အောင်ဆိုတာ နောက်တက်လာတဲ့ မျိုးဆက်သစ်တွေကို ဦးစားပေးအလေးထားပြီး မွေးမြူပျိုးထောင်ကြရမှာပါ။ လူငယ်တွေတက်လူတွေ တော်အောင်ကောင်းအောင် ဆရာမိဘတွေက ဂရုတစိုက်ကြိုးစားရသလိုပဲ နိုင်ငံနဲ့လူမျိုးအပေါ် လွှမ်းမိုးအနိုင်ကျင့်ချင်ကြတဲ့ အနီးရန်သူ၊ အဝေးရန်သူ (သူလည်း သူ့နိုင်ငံရဲ့ အကျိုးစီးပွား အဓိကထားပြီး) ခိုးချင်သူ၊ လုချင်သူ၊ သိမ်းယူချင်သူတွေက စစ်မျက်နှာအမျိုးမျိုးဖွင့်ပြီး နာလန်မထူအောင် လဲကျပြိုကွဲသွားအောင် အားသွန်ခွန်စိုက်လုပ်ဆောင်နေကြတာကို မြင်အောင်ကြည့်ပြီး သိအောင် လေ့လာကြရပါမယ်"**

ဘက်စုံစစ်ပွဲ။ အရေးကြီးတာက ခေတ်မီတိုးတက်ကြဖို့ရာ ပညာသာအဓိကပါပဲ။ ပညာခေတ်နောက်ကျခဲ့ရင် ကိုယ့်ထက် ဘက်ပေါင်းစုံက သာလွန်သူတွေရဲ့ အနိုင်ကျင့်စော်ကားမှု၊ ဖိနှိပ်မှု၊ ဝိုင်းပယ်မှု၊ ဗိုလ်ကျမှု၊ ဒါကို အလိုက်အထိုက် အလျှော့ပေးရမှုတွေရှိနေပေမယ်။ အားမတန်ရင် မာန်ကို လျှော့ရပေလိမ့်မယ်။

ဒီလိုမျိုး အောက်တန်းနောက်တန်း မကျစေရအောင်က ပညာရေးလောကနယ်ပယ်ကို တန်ဖိုးထားကြရမယ်။ အလေးထားကြရပေလိမ့်မယ်။ ဆရာ့ထက်တော်တဲ့ တပည့်တွေကို ဌာနပေါင်းစုံ၊ ပညာရပ်ပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံက လေ့ကျင့်ပျိုးထောင်မွေးမြူပေးကြရပေမယ်။

ကြက်မွေးတာလည်း ကောင်းပါတယ်။

ဝက်မွေးတာလည်း ငွေစုမိပါတယ်။

နွားမွေးမွေး၊ ဆိတ်မွေးမွေး မြတ်တာပါပဲ။

အမှန်တော့ လူတော် လူမွန် လူချွန်တွေမွေးဖို့က အရေးကြီးဆုံး၊ တစ်နှစ်ထက်တစ်နှစ်။ တစ်ခေတ်ထက်တစ်ခေတ်။ တိုးတက်အောင်ဆိုတာ နောက်တက်လာတဲ့ မျိုးဆက်သစ်တွေကို ဦးစားပေးအလေးထားပြီး မွေးမြူပျိုးထောင်ကြရမှာပါ။ လူငယ်တွေတက်လူတွေ တော်အောင် ကောင်းအောင် ဆရာမိဘတွေက ဂရုတစိုက်ကြိုးစားရသလိုပဲ နိုင်ငံနဲ့လူမျိုးအပေါ် လွှမ်းမိုးအနိုင်ကျင့်ချင်ကြတဲ့ အနီးရန်သူ၊ အဝေးရန်သူ (သူလည်း သူ့နိုင်ငံရဲ့ အကျိုးစီးပွား အဓိကထားပြီး) ခိုးချင်သူ၊ လုချင်သူ၊ သိမ်းယူချင်သူတွေက စစ်မျက်နှာအမျိုးမျိုးဖွင့်ပြီး နာလန်မထူအောင် လဲကျပြိုကွဲသွားအောင် အားသွန်ခွန်စိုက် လုပ်ဆောင်နေကြတာကို မြင်အောင်ကြည့်ပြီး သိအောင်လေ့လာကြရပါမယ်။ မိုက်မဲသူအချို့က သူခိုးကို ဓားရိုးကမ်းတယ်။

ဘယ်နိုင်ငံ၊ ဘယ်သံရုံးက၊ ဘယ်ကွင်းဆက်တွေနဲ့ မြန်မာတိုင်းရင်းသား လူငယ်တွေအပေါ်မှာ ပညာရေးကို စိတ်မဝင်စားအောင်၊ အားကစားကို စိတ်မပါအောင်၊ မျိုးချစ်စိတ် ခန်းခြောက်အောင်၊ တိုင်းရင်းသားချစ်ခင်စည်းလုံးမှုကို ပြိုကွဲမုန်းတီးအောင် နည်းမျိုးစုံနဲ့ သပ်လျှိုသွေးခွဲကုန်းချောစကားတွေ နားသွင်းနေကြဆဲပါပဲ။ နိုင်ငံနဲ့ လူမျိုးရဲ့ အန္တရာယ်ဟာ အဝေးမှာလည်း ရှိနေတယ်။ အနီးမှာလည်း ပုံဖျက်ရုပ်ပြောင်းအသွင်ယူပြီး ချဉ်းကပ်နှောင့်ယှက်နေကြတယ်။ အမှန်ကို အမှားထင်၊ အဆိုးကို အကောင်းမှတ်။ တလွဲတချော် တွေးခေါ်၊ မဟုတ်တာကို ဟုတ်ယောင်ထင်စေဖို့ရာ ပူးကပ်ပြီး ဒုက္ခပေးနေတာတွေရှိနေကြတယ်။

**ပန်းတိုင်ပျောက်အောင် နှောင့်ယှက်တယ်လေ။**

CDM ယခင်က မရှိခဲ့တဲ့ မှိုင်းတိုက်မှု။ Civil Disobedience Movement တဲ့။ နိုင်ငံတော်အစိုးရက လေ့ကျင့်ပျိုးထောင်ပြီး ပြည်သူတွေအတွက် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုတွေ တာဝန်ယူနေကြရတဲ့ ဆရာ ဆရာမတွေ၊ ဆရာဝန်၊ သူနာပြုတွေများစွာကို ၂၀၂၁ ခုနှစ်ထဲမှာ စာသင်ခန်းထဲက တပည့်စာသင်သား ကျောင်းသားကျောင်းသူတွေ ပစ်ထားခဲ့ရက်အောင် သွေးထိုးလှုံ့ဆော်နိုင်သွားတယ်။

ရောဂါအမျိုးမျိုး၊ ဝေဒနာအထွေထွေနဲ့ ဆေးရုံဆေးခန်းမှာ ရောက်ရှိနေကြတဲ့ လူနာတွေ၊ မွေးလူနာတွေ၊ ကလေးလူနာတွေ၊ သေလုမြောပါး လူအိုလူနာတွေ အားလုံးကို(သမားကျင့်ဝတ်သစ္စာတရားကို ချိုးဖောက်ကာ) မိမိတာဝန်မှစွန့်ခွာပြီး ပျက်ကွက်ရက်အောင် အရှက်အကြောက် ကင်းမဲ့သွားအောင် မှိုင်းတိုက်နိုင်ခဲ့ကြတယ်။ ကြေကွဲစရာ သင်ခန်းစာများ။

**ဒါဟာ တရားသလား။ မတရားဘူးလား။**

ဒါမျိုးဟာ လောကပါလတရားခမ္မနဲ့ ညီပါရဲ့လား။ မိမိကို ပြုစုထောက်ပံ့၊ ပျိုးထောင်ခဲ့တဲ့ မိဘဆရာအပါအဝင် ကျေးဇူးရှိသူ ကျေးဇူးမကင်းကြသူတွေကို ကျေးဇူးသိတတ် ကျေးဇူးဆပ်ရာရောက်ခဲ့ပါသလား။ ကျေးဇူးကန်းရာ ရောက်ခဲ့ပါသလား။

**ကိုယ်တိုင်စဉ်းစားသိမြင်နိုင်ရင် ကောင်းတာပေါ့။**

ရာထူးဘယ်လောက်မြင့်မြင့်၊ ပညာဘွဲ့အတန်းလက်မှတ်တွေ ဘယ်နှခုပဲ ရခဲ့ရခဲ့၊ ပုံမှန်အကြောင်းအကျိုး ဆင်ခြင်တုံတရား အသိဉာဏ် (Common Sence) နဲ့ စဉ်းစားရင်တောင် မလွဲမှားနိုင်တဲ့ လမ်းကြောင်းက သွေဖည်ပြီး ဘဝတစ်ခုလုံး ပြောင်းလဲရုံမက ပတ်ဝန်းကျင်ကိုပါ ပညာရေးလောက၊ ကျန်းမာရေးလောက ကျန်ရှိ ထမ်းဆောင်နေကြသူတွေပါ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး ဒုက္ခရောက်ကျန်ရစ်အောင် ပစ်ပယ်ဖျက်ဆီးခဲ့မိတာ။

အလွန်တရာ ရက်စက်မိုက်ရိုင်းတဲ့ ဝါဒမှိုင်းထိုးနှက်ချက်ကြောင့် လူငယ်လူရွယ် ဝန်ထမ်းကောင်း အညွန့်အဖူးလေးတွေဟာ ကျိုးကြေပြိုလဲခဲ့ရတယ်။ လူ့ရဲ့ခံယူချက်နဲ့ အသိအမြင်ကို လှည့်စားဝါးမျိုတဲ့ ဦးနှောက်ဆေးကြောခြင်း စိတ်ဓာတ်စစ်ဆင်ရေး(Brain Wash Psychological Warfare) ဆိုတာ ကြောက်စရာကောင်းလှတဲ့ အန္တရာယ်ဆိုတာ ကြီးမားတဲ့သင်ခန်းစာပဲပေါ့။

မိုးထဲ လေထဲ မုန်တိုင်းထဲက နိုင်ငံနဲ့လူမျိုးကို နစ်မွန်းပြိုလဲ မသွားရလေအောင် သာမန်အသိအမြင်နဲ့တင် ထင်ထင်ရှားရှား သိမြင်နားလည်ကြတဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ကျပန်းအလုပ်သမား၊ ဆင်းရဲသား၊ တက္ကသိုလ်ပညာ လုံးဝမသင်ခဲ့ရဖူးသူတွေက ကြံ့ကြံ့ခံ တွန်းလှန်ဖြတ်သန်းပြီး အောင်မြင်ခဲ့ကြတာ။

ပညာဆိုတာဘာလဲ၊ ပညာဆိုတာက အကြောင်းအကျိုး ဆက်စပ်စဉ်းစားတတ်ပြီး အမှန်အမှား၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့ အပြစ်၊ ကောင်းမှုနဲ့ မကောင်းမှု၊ ဝေဖန်ပိုင်းခြား ခွဲခြားသိမြင်ခြင်း မဟုတ်လား။

ထားကြပါစို့၊ ဘယ်သူမှတော့ အမှားမကင်းကြပါ။ ပုထုဇဉ်ဆိုတဲ့ လူသားတွေဟာ အမှားအမှန် မဝေခွဲနိုင်ဘဲ ရောထွေးတတ်တာ သဘာဝပါ။ ပြီးခဲ့တာတွေ ပြီးပါစေ။ သင်ခန်းစာ။ နောင်လာနောက်သား မျိုးဆက်သစ်လူငယ်တွေကိုတော့ ဘယ်အရာက ရန်သူ၊ ဘယ်အပြုအမူရှိသူတွေက မိတ်ဆွေ၊ ဘယ်အလုပ်ကို လုပ်မိရင်တော့ အကျိုးဆက်က ဘယ်လောက်အထိ ဆိုးရွားနစ်နာတယ်။ ဘဝ၊ အသက်ကို စွန့်ရရုံမက ဘဝအဆက်ဆက် အပါယ်လေးဘုံထဲမှာ နစ်မွန်းပြီး ဒုက္ခဝဲဩဃထဲ ကျရောက်ရမယ်ဆိုတဲ့ ပု နဲ့ ပ (ပုညကုသလ-ကောင်းမှုနဲ့ ပါပဒုစရိုက် - မကောင်းမှု။ ဘုမသိဘမသိလို့ ပြောလေ့ရှိကြတဲ့ ပု မှန်း ပ မှန်း ခွဲခြားတတ်ဖို့) သိသင့်ကြတယ်။

၂၁ ရာစုဟာ ပညာအလွန်မြင့်တဲ့ နိုင်ငံတကာအဆင့်မြင့်ပညာခေတ်ကြီးပါ။ ဘဝတစ်သက်တာလုံး မိမိဘဝ လူတစ်လုံး သူတစ်လုံး ဖြစ်ရဖို့အရေးဟာ ပညာကလွဲလို့ အားကိုးစရာမရှိဘူး။ ပညာဟာ ဘဝ၊ ဘဝက ပညာပဲ။ ပညာနဲ့ ကင်းကွာပြီး စိတ်ကူးယဉ် အိပ်မက်၊ ကြောင်စီစီအတွေးတွေနဲ့ စိတ်အလိုမလိုက်မိပါစေနဲ့ မောင်တို့မယ်တို့ရေ။ ပညာအစစ်အမှန် လက်ကိုင်ထား၍ ဆက်လက်ကြိုးစားပါလေ။ ။

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ (တတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးတို့၌ ကျင်းပကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်စဉ်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်း လမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တောင်ကြီးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ် အားကစားကွင်းများ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကိုတိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကိုတပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်အားကစားကွင်း၌ လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီးနှင့် တပ်နယ်အားကစားကွင်းတို့၌လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း အသီးသီး ကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်းလမ်းလျှောက်ကြစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ ဌာနများ၏ ဒီဇင်ဘာအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ ဌာနများမှ အရာရှိ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းလျှောက်ပွဲ

**(ဒိုးပတ်သံ)**

**ရောင်နီလာ နံနက်ခင်း**

**လေညင်းနဲ့ ငွေနှင်းဖြာ၊**

**ဆောင်းလရဲ့ သည်ချိန်ခါ၊**

**ပျော်ရွှင်စွာ ဆင်နွှဲ။**

**လန်းဆန်းလို့ ကြည်လင်စွာရယ်**

**ဒီဇင်ဘာ လမ်းလျှောက်တဲ့ပွဲ။**

**(သံချပ်)**

**စိန်...စိန်...စိန်လားမောင်တို့**

**မြ...မြ...မြလားမောင်တို့။**

**စိန်နဲ့မြနဲ့ နှစ်ဖြာညီ**

**လာပြီလာပြီ လမ်းလျှောက်တဲ့ပွဲ။**

**ဒီဇင်ဘာဆောင်း ငွေနှင်းမှုန်**

**လေညင်းသုန်သုန် မြောက်ပြန်လေဖြူး။**

**နေ့စဉ်နေ့တိုင်း လမ်းလျှောက်တာ**

**ရှင်လန်းကျန်းမာ အသက်ရှည်ဆေး။**

**လျှင်မြန်ဖျတ်လတ် အမောလုံ**

**ပြောတာမယုံ ကြုံဖူးမှသိ။**

**ပေါ့ပါးသွက်လက် ကိုယ်ခန္ဓာ**

**ကြံ့ခိုင်သန်မာ ပြည့်ဖြိုးခွန်အား။**

**ဟေ့...စိန်လား**

**ဟေ့...မြလား**

**ဟေ့လား...မောင်တို့ဝါး.....။ ။**

**ရေနံ့သာမောင်ကျော်ညွန့်**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီးလှိုင်းကြီးနိုင်သည်။အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာတို့၏ ရိုးရာအမွေအနှစ်တိုင်းရင်းဆေးပညာ တိမ်ကောပပျောက်မှုမရှိစေရေး နှီးနှောဖလှယ်

ဒေါက်တာစန်း(ဆေးဝါးဗေဒ)

**“ရှေးယခင်က ရိုးရာဆေးအစ်ထားရှိကြောင်း၊ ဆေးအမယ် ၂၄ မျိုးပါဝင်ကြောင်း၊ အဖြစ်များသောရောဂါဝေဒနာများအတွက် အဆိုပါဆေးအမယ်များကို လိုအပ်သလိုပေးကာ ကုသခဲ့ကြကြောင်းနှင့် ကုသနိုင်သောရောဂါများအကြောင်းကို တိုင်းရင်းဆေးပညာရှုထောင့်မှ ဖတ်ကြားတင်သွင်းသွားသည်ကို တွေ့ရသည်။ စာတမ်းတွင်ပါရှိသော ဆေးအမယ် ၂၄ မျိုးတွင် ဆေးအမယ် ၂၂ မျိုး ရယူထားသောဆေးဖက်ဝင်အပင်များ၏ မြန်မာအမည်နှင့်ယှဉ်တွဲလျက် သိပ္ပံအမည်များကို တိုက်ဆိုင်စစ်ဆေးရှာဖွေဖော်ပြထား”**

၂၀၁၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့ရာမှ ပြီးခဲ့သည့် ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် (၂၁)ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပနိုင်ခဲ့သည်။ အဆိုပါညီလာခံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဗီဒီယိုမက်ဆေ့ဖြင့် ဂုဏ်ပြုမိန့်ခွန်းပြောကြားခြင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တက်ရောက်အားပေးခဲ့ခြင်းတို့သည် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်နေခြင်း ပင်ဖြစ်သည်။

**စာတမ်းငါးစောင်ဖတ်ကြား**

အဆိုပါညီလာခံဒုတိယနေ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲနံနက်ပိုင်းတွင် ဒေါက်တာစန်းစန်းနွဲ့ (ပါမောက္ခချုပ်-ငြိမ်း၊ဆေးဝါးတက္ကသိုလ်-ရန်ကုန်)၊ ဦးသန်းညွန့်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန)၊ ဦးဝထွန်း (ဒုတိယပါမောက္ခချုပ်-ငြိမ်း၊ တိုင်းရင်းဆေးတက္ကသိုလ်) တို့က သဘာပတိအဖွဲ့အဖြစ် ဆောင်ရွက်ခဲ့ကြပြီး တိုင်းရင်းဆေးပညာရှင်များက စာတမ်းငါးစောင် တင်သွင်းဖတ်ကြားဆွေးနွေးခဲ့ကြသည်။

**ရိုးရာဆေးအစ်ဖြင့် လှည့်လည်အသုံးပြုကုသမှု** စာတမ်းကို ကြည်ဌေး၊ သက်နွယ်အေး၊ စွဲ့နွယ်နွယ်ကျော်တို့က တင်သွင်းပြီး တိုင်းရင်းဆေးပညာရှင်ဒေါ်ကြည်ဌေးက ၎င်းတို့အဖွဲ့ကိုယ်စား ဖတ်ကြားသွားသည်။ အဆိုပါစာတမ်းတွင် ရှေးယခင်က ရိုးရာဆေးအစ်ထားရှိကြောင်း၊ ဆေးအမယ် ၂၄ မျိုးပါဝင်ကြောင်း၊ အဖြစ်များသော ရောဂါဝေဒနာများအတွက် အဆိုပါဆေးအမယ်များကိုလိုအပ်သလိုပေးကာ ကုသခဲ့ကြကြောင်းနှင့် ကုသနိုင်သောရောဂါများအကြောင်းကို တိုင်းရင်းဆေးပညာရှုထောင့်မှ ဖတ်ကြားတင်သွင်းသွားသည်ကို တွေ့ရသည်။ စာတမ်းတွင်ပါရှိသော ဆေးအမယ် ၂၄ မျိုးတွင် ဆေးအမယ် ၂၂ မျိုး ရယူထားသောဆေးဖက်ဝင်အပင်များ၏ မြန်မာအမည်နှင့်ယှဉ်တွဲလျက် သိပ္ပံအမည်များကို တိုက်ဆိုင်စစ်ဆေးရှာဖွေဖော်ပြထားပြီး ဆေးအမယ်နှစ်မျိုး၏သိပ္ပံအမည်မှာ ရှာဖွေဆဲဟု ဖတ်ကြားသွားသည်။ ရိုးရာဆေးအစ်ထားရှိသည့် ဓလေ့ကို မပျောက်ပျက်စေရေးအတွက် ဤစာတမ်းသည် အရေးပါလှသည်။ အဆိုပါဆေးနည်းများမှာ ကချင်ပြည်နယ်တွင် အသုံးပြုသောဆေးနည်းများ ဖြစ်ကြသည်။

**ဖတ်ကြား**

**နက္ခတ္တနယဆေးပညာ ဝိုင်းဝန်းဖော်ထုတ်ထိန်းသိမ်းပါ**ဟူသောစာတမ်းကို ဒေါက်တာနွယ့်ဝင်း (ကထိက၊ ဌာနမှူး-ငြိမ်း၊ ခန္ဓာဗေဒဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်)က ဖတ်ကြားတင်သွင်းသွားသည်။ ပြီးခဲ့သည့်အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် နက္ခတ္တနယဆေးပညာဘက်စုံပြန်လည်ဖော်ထုတ်ရေး စာတမ်း တစ်စောင်ကို ဗဟိုတိုင်းရင်းဆေးဆရာအသင်းအနေဖြင့် ကိုယ်စားပြုတင်ပြခဲ့ကြောင်းနှင့် အဆိုပါညီလာခံက သဘောတူခဲ့ကြကြောင်း၊ တိုင်းရင်းဆေးပညာဘွဲ့ကြိုသင်တန်း တတိယနှစ်တွင် နက္ခတ္တနယဘာသာရပ်ကို သင်ကြားပါသော်လည်း ထပ်မံတိုးချဲ့သင်ကြားရန်လိုအပ်ကြောင်း၊ ဘွဲ့လွန်သင်တန်းတက်ရောက်သူများမှာ ဒေသနာနယနှင့် ဘေသဇ္ဇနယတို့ကိုဘွဲ့လွန်အထိ လေ့လာသင်ယူကြသော်လည်း နက္ခတ္တနယကိုမူ လေ့လာလိုက်စားသင်ယူသူမရှိခဲ့ကြောင်း၊ တိမ်မြုပ်ပျောက်ကွယ်မသွားရန်နှင့် မြန်မာ့ဆေးပညာအမွေအနှစ်အဖြစ် ထားရှိရန် ရည်ရွယ်ပါကြောင်းတို့ကို ဖတ်ကြားတင်ပြသွားသည်။ နက္ခတ္တနယကုထုံးဖြင့် ကုသမှုအတွေ့အကြုံများလည်း တင်ပြသွားသည်မှာ စိတ်ဝင်စားစရာကောင်းလှသည်။ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိန်းဇော်လင်းက ယခုနှစ်တွင် ဘွဲ့လွန်သင်တန်းသားတစ်ဦးက နက္ခတ္တနယဆေးပညာရပ်ဆိုင်ရာကို လေ့လာသင်ယူ သုတေသနပြုမည်ဖြစ်ကြောင်း ပြောဆိုဆွေးနွေးသွားသည်။

**ရှမ်းရိုးရာ ထယ်နင်း(ယိမ့်ထိုင်)အပူပေးကုသမှုကို ဖော်ထုတ်လေ့လာခြင်း**စာတမ်းကို စိုင်းလှထွန်း၊ နန်းဟွန်လှိုင်ထွန်း၊ မင်းဟန်၊ ရီရီစန်းတို့က တင်သွင်းပြီး ဦးမင်းဟန်က ဖတ်ကြားသွားသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသသည် ရှေးယခင်ကတည်းက ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့ကြောင်း၊ ရိုးရာဆေးဝါးများနှင့် ရိုးရာကုထုံးများလည်းရှိခဲ့ကြောင်း၊ အဆိုပါရိုးရာကုထုံးများထဲမှ ယိမ့်ထိုင်ဟုခေါ်သော ထယ်နင်းအပူပေးကုသမှုကို ရှမ်းတိုင်းရင်းဆေးဆရာကြီး ဦးစိုင်းလှထွန်းက ပညာသင်ယူဆက်ခံပြီးကုသပေးလျက်ရှိကြောင်း၊ ယိမ့်ထိုင်ခေါ် ထယ်နင်းကုသရာတွင် အသုံးပြုသောပစ္စည်းများနှင့် ဆေးဖက်ဝင်ပစ္စည်းများ၊ကုသရန်ပြင်ဆင်ပုံနှင့် ကုသပုံ၊ ကုသနိုင်သောရောဂါများကို ဖတ်ကြားပြီး ကုသပုံဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။ အဆိုပါကုထုံးကို ရှမ်းပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော တရုတ်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများတွင်လည်း အသုံးပြုကုသကြကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင် အဆိုပါကုထုံးကို ဆရာတော်နှစ်ပါးက အစဉ်အဆက်လက်ဆင့်ကမ်းသင်ကြားပေးခဲ့ကြကြောင်းနှင့် ရှမ်းရိုးရာကုထုံးအဖြစ် မှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်း ဖတ်ကြားတင်သွင်းသွားသည်။

**သွပ်ပြာစီရင်ခြင်းနှင့်သွပ်ပြာအသုံးပြုပုံများကို လေ့လာတင်ပြခြင်း**စာတမ်းကို ဦးသိန်းဇော်က တင်သွင်းဖတ်ကြားသည်။ မြန်မာ့တိုင်းရင်းဆေးပညာတွင် နယကြီးလေးပါးရှိရာ ဒေသနာနယနှင့် ဘေသဇ္ဇနယတို့မှာ တိုင်းရင်းဆေးပညာရှင်များ အများဆုံးအသုံးပြုကြသော နယကြီးနှစ်ပါးဖြစ်ကြောင်းနှင့် ကျန်နယကြီးနှစ်ပါးဖြစ်ကြသော နက္ခတ္တနယနှင့် ဝိဇ္ဇာဓရနယတို့မှာ တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်သွားမှာ စိုးရိမ်ရကြောင်း၊ ယခုအခါနိုင်ငံတော်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနက ဝိဇ္ဇာဓရပညာရပ်များကို မြှင့်တင်အားပေးသည့်အတွက် ဝမ်းမြောက်ရကြောင်းတို့ကို ရှေးဦးစွာပြောကြားပြီး သွပ်ပြာပြုလုပ်ပုံ၊ သွပ်ခဲတတ်ချို့တဲ့ခြင်း၊ သွပ်ပြာ၏ကျန်းမာရေးအကျိုးပြုပုံ၊ သွပ်ပြာအသုံးပြုကုသနိုင်သောရောဂါများနှင့် ကုသမှုနည်းလမ်းများကို ဖတ်ကြားတင်ပြသွားသည်။

**ဆေးဖက်ဝင်အပင် ၁၀ မျိုး**

**ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ ရွာများတွင် အသုံးပြုသော ဆေးဖက်ဝင်အပင်အချို့ကို လေ့လာခြင်း**စာတမ်းကို ဒေါက်တာသီသီထိုက်က ဖတ်ကြားသွားသည်။ ကရင်ပြည်နယ်ဖွဲ့ကပင်တောင် (ဘားအံမြို့နယ်)နှင့် ဖောင်တော်ဦးတောင် (လှိုင်းဘွဲ့မြို့နယ်)အနီးရှိ ကျေးရွာခုနစ်ရွာတို့တွင် လေ့လာခဲ့ကြောင်း၊ ထိုရွာများရှိဆေးဆရာများ၊ လူကြီးသူမများ၊ လယ်သမားများ၊ တောင်တက်သမားများနှင့် အိမ်ထောင်ရှင်အမျိုးသမီးများကို မေးမြန်းလေ့လာခဲ့ကြောင်း၊ အပင်များကိုလည်းစုဆောင်းယူဆောင်ခဲ့ကြောင်းနှင့် ကောက်ယူစုဆောင်းခဲ့သောအပင်များကို ဘားအံတက္ကသိုလ် ရုက္ခဗေဒဌာနတွင် စိစစ်မျိုးခွဲခဲ့ကြောင်းတို့ကို ရှင်းလင်းတင်ပြဖတ်ကြားသွားသည်။ အဆိုပါကောက်ယူစုဆောင်းခဲ့သော ဆေးဖက်ဝင်အပင် ၁၀ မျိုးတို့၏ မြန်မာအမည်၊ သိပ္ပံအမည်၊ မျိုးရင်းအုပ်စုအမည်၊ အပင်သရုပ်၊ အပင်၏ ဆေးဖက်ဝင်အစိတ်အပိုင်း၊ ဆေးဖက်အသုံးဝင်ပုံတို့ကို ပုံများနှင့်တကွ ဖော်ပြဖတ်ကြားသွားသည်။

ယခုနှစ် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကုထုံးများနှင့် ဆေးဖက်ဝင်အပင်များအကြောင်း စာတမ်းတင်သွင်းခြင်းနှင့် တိမ်မြုပ်ပျောက်ကွယ်လုနီးဖြစ်နေသော နက္ခတ္တနယနှင့် ဝိဇ္ဇာဓရနယတို့နှင့် သက်ဆိုင်သောစာတမ်းများ တင်သွင်းခြင်းတို့ကို ဖတ်ကြားဆွေးနွေးကြခြင်းသည် ထူးခြားကောင်းမွန်ပြီး မြန်မာ့တိုင်းရင်းဆေးကို မြန်မာတို့၏အမွေအနှစ်အဖြစ်ထိန်းသိမ်းမည်ဆိုသောညီလာခံအဆိုပြုချက်နှင့် ကိုက်ညီလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

---

## ✪ ပုသိမ်စက်မှုမြို့တော်မှ

ပြည်ပသို့ တင်ပို့နေသော မြန်မာ့ဆန်များ အရည်အသွေးပြည့်မီစေရန်နှင့် မြန်ဆန်စွာတင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရနှင့် ပို့ကုန်တင်ပို့နေသော ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ နိုဝင်ဘာ ၂ ရက်မှစ၍ တိုက်ရိုက်တင်ပို့သောစနစ်ဖြင့် တင်ပို့နိုင်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရှစ်စင်းမြောက်သင်္ဘောသည် ဆန်တန်ချိန် ၂၆၅၀ ကို တင်ဆောင်လျက်ရှိကာ ဒီဇင်ဘာ ၁၉ ရက်တွင် ထွက်ခွာနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G သဘောတူညီမှုအရ ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများနှင့် သီလဝါဆိပ်ကမ်းတို့မှ တင်ပို့လျက်ရှိသည့်နည်းတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်း (Ayeyarwaddy International Industrial Port)မှလည်း ပထမဆုံးအကြိမ်အဖြစ် ပြည်ပသို့ တိုက်ရိုက်တင်ပို့ခွင့်ရရှိခဲ့ရာ သင်္ဘောခုနစ်စင်းဖြင့် ဆန်တန်ချိန်ပေါင်း ၁၈၄၇၅ တန် တင်ပို့ထားပြီး ယခု ဆန်တန်ချိန် ၂၆၅၀ တင်ဆောင်နေသော MCL-7 သင်္ဘောဖြင့် တင်ပို့ပြီးပါက ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်ပေါင်း ၂၁၁၂၅ တန် တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။

“ဘင်္ဂလားဒေ့ရှ်ကိုပို့မယ့် ရှစ်စင်းမြောက် ဆန်သင်္ဘော ဒီနေ့မှာ ကျန်တဲ့ ၁၉၇ တန်ကို တင်ဆောင်နေတဲ့အတွက် မနက်ဖြန် ရေအလှည့်သင့်ရင် ထွက်ခွာဖို့ရှိပါတယ်။ ဒီသင်္ဘောနဲ့ ဆန်တန်ချိန် ၂၆၅၀ တင်ဆောင်သွားမှာဖြစ်တဲ့အတွက် တင်ပို့တဲ့တန်ချိန်အားလုံးပေါင်း ၂၁၁၂၅ တန်ရှိပြီလို့ ပြောရမှာပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်တင်ပို့ဖို့ ကနဦးလျာထားတာက ဆန်တန်ချိန် သုံးသောင်း ဖြစ်တဲ့အတွက် မကြာမီပြည့်မီတော့မှာပါ။ စာချုပ်စာတမ်းကိစ္စတွေ ကိုက်ညီမှုရှိမယ်ဆိုရင် ဆန်ဆက်လက်တင်ပို့ဖို့ရှိမယ်။ ရန်ကုန်ကနေမဟုတ်ဘဲ ပုသိမ်ကနေ တိုက်ရိုက်တင်ပို့ခွင့်ရတဲ့အတွက် ကုန်ကျစရိတ်သက်သာမှုဟာ နိုင်ငံတော်နဲ့ ကုန်သည်တွေအတွက် အကျိုးရှိခဲ့တယ်။ အထူးသဖြင့် စက်သုံးဆီနဲ့ ပို့ဆောင်စရိတ်သက်သာစေခဲ့ပြီးတော့ ဒီဒေသမှာအလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လန်းလာတဲ့အပြင် ပို့ကုန်လုပ်ငန်းရှင်တွေလည်း စီးပွားရေးအခွင့်အလမ်းတွေ ရရှိစေခဲ့ပါတယ်”



ဟုဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပသို့မြန်မာ့ဆန်များ တင်ပို့နိုင်ခြင်းကြောင့် စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ပသို့ပို့ကုန်များ မြန်ဆန်စွာစီးဆင်းနိုင်ရန် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ညီမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ - ကနူး

# ဘဝအနေကြာ ကျန်းမာဖို့ နေကြာဆီကို စနစ်တကျစားကြစို့

**ထက်ဝေအောင်(စစ်ကိုင်း)**



လူ့ဘဝတစ်လျှောက် သက်တမ်းရှည်ကြာနေထိုင်သွားနိုင်ရေး နေ့စဉ်စားသောက်မှုပုံစံမှန်ကန်ရန် လိုပေသည်။ မြန်မာလူမျိုးများသည် ဆန်စပါးမှရရှိသည့် ထမင်းကို အဓိကစားစရာအဖြစ် သတ်မှတ်ကြသည်။ ဟင်းမကောင်းချင်နေ ထမင်းကောင်းရမည်ဟူ၍လည်း ထမင်းအပေါ်အမှီသဟဲပြုကြသည်။ သို့သော် ထမင်းချည်း စားသောက်မရနိုင်ပေ။ အသား၊ ငါးဟင်းနှင့် တွဲ ဖက်စားသောက်မှသာ အရသာရှိနိုင်သည်။ ဆီမပါ ဟင်းမဖြစ်သည့် မြန်မာတို့၏ ဆီစားသုံးမှုသည် ဓလေ့တစ်ခုပမာ ထွန်းကားနေဆဲဖြစ်သည်။ အကြော်အလှော်၊ အချက်အပြုတ်ပြင်ဆင်ရာတွင် ဆီသည် မရှိမဖြစ်ပါဝင်နေသည်။ ငါးခြောက်ဖုတ်ပင်လျှင် ဆီရွှဲရွှဲဆမ်းစားကြသည်။ ဆီစားသုံးမှုအမျိုးမျိုးရှိသည့်အနက် နေကြာဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီများအား လူအများစုစားသုံးကြသည်ကို တွေ့ရှိရသည်။

**ဆီစားသုံးမှုကိုတတ်နိုင်သမျှလျှော့ချသင့်**

စားသုံးဆီကို ကျန်းမာရေးအရ သင့်တင့်စွာစားသုံးသင့်သော်လည်း ပြည့်ဝဆီအုပ်စုတွင် ပါဝင်သည့် စားအုန်းဆီ၊ ပြန်ကြော်ဆီများဖြင့် ကြော်လှော်သည့် ဆီကြော်အစားအစာများ စားသုံးမှုကိုဖြင့် ဆင်ခြင်သင့်လှသည်။ သာမန်အားဖြင့် မိသားစုတစ်စုတွင် ဆီစားသုံးသင့်သည့် ပမာဏထက် ပိုမိုစားသုံးလျှင် မလိုလားအပ်သည့်ရောဂါများ ဝင်ရောက်လာနိုင်သည်။ စားသုံးဆီတိုင်း ဆီအရည်အသွေးပြည့်ဝနေသည်မဟုတ်ဘဲ ရောနှောဆီများ၊ ပြည့်ဝဆီများကြောင့်လူ့ခန္ဓာကို ကောင်းစွာဒုက္ခပေးနိုင်သည်။ ဆီကို ပိုမိုစားသုံးမိလျှင် တစ်ခဏချင်း မသိသာသော်လည်း ရေရှည်စားသုံးမိပါက နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုး၊ ဆီးချို၊ အသည်းအဆီဖုံးခြင်းကဲ့သို့ ရောဂါဝေဒနာများ ရရှိနိုင်သည်။ သို့ဖြစ်၍ ဆီစားသုံးမှုကို တတ်နိုင်သမျှလျှော့ချသင့်ပေသည်။

ဆီစားသုံးမှုပုံစံကို ပြောင်းလဲကျင့်သုံးရန်လိုအပ်လာသော်လည်း ဆီကြိုက်သူတို့၏ ပါးစပ်ကအကျင့်ပါနေသည်။ လက်ဖက်သုပ်တွင် ဆီရွှဲရွှဲဆမ်းစားရသည်ကို နှစ်သက်ကြသကဲ့သို့ ဟင်းချက်လျှင် ဆီပြန်ဟင်းလေးမှ ခံတွင်းမြိန်သူများလည်း ရှိနေသည်။ အချို့သော အိမ်ရှင်မများက ဆီကို ချွေတာစွာသုံးစွဲကြသည်။ ငါးကြော်၊ အာလူးကြော်လျှင် ဆီကိုများများထည့်ကြော်သည်။ ကြော်ထားသော ဆီများကို တစ်ကျော့ပြန် ပြန်ကြော်ဆီအဖြစ် ထပ်မံအသုံးပြုသည်။ စည်းစိမ်ဖြို စားဖိုချောင်က ဆိုသည့် လူကြီးသူမများ၏ဆိုဆုံးမစကားရှိသကဲ့သို့ ဆီစား၍အသားမဖြစ်ဟူသည့်သတိပေးစကားလည်း ရှိပေသည်။

နေ့စဉ်မိသားစုတစ်စုတွင် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးအစရှိသော စားသုံးကုန်ပစ္စည်းများ လိုအပ်နေသည်။ အိုးနှင့်ဆန်တန်ရုံချက်ရမည်က မိသားစုအတွင်း သတိပြုဆင်ခြင်ဆောင်ရွက်ရမည်ဖြစ်သည်။ ပေါပေါများများ ချက်ပြုတ်၍ ပိုပိုလျှံလျှံ သွန်ပစ်ရသည့်အခြေအနေကို ရှောင်ရှားရပေမည်။ ချွေတာစုဆောင်း သူဌေးလောင်းဘွဲ့ရရှိနိုင်သည့် စားဖိုချောင်စီမံခန့်ခွဲမှုကို ကနဦးထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ခြိုးခြံချွေတာရာတွင် ရှိသည့်အဝတ်အစားနှင့် လှအောင်ဝတ်၊ လုံခြုံအောင်ဝတ်ဆင်နိုင်သည်။ နေ့စဉ်အာဟာရလိုအပ်ချက်ကို ဖြည့်စွမ်းနိုင်သည့် စားရေးကိစ္စကိုမူ လိုအပ်သည်ထက် ခြိုးခြံချွေတာ၍ မရနိုင်ပေ။ ပုံမှန်ချက်ပြုတ်နေသည့် အာဟာရနှင့်အတိုင်းအတာရှိရပေသည်။ ဈေးနှုန်းအလိုက် ဝယ်ယူသုံးစွဲမည့် ပမာဏနှင့် တန်ဖိုးကို တွက်ဆဆောင်ရွက်ခြင်းသည်သာ ငွေပိုငွေလျှံဖြစ်ပေါ်စေနိုင်သည်။

**ဆီထွက်သီးနှံအုပ်စုဝင်များ**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် အခြေခံစားသောက်ကုန်အများစုကို ထုတ်လုပ်နိုင်စွမ်းရှိသည်။ ဆီထွက်သီးနှံအုပ်စုဝင်များဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်သီးနှံများကိုလည်း နေရာဒေသအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဆီအုန်းသီးနှံကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး နိုင်ငံတော်က ရည်သန်ကြိုးပမ်းလျက်ရှိသည်။ တစ်ဖက်တွင်လည်း မိသားစုကျန်းမာရေး၊ ငွေကြေးသုံးစွဲမှုပမာဏ လျှော့ချရေးအတွက် ဆီကို ချင့်ချိန်သုံးစွဲသင့်ပေသည်။ ဘေးကင်းလုံခြုံသော ဘဝတစ်ခုထူထောင်ရာတွင် သတိတစ်လုံး အစဉ်သုံးစွဲရန်လိုအပ်သည်။ ဘေးကင်းလုံခြုံမှုမရှိသော အစားအသောက်၊ အနေအထိုင်ပုံစံများကို သတိနှင့်မပြုပြင်လျှင် ဘေးထွက်ဆိုးကျိုးသည် ကျောချင်းကပ်ရန်သူသာ ဖြစ်နိုင်သည်။

**စိုက်ပျိုးစရိတ်သက်သာပြီး တစ်ကေအထွက်နှုန်း ကောင်းမွန်**

နိုင်ငံတော်အနေဖြင့် ပြည်တွင်းဆီဖူလုံရေး နေကြာဆီကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နေကြာသည် စိုက်ပျိုးစရိတ်သက်သာပြီး တစ်ကေအထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုသည် ပိုမိုများပြားလာခြင်းဖြစ်သည်။ နေကြာကို စိုက်ပျိုးချိန်မမှန်ပါက ဆီထွက်နှုန်း အနည်းငယ်ကျဆင်းနိုင်သကဲ့သို့ အစေ့တည်ချိန်တွင် အပူချိန်မြင့်မားပါက ဆီပါဝင်မှုနှုန်း ကျဆင်းနိုင်ပေသည်။ နေကြာကို ဆီကြမ်းအဆင့်မှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆီသန့်စင်သည့် စက်များ၊ အဆင့်မြင့်ဆီကြိတ်ခွဲစက်များ တည်ထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဆီသန့်စင်ခြင်းလုပ်ငန်းသည် ဆီတွင်ပါဝင်သည့် ဘေးထွက်ဆိုးကျိုးဖြစ်စေသည့်အရာများကို ဖယ်ရှားခြင်း၊ အနယ်ထိုင်အောင် ပြုလုပ်ခြင်း၊ စစ်ထုတ်ခြင်း၊ ဖုန်မှုန့်၊ ကြိတ်ဖတ်နှင့် အနယ်အနှစ်များ ဖယ်ရှားခြင်းလုပ်ငန်းများပါဝင်သည်။ နေကြာဆီကြမ်း၏ တာရှည်ခံသက်တမ်းသည် အများဆုံးခြောက်လဝန်းကျင်ရှိပြီး သန့်စင်ပြီးဆီချော၏သက်တမ်းမှာ အဖုံးမဖွင့်ရသေးလျှင် အများဆုံး နှစ်နှစ်ခန့်အထားခံသည်။ ဆီကြိတ်ရာမှ ထွက်ရှိလာသည့် ကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ပြီး မွေးမြူရေးအစာစပ်လုပ်ငန်းများအတွက် ကောင်းစွာအကျိုးပြုနိုင်သည်။ နေကြာစိုက်ပျိုးရေးလုပ်ငန်းသည် ဆီထွက်နှုန်းမြင့်မားရေးကို ဦးတည်သကဲ့သို့ ပျားမွေးမြူရေးကဏ္ဍကိုလည်း အထောက်အကူပြုစွမ်းပေသည်။

နေကြာသီးနှံသည် တောင်သူများ၊ ဆီစက်ပိုင်ရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းအကောင်အထည်ဖော်နိုင်သည့် စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်ပြီး ဆီကောင်းဆီသန့်ရရှိရေးလုပ်ငန်းကို အထောက်ပြုလျက်ရှိသည်။

လူအများစုသည် အရောင်၊ အဆင်း၊ အနံ့၊ အရသာတို့ကို လွန်စွာခုံမင်ကြရာ အရောင်မပါလျှင် မစားချင်၊ အနံ့မပါ ဘေးဖယ်ထားချင်ကြသည်။ ထို့ကြောင့် ဝိသမလောဘသားတို့သည် စားသောက်ကုန်အများစုတွင် စားချင်စဖွယ်ပြုလုပ်၍ ဈေးကွက်ဝယ်လိုအားကို မြှင့်တင်လာကြသည်။ ပြည်သူများအနေဖြင့် သတိပြုဆင်ခြင်သုံးစွဲရန် လိုအပ်ပေသည်။

လူအမျိုးမျိုး စိတ်အထွေထွေသာဖြစ်သည်။ ဆီကြိုက်သူ၊ ဆီမကြိုက်သူဖြင့် အုပ်စုအသီးသီးရှိသည့်အနက် ဆီကြိုက်သူကပိုများသည်ကို တွေ့ရသည်။ လူတစ်ယောက်၏ ဆီစားသုံးမှုပမာဏမြင့်မားမှုကို စစ်တမ်းများအရ သိရှိနိုင်ပေသည်။ မကျန်းမာမှ ကျန်းမာခြင်းဘဝကို ပိုင်ဆိုင်ချင်သည်၊ အထိုင်အထမလုပ်နိုင်မှ ပြေးလွှားချင်စိတ်သည် နောင်တအသွင်ဖြင့်သာ ခံစားရနိုင်သောအရာဖြစ်သည်။ မိမိတို့စိတ်ဓာတ်ခွန်အားကြီးကြီးဖြင့် စွမ်းနိုင်ချိန် အကောင်းအဆိုး၊ အမှားအမှန် ချိန်ဆဝေဖန် ဆောင်ရွက်ရမည်ဖြစ်သည်။

နေ့စဉ်စားသုံးနေသော မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီတို့သည် ဆီအရည်အသွေးပြည့်ဝရန် လိုပေသည်။ ဓာတုအနံ့၊ အရောင်များဖြင့် ဖန်တီးထားသောဆီများ၊ မခဲအောင် စီမံထားသည့် ဆီများကို အထူးရှောင်ကြဉ်သင့်လှသည်။ ထိုကဲ့သို့ဆီများသည် သာမန်မျက်စိဖြင့် သိရန်ခက်ခဲလှပြီး ဓာတ်ခွဲခန်းတွင်စစ်ဆေးကြည့်မှသာ သိနိုင်သည်။ စားသုံးသူများအတွက် အာဟာရမဖြစ်ဘဲ ဘေးဥပါဒ်ဖြစ်စေနိုင်သည်။ စပ်ဆေးမသောက်ရန် တားမြစ်သကဲ့သို့ ရောနှောဆီမစားရန် သတိပြုမည့်အချိန်အခါလည်းဖြစ်သည်။

**စားသုံးသင့်သည့် မပြည့်ဝဆီအုပ်စု**

နေကြာဆီသည် ကျန်းမာရေးအရ သင့်တင့်စွာစားသုံးသင့်သည့် မပြည့်ဝဆီအုပ်စုတွင် ပါဝင်ပြီး ခန္ဓာကိုယ်အတွက်မသင့်လျော်သော ကိုလက်စထရောများကို လျှော့ချပေးနိုင်သည်။ နေကြာဆီတွင် ဗီတာမင် E၊ ဗီတာမင် K ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို နှေးကွေးစေနိုင်သည်။ နေကြာဆီသုံးစွဲရာတွင် မီးအပူချိန်ပြင်းပြင်းကြော်လှော်ခြင်း၊ ကြော်ပြီးသားဆီများကို တစ်ကျော့ပြန် ပြန်လည်သုံးစွဲခြင်း စသည်တို့ကို ရှောင်သင့်သည်။ ဆီစားသုံးခြင်းကို လျှော့ချရန် တားမြစ်ခြင်းသည် မစားစေချင်၍ တားသည်မဟုတ်ဘဲ လူ့ဘဝအနေကြာ ကျန်းမာကြဖို့ နေကြာဆီကိုစနစ်တကျစားကြရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **“နိုင်ငံတော်အနေဖြင့် ပြည်တွင်းဆီဖူလုံရေး နေကြာဆီကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နေကြာသည် စိုက်ပျိုးစရိတ်သက်သာပြီး တစ်ကေအထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုသည် ပိုမိုများပြားလာခြင်းဖြစ်သည်။ နေကြာကို စိုက်ပျိုးချိန်မမှန်ပါက ဆီထွက်နှုန်း အနည်းငယ်ကျဆင်းနိုင်သကဲ့သို့ အစေ့တည်ချိန်တွင် အပူချိန်မြင့်မားပါက ဆီပါဝင်မှုနှုန်း ကျဆင်းနိုင်ပေသည်။ နေကြာကို ဆီကြမ်းအဆင့်မှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆီသန့်စင်သည့်စက်များ၊ အဆင့်မြင့်ဆီကြိတ်ခွဲစက်များ တည်ထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ”**

# ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် ကုမ္ပဏီ၏မတည်ငွေတို့ဖြင့် အကျိုးတူလယ်ယာ နွေစပါးရာသီဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့် ကုမ္ပဏီ၏မတည်ငွေတို့ဖြင့် ၂၀၂၃ ခုနှစ် အကျိုးတူလယ်ယာ နွေစပါးရာသီ ဖွင့်ပွဲ၊ ၂၀၂၂ ခုနှစ် မိုးစပါးရာသီ ထူးချွန်တောင်သူ ဆုချီးမြှင့်ခြင်းနှင့် GW-11 မျိုးစပါးနှင့် စိမ်းသြဂဲနစ်ကွန်ပေါင်းမြေဩဇာ အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ယွန်းလျှံ လယ်ယာအထောက်အကူပြုစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ဒုတိယဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရေးနှင့် အရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးအတွက် ကနဦးရင်းနှီးမြှုပ်နှံခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ထောက်ပံ့ပေးလျက်ရှိသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဖော်ဆောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။




ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ တိုးပွားပေါ်ထွန်းလာစေရန် နည်းပညာနှင့် သင်တန်းများပေးခြင်း၊ ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ မတည်ရင်းနှီးငွေ ပံ့ပိုးပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် တောင်သူများအကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ယွန်းလျှံ လယ်ယာအထောက်အကူပြုစခန်း ရှေ့ပြေးစီမံကိန်း ဥက္ကဋ္ဌက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများက ၂၀၂၂ ခုနှစ် မိုးစပါးရာသီ ထူးချွန်တောင်သူများအား ဆုများချီးမြှင့်ကြသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအုပ်စု မျိုးစပါးပေးအပ်ပွဲတွင် တောင်သူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ တောင်သူများကို မျိုးစပါးများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်သကြားစက်ရုံ၏ ၂၀၂၂-၂၀၂၃ ခုနှစ် ကြံစိုက်ပျိုးမှု၊ ကြံဝယ်ယူရရှိမှုနှင့် နှစ်အလိုက်ကြံကြိတ်ဝါးမှုကို ကြည့်ရှုစစ်ဆေးပြီး ကြံတောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ကြံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲနိုင်ရေး၊ နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

အနာအစာကင်းပြီး အသီးအရွယ်အစားရောရာပါ လက်ကားဈေးအနေနဲ့ တစ်ကီလိုကို ငွေကျပ် ၃၀၀၀ နဲ့ရောင်းချပေးနေပါတယ်။ အလုံးအရွယ်အစားခွဲခြားရင် လက်ကားဈေး တစ်ကီလိုကိုငွေကျပ် ၅၀၀၀ မှ ၇၀၀၀ ဈေးတို့နဲ့ရောင်းပါတယ်။ ဒီနှစ်ကအသီးထွက်တာလည်း စောပါတယ်။ ခုချိန်မှာ ပြည်သူတွေလည်း ဝင်ငွေတွေကျဆင်းနေပါတယ်။ ဒါပေမဲ့ လူကြိုက်များပြီး ဝယ်ယူစားသုံးသူတွေ များနေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ဟက်(စ်)မျိုးထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ အဓိကထားဖြန့်ဖြူးရောင်းချပေးရာတွင် ရန်ကုန်ဈေးကွက်၊ မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချပေးနေကြောင်း၊ မူဆယ်ဈေးကွက်၊ လားရှိုးဈေးကွက်နှင့် မုံရွာဈေးကွက်များသို့ အနည်းငယ်တင်ပို့ရောင်းချခြင်းများလည်းရှိကြောင်း၊ အခြားဈေးကွက်များမှလည်း ကမ်းလှမ်းမှုများရှိလာပါက တင်ပို့ရောင်းချပေးကြောင်း၊ ယင်းထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးခြင်းနှင့်အတူ အွန်လိုင်းစနစ်ဖြင့်လည်း မြန်မာပြည်အနှံ့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိမဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီစာသင်တိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ပညာသိပ္ပံကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဇောဓိမဏ္ဍိုင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဆံတော်ရှင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ငါးကျမ်းပြန်ကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ မာန်အိုင်ခေးတိုင်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဥသျှသဟကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆(အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

( ခ ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

( ဂ ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသောအသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

( င ) နိုင်ငံသားစိစစ်ရေးကတ်(၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂ )ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင် ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( စ ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ)ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

( ခ ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေ ဖြည့်သွင်းရမည်။

( ဂ ) ပုံစံ ၆၆/၆(အထစ)အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ)အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( င ) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ(ပြောင်းဝင်/ပြောင်းထွက်/မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

( စ ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ဂျပန်နိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားများက အလုပ်သမားသမဂ္ဂအဖွဲ့ ဖွဲ့စည်း




**တိုကျို ဒီဇင်ဘာ ၁၈**

ဂျပန်နိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားများက အလုပ်သမားသမဂ္ဂအဖွဲ့ကို ယနေ့ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါသမဂ္ဂအဖွဲ့တွင် နိုင်ငံခြားသားပညာရှင် အလုပ်သမားများနှင့် အချိန်ပိုင်းဝန်ထမ်းများ ပါဝင်သည်။ ၎င်းတို့၏အလုပ်ရှင်များနှင့် လုပ်ငန်းရေးရာကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးရာတွင် အထောက်အပံ့တစ်ရပ်ဖြစ်စေရန် အဆိုပါအလုပ်သမားသမဂ္ဂအဖွဲ့ကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်သမားသမဂ္ဂအဖွဲ့ ဖွဲ့စည်းခြင်းကို မြို့တော်တိုကျို၌ ယနေ့ကျင်းပသည်။ လက်ရှိတွင် အဖွဲ့ဝင် ၂၀ ရှိပြီး အများစုမှာ ဗီယက်နမ်နည်းပညာကျွမ်းကျင်ပညာရှင်များနှင့် အချိန်ပိုင်းလုပ်သား ကျောင်းသားများဖြစ်သည်။

ဝန်ထမ်းများနှင့် အလုပ်ရှင်များအကြား ဖြစ်လေ့ရှိသည့် လုပ်အားခပေးချေမှုမရှိခြင်း၊ တစ်ဖက်သတ်အလုပ်ထုတ်ပစ်ခြင်းကဲ့သို့သော ကိစ္စရပ်များကို ဂျပန်နိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားအများစု ရင်ဆိုင်ကြရသည်။

**ကူညီပံ့ပိုးပေး**

ယခုအသစ်ဖွဲ့စည်းသည့် အလုပ်သမားသမဂ္ဂအဖွဲ့အား ဂျပန်နိုင်ငံတွင် လာရောက်လုပ်ကိုင်ကြသည့် ဗီယက်နမ်အလုပ်သမားများအား ကူညီထောက်ပံ့ပေးသည့် ပရဟိတအဖွဲ့အစည်းတစ်ခုက ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယင်းသမဂ္ဂအဖွဲ့သည် ဂျပန်နိုင်ငံ၏ အကြီးဆုံးသော အလုပ်သမားအဖွဲ့အစည်းတစ်ခုဖြစ်သည့် Rengo Tokyo နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အလုပ်သမားရေးရာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် Rengo Tokyo ၏အကူအညီများ ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအဖွဲ့အစည်းသည် ဂျပန်နိုင်ငံ၌ လာရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအလုပ်သမားများအား ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း Rengo Tokyo အဖွဲ့မှ တာဝန်ရှိသူ Saito Chiaki က ဆိုသည်။

ဂျပန်နိုင်ငံ၏ လူဦးရေလျော့ကျလျက်ရှိချိန်တွင် နိုင်ငံအတွင်းလာရောက်လုပ်ကိုင်ကြသည့် နိုင်ငံခြားသားအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန် အလွန်ပင်အရေးကြီးကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုမြှင့်တင်

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်နိုင်ငံ၌ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းသည့်အနေဖြင့် နိုင်ငံအတွင်း ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုကို မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း နိုဝင်ဘာလကုန်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုပမာဏသည် ကီလိုဝပ် ၂ ဒသမ ၅၁ ဘီလီယံအထိ ရောက်ရှိလာခဲ့ပြီး ၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမျိုးသားစွမ်းအင် အုပ်ချုပ်ရေးအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။ ထို့ပြင် လေအားလျှပ်စစ်ထုတ်လွှတ်ရေးကဏ္ဍတွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်သန်း ၃၅၀ အထိ တိုးမြှင့်ထုတ်လွှတ်နိုင်ခဲ့ပြီး ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု ကီလိုဝပ်သန်း ၃၇၀ ရှိလာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ ယခုနှစ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာကာ နိုင်ငံ၏ကန္တာရဒေသများတွင် လေစွမ်းအင်နှင့် ဆိုလာစနစ်သုံးလျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရေးစခန်းများကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်၏ ပထမဆယ့်တစ်လအတွင်း နိုင်ငံ၏ နေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယွမ် ၂၀၀ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အာဖဂန်နစ္စတန် အရှေ့ပါဝမ်ပြည်နယ်၌ လောင်စာဆီတင်ယာဉ် ပေါက်ကွဲ၊ ၁၉ ဦး သေဆုံး

**ချာရီကာ၊ အာဖဂန်နစ္စတန် ဒီဇင်ဘာ ၁၈**

အာဖဂန်နစ္စတန်၏ အရှေ့ပါဝမ်ပြည်နယ်ရှိ ဥမင်လိုဏ်ခေါင်းတစ်ခုတွင် လောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အထက်ပါဖြစ်စဉ်မှ သေဆုံးသူအရေအတွက် ၁၉ ဦးအထိ ရောက်ရှိခဲ့သည်ဟု ပြည်နယ်ကျန်းမာရေးဌာနကြားရေးမှူး အဒူလာ အာဖဂန်မာက တနင်္ဂနွေနေ့တွင် ပြောသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်မှာ သေဆုံးသူ ၁၉ ဦးနှင့် ဒဏ်ရာရသူ ၃၂ ဦးကို ပြည်နယ် မြို့တော်ချာရီကာအနီးအနားရှိ ဆေးရုံများသို့ ခေါ်ဆောင်သွားခဲ့သည်ဟု သိရသည်။

အထက်ပါ ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၂ ဦးနှင့် ၃၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်သူ့ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်လာဝီ ဟာမီဒူလာမစ်စ်ဘာက အစောပိုင်းတွင် ခန့်မှန်းပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုကြောင့် ဒီဇင်ဘာ ၁၇ ရက်နေ့ ညက ဆာလန်ဥမင်လိုဏ်ခေါင်းအတွင်း မီးလောင်ခဲ့ပြီး လူအများအပြားသေဆုံးခဲ့သည်ဟု ပါဝမ်ပြည်နယ် အုပ်ချုပ်ရေးရုံး ပြောရေးဆိုခွင့်ရှိသူ ဟက်မာတူလာရှာမိမ်က ပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါဥမင်လိုဏ်ခေါင်းကိုလည်း ယာဉ်အသွားအလာအတွက် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ထိုနေရာရှိ ဒေသခံများကမူ ထိခိုက်ဒဏ်ရာရသူ အရေအတွက်သည် မူလကထက် ပိုမိုမြင့်မားနိုင်သည်ဟု ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်ပုဂ္ဂလိကကုမ္ပဏီမှလွှတ်တင်ခဲ့သည့် လဆင်းယာဉ် လကမ္ဘာသို့ ဦးတည်ပျံသန်းလျက်ရှိ

**တိုကျို ဒီဇင်ဘာ ၁၈**

ယခုလအစောပိုင်းက လွှတ်တင်ခဲ့သော ၎င်း၏ လဆင်းယာဉ်သည် လကမ္ဘာသို့ ဦးတည်ပျံသန်းနေကြောင်း ဂျပန်အာကာသဆိုင်ရာ လုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် Ispace က ပြောကြားသည်။

**ကြိုးပမ်းဆောင်ရွက်**

ယင်းလဆင်းယာဉ်အား ဒီဇင်ဘာ ၁၁ ရက်တွင် ဖလော်ရီဒါပြည်နယ်ရှိ အာကာသစခန်း၌ အာကာသအိတ်စ်ဖယ်ကွန်-၉ ဒုံးပျံတစ်စင်းပေါ်မှ လွှတ်တင်ခဲ့သည်။ ၎င်းအာကာသဆိုင်ရာ လုပ်ငန်းကုမ္ပဏီအနေဖြင့် လဆင်းယာဉ်ပထမဆုံးလွှတ်တင်နိုင်သည့် ပုဂ္ဂလိကကုမ္ပဏီအဖြစ် မှတ်တမ်းတင်ခံရဖွယ်ရှိကြောင်း သိရသည်။

အဆိုပါလဆင်းယာဉ်ပေါ်မှ ရိုက်ကူးထားသည့် ကမ္ဘာမြေကြီး၏ ဓာတ်ပုံများအားပြသခဲ့ရာတွင် အပြာရောင်ရှိသည့် ကမ္ဘာမြေကြီး၏ ဓာတ်ပုံနှင့် ဖယ်ကွန်-၉ ဒုံးပျံ၏ အာကာသထဲမှ ဓာတ်ပုံတို့ကို တွေ့မြင်ရကြောင်း သိရသည်။ အထက်ပါလဆင်းယာဉ်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကမ္ဘာမြေကြီး၏အထက် ကီလိုမီတာ ၁ ဒသမ ၄ သန်းရှိသည့်နေရာသို့ ရောက်ရှိနိုင်ရန်နှင့် ဧပြီလနှောင်းပိုင်းတွင် လကမ္ဘာအား ချဉ်းကပ်ရောက်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၀ ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၀ ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၅၀၆၄ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၉၇၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၅၆၂၃၉ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၉၀၀ ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၀၆ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူသန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၈၈ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ငါးပြတိုက်တစ်ခု၌ မှန်များ ရုတ်တရက်ကွဲအက်၊ အပူပိုင်းငါး ၁၅၀၀ ကျော် သေဆုံး

ဘာလင် ဒီဇင်ဘာ ၁၈

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ နာမည်ကြီးငါးပြတိုက်တစ်ခု၌ မှန်များ ရုတ်တရက်ကွဲအက်လွင့်စင်ခဲ့ရာ နှစ်ဦးထိခိုက်ဒဏ်ရာရရှိပြီး အပူပိုင်းငါး ၁၅၀၀ ကျော် သေဆုံးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

၁၆ မီတာအမြင့်ရှိသော AquaDom ငါးပြတိုက်သည် ဧည့်သည်အများအပြား လာရောက်တည်းခိုသည့် ဟိုတယ်တည်ရှိသော အပန်းဖြေကွန်ဒိုတစ်ခုတွင် တည်ရှိသည်။

ငါးပြတိုက်အတွင်းမှ ရေဂါလန်ပေါင်းများစွာသည် အဆောက်အအုံပြင်ပရှိ လမ်းများပေါ်သို့ စီးဆင်းလာကြောင်း မျက်မြင်တွေ့ရှိသူများက ဆိုသည်။

ငါးပြတိုက်မှ မှန်ကွဲများကြောင့် နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ငါးပြတိုက်တွင် ပြသထားသည့် အပူပိုင်းဆိုင်ရာငါးအားလုံး သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးပြတိုက်သည် ကမ္ဘာပေါ်တွင် ဆလင်ဒါဒုလုံးပုံရှိသည့် အကြီးဆုံးသော ငါးပြတိုက်တစ်ခုဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်ကြည့်ရှုသည့် နေရာတစ်ခုလည်းဖြစ်သည်။

ငါးပြတိုက်၏ မှန်များ ရုတ်တရက်ကွဲအက်လွင့်စင်မှုနှင့်ပတ်သက်ပြီး ရဲအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ငါးပြတိုက်အတွင်း အပူချိန်မညီမျှခြင်းသည် မှန်များကွဲအက်မှု၏ အကြောင်းရင်းခံဖြစ်နိုင်ဖွယ်ရှိကြောင်း ရဲအရာရှိများက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်







# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၂၂ ဦး ထပ်မံတွေ့ရှိ

မော်စကို ဒီဇင်ဘာ ၁၈

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၂၂ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၇၁၆၀၇၄ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

## သေဆုံးသူ ၅၁ ဦး ထပ်မံတွေ့ရှိ

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၁ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၃၀၀၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၃၃၈ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၁၁၀၉၆၆၈ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၈၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၈၁၅၈၃ ဦး ရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၉၃ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၈

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၉၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၅၀၁၇၀၁၆ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၉၉၁ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ငါးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၈၀၀ ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၁၄၆၀ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၉၆၄၁၆၇ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၆၀၄၉ ဦး ရှိပြီး ယင်းတို့အနက် ၅၃ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး လူနာ ၂၉ ဦး သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၈ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၇ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်




# ဖိလစ်ပိုင်နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှု ယခင်နှစ်ကထက် ပိုမိုမြင့်တက်လာ



မနီလာ ဒီဇင်ဘာ ၁၈

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလကတည်းက ဖိလစ်ပိုင်နိုင်ငံတွင် အနည်းဆုံးလူ ၆၇ ဦး ကာလဝမ်းရောဂါဖြင့် သေဆုံးခဲ့ပြီး နိုင်ငံအတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှုသည် ယမန်နှစ်ကထက် ပိုမိုမြင့်တက်လာသည်ဟု ဖိလစ်ပိုင်အစိုးရက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင် ကျန်းမာရေးဌာနက ယခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာ ၂၆ ရက်အထိ ကာလဝမ်းရောဂါဖြစ်ပွားသူ ၅၈၆၀ ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဗီဆာရပ်စ်ဒေသတွင်ကာလဝမ်းရောဂါ ဖြစ်ပွားသူ ၃၆၀၀ ကျော်ရှိပြီးနောက် ရောဂါကူးစက်သူအများဆုံးရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒေးဗိုဒေသတွင် ကာလဝမ်းရောဂါ ဖြစ်ပွားသူ ၈၀၀ ကျော်နှင့် မနီလာနိုင်ငံမြောက်ပိုင်း ဇဟိုလူဇုန်ဒေသတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၃၀၀ ကျော် အသီးသီးရှိကြောင်း သိရသည်။


ကျန်းမာရေးဌာနသည် ၎င်း၏ စောင့်ကြည့်ရေးနှင့် တုံ့ပြန်မှုစနစ်ကို အားကောင်းစေရန် ဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူ မာရီယာ ရိုဆာရီယို ဗီဂျီရီက ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်အပေါ် သဘာဝဘေးအန္တရာယ်များ၏ အကျိုးသက်ရောက်မှုမှ ကာကွယ်ရန် ကျန်းမာရေးဌာနက လုပ်ဆောင်ခဲ့သည်ဟု ဗီဂျီရီက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စက်သုံးဆီ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ


မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ လိုင်စင်ဖော်ပြနိုင်ခြင်းမရှိသည့် ဓာတ်လှေကား ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၁၅၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လျှပ်စစ် ဆက်စပ်ပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၆၂၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၃၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၁၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ အကောက်ခွန်မဲ့ စားသုံးဆီနှင့် စက်သုံးဆီများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသော Toyota Noah မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၁ ဒသမ ၈၈၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၂၁၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၇၈၇၁၁၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အမရပူရ၊ ပြည်ကြီးတံခွန်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် အမရပူရမြို့နယ် ဆောက်တော၀ကျေးရွာ မြစ်ငယ်-ထုံးဘိုလမ်းနှင့် ၆၂လမ်းထောင့်တွင် မတွမ်အားလန်(ခ)ရှမ်းမ မောင်းနှင်ပြီး မသန်းမြိုင် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် အောင်အောင်(ခ) ရှမ်းလေး မောင်းနှင်ပြီး နိုင်လင်း လိုက်ပါလာသည့် ဆိုင်ကယ်နှစ်စီးတို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် ဇော်လတ်အား ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၆၅ x ၆၆ လမ်းကြား ၁၂၉ x ၁၃၀ လမ်းကြားရှိ ၎င်း၏နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၊ အိုက်စ် သုည ဒသမ ၄ ကီလိုနှင့် လည်းကောင်း၊ ညနေ ၅ နာရီတွင် မနန်းခိုင်ဦးအား အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ၈၆(A)လမ်း ၁၆ x ၁၇ လမ်းကြား၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။


ဇော်လတ်၊ မနန်းခိုင်ဦး၊ နိုင်လင်း၊ အောင်အောင်(ခ)ရှမ်းလေး၊ မတွမ်အားလန်(ခ)ရှမ်းမ၊ မသန်းမြိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

ထို့အတူ ဒီဇင်ဘာ ၁၇ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး လားရှိုး-မန္တလေး သွားကားလမ်းတွင် လားရှိုးမြို့မှ နောင်ချိုမြို့သို့ ရီအောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်မောင်းနှင်စေရေးနှင့် ကလေးအသက်ကယ်ထိုင်ခုံအသုံးပြုရေး နှိုးဆော်ချက် (နည်းဥပဒေ ၃၁၇၊ ၃၁၈ နှင့် ၃၁၉)

၁။ မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါပုဂ္ဂိုလ်များသည် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားရမည်-

(က) လူစီးယာဉ်၊ ကျောင်းကြိုပို့ယာဉ် (School Bus)၊ အဝေးပြေးခရီးသည်တင်ယာဉ် (Express Bus)တို့တွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူအားလုံး၊

(ခ) မြို့တွင်းခရီးသည်တင်ယာဉ် (City Bus Mini Bus) တွင် ယာဉ်မောင်းနှင်သူ၊

(ဂ) ကုန်တင်ယာဉ်နှင့် အခြားယာဉ်များတွင် ယာဉ်မောင်းနှင်သူနှင့် ယာဉ်မောင်းသူ၏ ဘေးတွင် လိုက်ပါစီးနင်းသူ။

၂။ ယာဉ်မောင်းနှင်သူသည် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားရမည့်သူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ကို စနစ်တကျတပ်ဆင်စေပြီးမှ မောင်းနှင်ရမည်။

၃။ မော်တော်ယာဉ်ပေါ်တွင် အသက်(၁၀)နှစ်အောက် ကလေးငယ်ပါရှိပါက ကလေးအသက်ကယ်ထိုင်ခုံ အသုံးပြုရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၂-၂၀၂၂ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဂုဏ်ရှိနသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီဗိုကရေစီဆိုသည်မှာ
၀၉:၄၀ အောင်မြင်စွာကျင်းပပြီးစီးခဲ့တဲ့ဒသမအကြိမ် ဒေသတွင်းအဆင့်အာဆီယံ ဥ ဂျက်စမ်း ပပေဟဉ္ဇပြိုင်ပွဲ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ Economic Review
၁၁:၃၀ "ဘဝနှင့်အနုပညာ"
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ
၁၃:၃၀ MRTV National News
၁၄:၁၀ ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်များ
၁၄:၄၅ ပြည်နယ်နှင့်တိုင်းဒေသကြီး ယူ-၁၈ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရှမ်းပြည်နယ်အသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်း)
၁၇:၃၀ သတင်းသမားပြောတဲ့သတင်းစကား
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ (၇၅)နှစ်မြောက်စိန်ရတုတာပမင်္ဂလာ(ရေ)နေ့ အထိမ်းအမှတ်တေးသီချင်း
၁၈:၃၅ သံစဉ်ဝေပြာဝတီရှိယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၄၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ 2022 World Cup Highlight (23)
၂၁:၀၅ (၇၅)နှစ်မြောက်စိန်ရတုတာပမင်္ဂလာ(ရေ)နေ့ ဂုဏ်ပြုဇာတ်လမ်း "ကြယ်ညွှန်ရာသစ္စာ" (အပိုင်း-၂)
၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်" (အပိုင်း-၁၇)

**mitv**

07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
07:10 A Day in Pyin Oo Lwin
07:27 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
07:52 Tea Leaves
08:01 News
08:26 Asia Updates: Quanzhou Puppetry (P-1)
08:44 Myanmar Traditional Thatched Roofs: Nipa Palm
09:01 Charming & Fragrant Sabai
09:10 Myanmar Childhood Games (Episode-3)
09:21 Sons of the Lake
09:43 Let's Taste Delicious Insects:
10:01 News
10:26 Topical Topics
10:35 Myanmar Puppeteers (Duet Dance)
10:45 Amazing: Magician Sak Kaw Ma
11:01 Dances of Myanmar: Mon Traditional Shwe Hintha Dance

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တာရွှန်းရိုးရာတောင်တက်ကပွဲ
**ချင်း (ချိူး) (၀၇:၀၀ မှ ၀၈:၀၀)**
ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားပြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားက ရှုမငြီးတဲ့လမ်းခရီး
**"ဝ" (၁၄:၀၀) မှ (၁၆:၀၀) ထိ**
"ဝ" ရိုးရာယဉ်ကျေးမှုပြခန်း
**ကချင် (၁၆:၀၀) မှ (၁၈:၀၀) ထိ**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး
**ကယား (၁၈:၀၀) မှ (၂၀:၀၀) ထိ**
မိုးသားတိမ်ထုအောက်က လျှိုင်နန်းပတောင်အလှ
**ပအိုဝ်းကရင် (၂၀:၀၀) မှ (၂၁:၀၀) ထိ**
ကြက်ကာလသားဟင်း
**အနောက်ပိုးကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
လှိုင်ကြီးရွာမှအဖိုးတို့အိမ်ကလေး
**အရှေ့ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
သမိုင်းဝင်ဘုရင့်ညီနောင်လိုဏ်ဂူတော်အကြောင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၄၅ ကလောင်စွမ်းဖြင့် ဥ ဂျက်အလင်းတံခါးဖွင့်ပေးကြသူများ "မွေ့ခံထိုက်စေစာကြည့်တိုက်ပညာအမွေ" (အပိုင်း-၂)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၈:၂၀ သတင်းသမားပြောတဲ့သတင်းစကား
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ (၁၀)ကြိမ်မြောက် အာဆီယံဥ ဂျက်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲ (အပိုင်း-၃)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လူမိုက်တို့သွားရာလမ်း"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၆)
၁၁:၀၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေးအကြောင်း
၁၁:၃၀ "အတွေးအမြင်" အပိုင်း(၆)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ စိုက်ပျိုးမွေးမြူသုတဘက်
၀၇:၁၅ အထွက်တိုးဖို့ရာသီဥတုနှင့် ကိုက်ညီသောမျိုးများ ရွေးချယ်စိုက်ပျိုးစို့
၀၇:၅၀ နိုင်ငံတကာနည်းပညာ တို့လယ်တောမှာကျင့်သုံးပါ
၀၈:၂၅ မြကျောက်သရက်တို့ရှင်သန်ရာမြေ
၀၉:၂၀ အဖိုးမဖြတ်နိုင်သောမြန်မာ့ရွှေဖြူ
၀၉:၄၀ ထိရောက်သော စိုက်ပျိုးရေးပညာပေး အစီအစဉ်များဆီသို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ SPORTS NEWS
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၁၄:၂၀ 2022 World Cup Hightlight / ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်
၁၄:၄၅ ၂၀၂၂ခုနှစ်၊ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ယူ-၁၈(အမျိုးသမီး) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝန်ဆောင်တနင်္ဂနွေမှအပ နံနက် (၁၁:၀၀)နာရီမှ ည(၁၁:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန်ရည်ရွယ်၍မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ လက်နက်နှင့် အခြားဆက်စပ်ပစ္စည်းများအား ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တောကျေးရွာအနီး သိမ်းဆည်းရမိ



နေပြည်တော် ဒီဇင်ဘာ ၁၈

NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရဟန်း၊ သံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရယန္တရားများ ပျက်ပြားစေရန် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အများပြည်သူသွားလာလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများ လျှို့ဝှက်သယ်ဆောင်လာသော လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စုအနီး ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၇ ရက်တွင် အချိန်မီပိတ်ဆို့ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စုအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ဆော်တောကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် ပင်လုံမြို့ ဆနင်းကျေးရွာဘက်မှ ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာဘက်သို့ မောင်းနှင်လာသည့် ဒိုင်နာ အမျိုးအစား တစ်ပါ (အပြာရောင်) ခြောက်ဘီးယာဉ် တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရပ်တန့်စေခဲ့ရာ ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်အား ရပ်ထားခဲ့ပြီး အကြမ်းဖက်သမားများ ထွက်ပြေးသွားခဲ့သည်။

**သိမ်းဆည်းရမိ**

အဆိုပါ မော်တော်ယာဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေခဲ့ရာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ လျှို့ဝှက်သယ်ဆောင်လာသော Type-81 အမျိုးအစား လက်နက် ၄၉၉ လက်၊ ကျည်အိမ် ၄၉၈ ခုနှင့် အခြားဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**





# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂၃ စီး၊ သွင်းကုန် ၁၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ MDF Board-2500 Kg ခန့်မှန်း တန်ဖိုးကျပ် ၂၁၀၀၀၀၀ တို့အား အမှုတွဲအမှတ် ၁၁-မရခ/၂၀၂၂ (၁၉၆)ဖြင့်လည်းကောင်း၊ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော MDF Board - 2500 Kg အား တင်ဆောင်လာသည့်ယာဉ်အမှတ် 5J-5676(22W)၊ Brand # Cheng Long၊ Type # Tractor Head (6 X 4)L၊ Chassis # LGGG4DY31EL204100 ၊ Model # 2014၊ Colour # White၊ C/O # Japan - 1U ခန့်မှန်း တန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ အား အမှုတွဲအမှတ် ၁၁-မရခ/ ၂၀၂၂(၁၉၆-က) နှင့် နောက်တွဲယာဉ် TLR-7929၊ Brand #Semi Trailer၊ Type # Truck Type၊ Chassis # TL2455Q၊ Colour # White C/O # China-1U ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ အား အမှုတွဲအမှတ် ၁၁-မရခ/ ၂၀၂၂(၁၉၆- ခ) ဖြင့်လည်းကောင်း စုစုပေါင်းသိမ်းဆည်းမှု သုံးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၁၀၀၀၀၀ အား သိမ်းဆည်းရမိကြောင်း။

အလားတူ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ Cement Celling Board၊ (Wall/Plank)၊ Size ; (4′ x 8′)၊ Brand # Shera၊ C/O # Thai - 8000 Kg ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၄၀၀ တို့အား အမှုတွဲအမှတ် ၁၁-မရခ/၂၀၂၂(၁၉၅) ဖြင့်လည်းကောင်း၊ သွင်းကုန် ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Cement Celling Board၊ (Wall/Plank)၊ Size ; (4′ X 8′)၊ Brand # Shera၊ C/O # Thai - 8000 Kg အားတင်ဆောင်လာသည့်ယာဉ်အမှတ် TE- 4419(22W)၊ Brand # Hyundai KMEFJ188P၊ Type # Tractor Head (6X4)၊ Chassis # F8727Q ၊ Model # 2001၊ Colour # White၊ C/O # Japan - 1U ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ အား အမှုတွဲအမှတ် ၁၁-မရခ/ ၂၀၂၂(၁၉၅-က)နှင့် နောက်တွဲယာဉ် 1TLR-2268၊ Brand # Semi Trailer Type # Truck Type၊ Chassis # TL389M2၊ Colour # White၊ C/O # China- 1U ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ အား အမှုတွဲအမှတ် ၁၁-မရခ/၂၀၂၂(၁၉၅-ခ) ဖြင့်လည်းကောင်း စုစုပေါင်း သိမ်းဆည်းမှု သုံးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၈၀၄၀၀ အား သိမ်းဆည်းရမိကြောင်း။

အလားတူ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ PE Sliper Flip Flop Accessories (5000U) ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀ နှင့် Porcelain Ceramic Pillar (2400 Kg) ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၈၀၀၀ တို့အား အမှုတွဲအမှတ် ၁၁-မရခ/၂၀၂၂(၁၉၄) ဖြင့်လည်းကောင်း၊ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော PE Sliper Flip Flop Accessories (5000U) နှင့် Porcelain Ceramic Pillar (2400 Kg) တို့အား တင်ဆောင်လာသည့် ယာဉ်အမှတ် 5E-9656 (22W)၊ Brand # Nissan Diesel CW542H၊ Type # Tractor Head (6 X 4)၊ Chassis # CW542H-30015၊ Model # 2003၊ Colour # Blue၊ C/O # Japan - 1U ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ အား အမှုတွဲအမှတ် ၁၁-မရခ/ ၂၀၂၂ (၁၉၄-က)နှင့် နောက်တွဲယာဉ် TLR-9173၊ Brand # Semi Trailer၊ Type # Truck Type၊ Chassis # TL2590Q၊ Colour # White၊ C/O # China-1U ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ အား အမှုတွဲအမှတ် ၁၁-မရခ/၂၀၂၂ (၁၉၄-ခ) ဖြင့်လည်းကောင်း စုစုပေါင်း သိမ်းဆည်းမှု သုံးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၅၆၀၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၇၀ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၆၁,၆၃၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၃၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၇-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၁၉,၆၇၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၉၀,၇၃၄) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၇-၁၂-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၁၉,၆၇၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၉၀,၇၃၄ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၃)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၉၀ | ၁၉၄၀ | ၁၉၃၀ | ၁၉၀၀ | ၁၉၃၅ | ၁၉၆၀ | ၁၉၄၅ | ၁၉၂၅ | ၂၀၁၅ | ၂၀၃၀ | ၁၉၃၀ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၇၅ | ၂၁၉၅ | ၂၇၆၀ |
| 95 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၇၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၉၆ | ၁၈၆၆ |
| 95 Ron | ၁၈၇၆ | ၁၉၄၇ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၃ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ဂန္ဓမာ

**သိပ္ပံမောင်ဝ**

နယ်ပိုင်ဝန်ထောက် မောင်လူအေးသည် နေ့စဉ်မှန်မှန် ၁၁ နာရီ၌ ရုံးတက်လေ့ရှိ၏။ ယနေ့ကား အလုပ်များမည့်နေ့ဖြစ်သောကြောင့် ၁၀ နာရီကပင် ရုံးသို့ ထွက်သွားလေသတည်း။

ရုံးသို့ရောက်လျှင် အရေးပိုင်မင်းထံတင်ရန် စာများကိုတင်၊ မြို့ပိုင်များသို့ ချပေးရန်ရှိသောစာများကို ချပေး၊ မှတ်ချက်ရေးတန်သောနေရာ၌ မှတ်ချက်ရေး၊ လက်မှတ်ထိုးရမည့်နေရာ၌ လက်မှတ်ထိုးနှင့် အမျိုးမျိုး အလုပ်များနေ၏။ တစ်နာရီကျော်ကျော်မျှ ကြာလေသည်။ ယပ်ဆွဲကုလားက ယပ်ဆွဲ၍နေသောကြောင့် အလွန်ပူသောနေ့ခင်းဖြစ်သော်လည်း များစွာမပူ၊ ခံသာ၏။

ဤလက်မှတ်ထိုးသောကိစ္စပြီးသွားသည်နှင့်တစ်ပြိုင်နက် တရားခွင်ပေါ်သို့တက်၍ အမှုတစ်မှုကို ခေါ်လေသည်။ တရားလိုတို့ကား အူလယာကုလားများတည်း။ မြန်မာစကားမတတ်။ မောင်လူအေးကလည်း ကုလားစကားမတတ်။ အကျပ်နှင့်ဖြစ်နေလေသည်။ စကားပြန်ခေါ်ရ၏။ စကားပြန်ခေါ်၍ စစ်ဆေးသော်လည်း မေးသည်ကတခြား၊ ဖြေသည်ကတစ်မျိုး၊ ရှေ့သို့မတိုးဘဲ အမှုမှာ နောက်သို့ဆုတ်၍လာ၏။ အမှုရှင်းရမည့်အစား ရှုပ်၍ရှုပ်၍သွား၏။ ခက်လိုက်ပါဘိတော့နော်။ ဘယ်လိုလူမျိုးနဲ့ တွေ့နေရပါလိမ့်။ နာရီပြန်နှစ်ချက်ထိုးမှ သက်သေနှစ်ယောက် စစ်၍ပြီး၏။ မောင်လူအေးလည်း ချွေးလုံးကြီးများကျ၏။ တရားခွင်မှဆင်း၍ ကာဖီသောက်၏။

ထို့နောက် အမှုတစ်မှုစစ်ပြန်၏။ အမှုရှုပ်နေပြန်ပြီ။ တရားလိုရော တရားခံပါ လိမ်လည်၍ စွဲဆို၊ ဖြေဆိုထားသော သပွတ်အူအမှု ဖြစ်နေပြန်၏။ ရှေ့နေများကလည်း လျှာရှည်၏။ တောင်းပန်လို့တောင်မရ။ မောင်လူအေးလည်း စိတ်ပေါက်ပေါက်နှင့် ထင်တာတွေ လျှောက်၍ရေး၏။ ရှေ့နေများ လျှာရှည်နေသည်နှင့်ပင် အချိန်ကုန်ခဲ့၏။ ငါးနာရီထိုးပြီ၊ မပြီးသေး။ ငါးနာရီခွဲပြန်ပြီ၊ မပြီး။ ခြောက်နာရီထိုးပြန်ပြီ၊ မပြီးသေး။ မောင်လူအေး စိတ်အိုက်၍လာ၏။ ခေါင်းတစ်ခုလုံး ရှုပ်ထွေး၍နေ၏။ အပင်ပန်းကြီး ပင်ပန်း၍နေ၏။ ကိုယ်ပင်ပန်းသည်က မထောင်းတာ၊ စိတ်ပင်ပန်းသည်က ဆိုစရာမရှိ။ ခြောက်နာရီထိုးလျှင် အမှုမဆုံးသေးသော်လည်း ရက်ချိန်းကိုပေး၍ တရားခွင်မှ ဆင်း၍လာခဲ့၏။

တရားခွင်မှဆင်းပြီးလျှင် မောမောပန်းပန်းနှင့်ပင် အိမ်သို့ လမ်းလျှောက်ကာ ပြန်လာခဲ့၏။ ရုံးနှင့်အိမ်ကား မဝေး၊ ငါးမိနစ်ခန့်သာ လျှောက်ရ၏။ တစ်လမ်းလုံး စိတ်ရှုပ်ထွေးလျက်လာ၏။ စိတ်ပင်ပန်းလျက်လာ၏။ အိမ်အဝင်ဝသို့ရောက်လျှင် မိမိ၏မယားချစ်ကလေး မမြသန်း၏ပြုံးပြသောမျက်နှာကလေးကိုလည်းကောင်း၊ မဲ့ပြသောမျက်နှာကလေးကိုလည်းကောင်း၊ ပြောင်ပြသောမျက်နှာကလေးကိုလည်းကောင်း မမြင်ရလျှင် ယခင်ရုံးက မောပန်း၍လာသောစိတ်မှာ မပျောက်သွားသည်သာမက ပိုမို၍ပင်မောပန်းသည်ဟု ထင်မှတ်မိလေတော့သည်။

ခါတိုင်းမူကား ဤသို့မောပန်း၍လာရာ မမြသန်းလေး၏ ပြုံးပြသောမျက်နှာ၊ မဲ့ပြသောမျက်နှာ၊ ပြောင်ပြသောမျက်နှာကို မြင်လိုက်ရလျှင် မောစိတ်များပျောက်၊ ပန်းစိတ်များပျောက်၊ ရှုပ်ထွေးသောစိတ်များပျောက်၊ ရေခဲတုံးကြီးကို နင်းမိသကဲ့သို့ စိတ်အေးမြ၍သွားလေတော့၏။ မမြသန်းလေး၏စကားလေးကို ကြားလိုက်လျှင် ပြောစရာမရှိ၊ ပီတိသောမနသဖြစ်၍သွား၏။ မိမိထိုင်ရာကုလားထိုင်တွင် လာ၍ယှဉ်ကာ ထိုင်လိုက်မူကား နတ်ပြည်ရောက်သွားသလားဟု ထင်မှတ်ရ၏။ နေ့ခင်းက အလုပ်တွေအားလုံး စိတ်ထဲမှ လုံးလုံးကြီး ပျောက်ကင်း၍သွားလေတော့သတည်း။

ယခုမူကား မမြသန်းလေး မကျန်းမမာ၍ မိဘများရှိရာ မော်လမြိုင်မြို့သို့ပြန်သွားသည်မှာ ၁၅ ရက်ခန့်ကြာလေပြီ။ အိမ်တစ်အိမ်လုံးတွင် မိမိအစေခံတစ်ယောက်နှင့် မိမိတစ်ယောက်တည်းသာကျန်တော့၏။ နေမထိထိုင်မတတ်ဖြစ်နေ၏။

ရောက်လျှင်ရောက်ချင်း ပေါင်းထားသော ခေါင်းပေါင်းကို ချွတ်ကာ စားပွဲပေါ်၌တင်၍ ကြိမ်ကုလားထိုင်ပေါ်တွင် ပစ်၍လှဲလိုက်လေသတည်း။ ဤသို့ ပစ်လှဲလိုက်ပြီးလျှင် မျက်စိမှိတ်ကာ ဟိုတွေးသည်တွေးနှင့်နေ၏။ မမြသန်းလေးမှာ အိမ်ခန်းထဲမှာပင် ရှိမယောင်ယောင်နေ၏။ အဘယ်ကြောင့် အခုတောင် မထွက်လာပါသေးသလဲ။ ငါရောက်တာများ မသိလေရော့သလား။ ရေချိုးနေထင်ပါရဲ့။ အင်္ကျီလဲနေတယ်ထင်ပါရဲ့။ သနပ်ခါးလိမ်းနေတယ်ထင်ပါရဲ့။ အမူများ လုပ်နေလေရော့သလား။ ဤသို့တွေးမိလျှင် စိတ်ပျော်သလိုလို။ သို့သော် ဤသည်တို့ကား စိတ်ကိုလှည့်စားခြင်းမျှဖြစ်၏။

အတန်ကြာလျှင် အမှန်အတိုင်း စိတ်ထဲတွင် ပေါ်၍လာ၏။ မမြသန်းလေးကား ဤအိမ်တွင်မရှိ၊ မော်လမြိုင်မိဘများအိမ်တွင် ရှိနေသည်။ ဘယ်လိုများနေပါလိမ့်။ တော်တော်နေကောင်းသွားပြီရယ်လို့ သူကိုယ်တိုင်ကပဲ တစ်နေ့က စာရေးလိုက်ပါတယ်။ အခုဆိုကောင်းကောင်းကြီး ပျောက်နေပါပြီ။ သည်အချိန် ဘာလုပ်နေပါလိမ့်။ ရေချိုးပြီး၍ သနပ်ခါးများ လိမ်းနေပေလိမ့်မည်။ ထမင်းများ စားလေရော့သလား။ စကားများပြောနေပေလိမ့်မည်။ ငါ့အကြောင်းများ စဉ်းစားမိပါလိမ့်မလား။ စဉ်းစားမှာပါပဲ။ အို…စဉ်းစားမှာမဟုတ်ပါဘူး။ တို့ရကြတာ ဘာကြာသေးလို့လဲ။ လေးလလေးသာ ကြာသေးတယ်။

> **အိုက်လွန်း၍ မနေနိုင်တော့မှ နေရာမှထပြီးလျှင် ပြတင်းပေါက်များကို ဖွင့်၏။ မိမိတို့စိုက်ထားသော အိမ်ရှေ့ပန်းခြံကို အတိုင်းသားမြင်ရ၏။ လဝန်းပုံသဏ္ဍာန်ကဲ့သို့ပြု၍စိုက်ထားသော ဂန္ဓမာပန်းတို့မှာ ပွင့်လျက်နေကြ၏။ နီနီ ဝါဝါ ပြာပြာတစ်သွယ်၊ ငယ်ငယ်ကြီးကြီး အနည်းနည်းအဖုံဖုံ ပွင့်မျိုးကစုံပါဘိသနှင့်။ အပွင့်တို့မှာ အထပ်ထပ်နှင့်လည်းရှိ၊ အထပ်မပါတာလည်းအများ၊ ရှုစား၍မငြီးဖွယ် တင့်တယ်လှပကြပေ၏။ သို့ပင်အမျိုးမျိုး ဆန်းကြယ်စွာပွင့်နေကြရှာသော်လည်း နေမင်းက ပူပြင်းလှသောကြောင့် ခမျာပန်းပင်လေးများမှာလည်း ညိုးနွမ်းခွေယိုင် မနိုင့်တနိုင်နှင့် အားခဲ၍နေကြရရှာကုန်၏။ မိမိတို့အား စိုက်ပျိုး၍ထားသော အရှင်သခင် မောင်လူအေးစိတ်ထဲတွင် ညိုးငယ်နွမ်းလျ မိမိမယားကို တမ်းတနေသည်ကို မြင်၍ပင် အတုလိုက်ကာ ညိုးနွမ်း၍နေကြလေရော့သလား**

သူလည်း ငါ့လိုပဲ လွမ်းနေမှာပါပဲ၊ ဆွေးနေမှာပါပဲ၊ စဉ်းစားနေမှာပါပဲ။

ဤသို့တွေးနေခိုက် မောင်လူအေး၏စိတ်မှာ မမြသန်းလေးရှိရာ မော်လမြိုင်မြို့သို့ ရောက်လျက်နေ၏။ မမြသန်းလေး၏အနားသို့ ရောက်လျက်နေသကဲ့သို့ ထင်မှတ်မိ၏။ မမြသန်းလေးနှင့်ပင် ရယ်လားမောလား စကားများနေသကဲ့သို့ထင်မိ၏။ မမြသန်းလေး၏အနားသို့သွား၍ နောက်လား၊ ပြောင်လားနှင့် ကျီစားနေသကဲ့သို့ ထင်မှတ်မိ၏။ ဤသို့တွေးတောနေမိခိုက်တွင် မောင်လူအေး၏စိတ်ထဲတွင် ပျော်ရွှင်ခြင်းကြီးမက ပျော်ရွှင်လျက်နေလေတော့၏။

အတန်ကြာလျှင် အစေခံသည် ဘိလပ်ရည်တစ်ဖန်ခွက်ကို ကိုင်ကာတက်လာ၍ မိမိအနားတွင်ချ၏။ မော်လမြိုင်သို့ ရောက်နေသောစိတ်သည် ရုတ်တရက် ရှောင်တခင် မြောင်းမြနေအိမ်သို့ပြန်၍ ရောက်လာရ၏။ အချည်းနှီးဖြစ်၍သွား၏။ စိတ်ကူးကောင်းတုန်း ဘိလပ်ရည်ကို ယူခဲ့ရမည်လားဟု ဒေါသထွက်မိ၏။ မိမိမှာထားသောကြောင့်ယူခဲ့သည်ကိုကား သတိမရ။ လှပတင့်တယ်စွာ စီမံဆောက်လုပ်ထားသော စိတ်ကူးနန်းတော်ကလေးကို ရုတ်တရက်ဖျက်ဆီးလိုက်ဘိသို့ ထင်မှတ်ကာ ဝမ်းလည်းနည်း၊ စိတ်လည်းပျက်၊ ဒေါသလည်းထွက်နေလေ၏။

အစေခံယူခဲ့သော ဘိလပ်ရည်ကို လှမ်းယူကာသောက်၏။ ခါတိုင်းကား ချိုချိုအေးအေး ရင်ထဲတွင် နွေး၍သွား၏။ အေး၍သွား၏။ စိတ်ကြည်လင်သွား၏။ အမောပြေ၍သွား၏။ ယခုကား ဤသို့မဟုတ်။ အရသာမရှိသကဲ့သို့ ထင်မှတ်မိ၏။ ခါးတားတားကဲ့သို့ ထင်မှတ်မိ၏။ အသုံးမကျဟု ထင်မှတ်မိ၏။ တစ်ကျိုက်နှစ်ကျိုက်သောက်ပြီး စားပွဲပေါ်တွင် ပြန်၍ချထား၏။

နေစောင်းသွားပြီဖြစ်သော်လည်း နေ့ခင်းက ပူထားသောအရှိန်က ကျန်သေး၏။ တစ်အိမ်လုံး အပူအတိုပြီးလျက်နေ၏။ မောင်လူအေးလည်း ရုံးဝတ်သွားသော အပြင်အင်္ကျီလုံချည်များကို မလဲရသေး။ အိုက်စပ်စပ်ဖြစ်လျက်နေ၏။ နဂိုက ပူနေရသည့်အထဲတွင် တံခါးများ၊ ပြတင်းပေါက်များကို ပိတ်ထားသောကြောင့် ဆထက်ကဲပူပြင်းလျက်နေလေတော့၏။

အိုက်လွန်း၍ မနေနိုင်တော့မှ နေရာမှထပြီးလျှင် ပြတင်းပေါက်များကို ဖွင့်၏။ မိမိတို့စိုက်ထားသော အိမ်ရှေ့ပန်းခြံကို အတိုင်းသားမြင်ရ၏။ လဝန်းပုံသဏ္ဍာန်ကဲ့သို့ပြု၍စိုက်ထားသော ဂန္ဓမာပန်းတို့မှာ ပွင့်လျက်နေကြ၏။ နီနီ ဝါဝါ ပြာပြာတစ်သွယ်၊ ငယ်ငယ်ကြီးကြီး အနည်းနည်းအဖုံဖုံပွင့်မျိုးက စုံပါဘိသနှင့်။ အပွင့်တို့မှာ အထပ်ထပ်နှင့်လည်းရှိ၊ အထပ်မပါတာလည်းအများ၊ ရှုစား၍ မငြီးဖွယ် တင့်တယ်လှပကြပေ၏။ သို့ပင် အမျိုးမျိုးဆန်းကြယ်စွာပွင့်နေကြရှာသော်လည်း နေမင်းက ပူပြင်းလှသောကြောင့် ခမျာပန်းပင်လေးများမှာလည်း ညိုးနွမ်းခွေယိုင် မနိုင့်တနိုင်နှင့် အားခဲ၍နေကြရရှာကုန်၏။ မိမိတို့အား စိုက်ပျိုး၍ထားသော အရှင်သခင် မောင်လူအေးစိတ်ထဲတွင် ညိုးငယ်နွမ်းလျ မိမိမယားကို တမ်းတနေသည်ကို မြင်၍ပင် အတုလိုက်ကာ ညိုးနွမ်း၍နေကြလေရော့သလား။

ထိုသို့ ညိုးနွမ်း၍နေကြသော ဂန္ဓမာပန်းပင်လေးများကို မြင်လျှင် ၎င်းတို့အစား သနားမိတော့၏။ မိမိအစား ဝမ်းနည်းမိတော့၏။ မမြသန်းလေးနှင့်အတူ ဤပန်းခြံထဲဆင်းကာ ညနေခင်း၌လည်းကောင်း၊ လသာသာ၌လည်းကောင်း စကားထာဝှက်တမ်းကစားရန် စိုက်ပျိုးထားခဲ့၏။ မကြာမကြာလည်း ဆင်းကာ စကားပြောခဲ့ကြ၏။ ယခုမှာကား ဤဂန္ဓမာပန်းတို့မှာ အချည်းနှီးဖြစ်ခဲ့လေပြီ။ မည်သို့ပင် လှပတင့်တယ် ရှုချင်ဖွယ်ပွင့်နေကြသော်လည်း အဘယ်အကျိုးရှိတော့အံ့နည်း။ ဂန္ဓမာပန်းလေးတို့မှာလည်း မိမိတို့အား ဂရုစိုက်ကာ ကြည့်ရှုခြင်း၊ ချီးမွမ်းခြင်းမပြုဘဲ ငေးမော၍နေသော မောင်လူအေးကို မြင်လျှင် မရွှင်နွမ်းလျက် ပူဆွေး၍နေကြရှာလေတော့သတည်း။ မျက်နှာကလေးများ ညိုးငယ်စွာနှင့် မမြသန်း၏ပြန်အလာကိုသာ စောင့်စား၍နေကြလေတော့သတည်း။

၁၉၃၁ ခုနှစ်၊ စက်တင်ဘာ၊ ဂန္ထလောက။

# အသွင်ပြောင်းမူးယစ်စိတ်ကြွဆေးပြားအန္တရာယ် သတိပြုကာကွယ်

မျိုးမြတ်မိုး (MANA)



ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့သယ်ဆောင်သွားမည့် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ မြိတ်မြို့တွင် ဖမ်းဆီးရမိစဉ်။

မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာသော်လည်း ဓာတုပစ္စည်းများဖြင့် ထုတ်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေး၊ အိုက်စ် (မက်အဖက်တမင်း)၊ ကတ်တမင်း စသည့် မူးယစ်ဆေးဝါးများပြဿနာမှာ ပိုမိုကြီးထွားလာသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်သူများသည် အာနိသင် ပိုများသည်ထက်များစေရန် ဆေးပြား၊ အမှုန့်၊ ပုံဆောင်ခဲ စသည်ဖြင့် ပုံစံအမျိုးမျိုးထုတ်လုပ်ကာ ဈေးကွက်ချဲ့ထွင်လျက်ရှိသည်။ အသွင်ပြောင်းဓာတု မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများမှာလည်း မကြုံစဖူးများပြားလျက်ရှိပြီး ဖမ်းဆီးရမိသည့် ပမာဏမှာလည်း ကြောက်ခမန်းလိလိပင်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် ပြည်ပသို့သယ်ဆောင်မည့် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်အဖက်တမင်း) တစ်တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ အိုက်စ်များကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်သို့ သယ်ဆောင်ပြီး အက်ဒမန်ပင်လယ်ပြင်ရေကြောင်း အသုံးပြု၍ ပြည်ပသို့ ဆက်လက်သယ်ဆောင်မည် ဖြစ်ကြောင်းနှင့် ယင်းသို့သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ၁၃ ဦးကို ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း နိုဝင်ဘာလ ၂၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

**မူးယစ်ဆေးများ သယ်ဆောင်ရာလမ်းကြောင်း**

အိုက်စ်(မက်အဖက်တမင်း) ဖမ်းဆီးရမိမှုများ ယခုနှစ်အတွင်း သိသိသာသာ ပိုများလာသည်ကိုတွေ့ရသည်။ ပမာဏကြီးမားသော အိုက်စ် ဖမ်းဆီးရမိမှုများအနက် ဇန်နဝါရီလ ၁၀ ရက်နေ့က လှိုင်လင်မြို့နယ်တွင် ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် ၆၃၅ ကီလို၊ မေလ ၁၆ ရက်နေ့က မြောက်ဥက္ကလာပမြို့နယ်တွင် မလေးရှားနိုင်ငံသို့ သယ်ဆောင်မည့် ငွေကျပ် ၆ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် ၂၅၁ ကီလို၊ မတ်လ ၃ ရက်နေ့က မိုးကုတ်မြို့နယ်၌ ငွေကျပ် ၂၀ ဘီလီယံ တန်ဖိုးရှိ အိုက်စ် တစ်တန်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့က ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ် ၁ ဒသမ ၅ တန်ကို သိမ်းဆည်းရမိခဲ့မှုတို့မှာ ထင်ရှားသည့်သာဓကများဖြစ်သည်။ သက်ဆိုင်ရာက ထုတ်ပြန်သည့် အချက်အလက်များအရ အဆိုပါ မူးယစ်ဆေးများ သယ်ဆောင်ရာလမ်းကြောင်းနှင့် အများဆုံးဖမ်းဆီးရရှိသော ဒေသများမှာ ၂၀၂၂ ခုနှစ်တွင် ရှမ်းပြည်နယ်မှထွက်ရှိသော အိုက်စ်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှတစ်ဆင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်များသို့လည်းကောင်း၊ ပြည်တွင်းကိုဖြတ်သန်း၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံရေပိုင်နက်သို့လည်းကောင်း၊ တရားမဝင် သယ်ဆောင်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ဖမ်းဆီးရမိမှု၏ ထက်ဝက်ကျော်သည် ရှမ်းပြည်နယ်တွင်ဖြစ်ပြီး ကျန်ဒေသများမှာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်သည်။ ဖမ်းဆီးရမိသည့် ပမာဏနှင့် သယ်ဆောင်ရာလမ်းကြောင်းကို ထောက်ရှုခြင်းဖြင့် ဒေသအတွင်း၌ နိုင်ငံဖြတ်ကျော် သယ်ဆောင်ရောင်းဝယ်သည့် ဂိုဏ်းအဖွဲ့များ၏ ချိတ်ဆက်မှုမြင့်တက်လာနေကြောင်း တွေ့ရှိနိုင်သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းမှ ကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိကြောင်း နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ ထုတ်ပြန်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက် ၆ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု တစ်ရာကုတ်ကျေးရွာအနီးရှိစိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းကို ဝင်ရောက်စီးနင်းရှာဖွေရာ ကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇၃၃ သန်း၊ စိတ်ကြွဆေးအကြေမှုန့် ၂၅၃ ကီလို၊ ဘိန်းစိမ်း သုံးကီလို၊ ကဖင်း ၂၉ ကီလို၊ AK-47 သေနတ်နှစ်လက်၊ ၎င်းကျည် ၁၀ ထောင့်၊ အမ် - ၂၂ သေနတ်တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ ပွိုင့်-၂၂ သေနတ်တစ်လက်၊ ၁၂ ဗို့ ပြောင်းရှည်သေနတ်တစ်လက်၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့် ဆေးပြားရိုက်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဒေသတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်မှုများက အရှိန်ကောင်းကောင်းနှင့် လှုပ်ရှားလည်ပတ်နေကြသည်ကို တွေ့မြင်နေရဆဲဖြစ်သည်။ မူးယစ်ဆေးဝါးများ သယ်ဆောင်သည့် လမ်းကြောင်းများရှုပ်ထွေးသကဲ့သို့ သယ်ယူပို့ဆောင်သည့် နည်းလမ်းများကလည်းဆန်းပြားသည်။ ပြောင်းဆန်အိတ်များ၊ အသီးအရွက်များနှင့် ရေနွေးဖုံးအုပ်သယ်ဆောင်ကြသည့်အပြင် မူးယစ်ဆေးဝါးများကို သနပ်ခါးဘူးများ၊ ဆီးသီးထုပ်များနှင့် အုန်းသီးခြောက်များအတွင်းမှာ ထည့်သွင်း သိုဝှက်သယ်ဆောင်ရန် လုပ်ဆောင်လာကြသည်။ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသော ကာလမှာပင် ဒေသတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်မှုများက တိုးပွားများပြားနေဆဲဖြစ်ပြီး မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်မှုများ အပေါ် ကပ်ရောဂါဖြစ်ပွားနေသော ကာလပင်ဖြစ်သော်လည်း များစွာအကျိုးသက်ရောက်မှုမရှိသည့် သဘောဖြစ်သည်။ ရောင်းလိုအားနှင့် ဝယ်လိုအားနှစ်မျိုးစလုံး ခြိမ်းခြောက်ခံနေရဆဲဖြစ်သည်ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို (CCDAC MYANMAR) က ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

**မူးယစ်ဆေးဝါးပြဿနာ**

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံက တိုက်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်း၏ ကျန်းမာရေး၊ လူမှုရေး၊ ဒေသတွင်း စီးပွားရေးအပေါ် ကြီးမားစွာ ဆိုးကျိုးသက်ရောက်စေပြီး အစိုးရ၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း ကြီးမားစွာထိခိုက်စေသည့် အဟန့်အတားကြီးတစ်ခုအဖြစ် ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံသာမက နိုင်ငံအားလုံးက ရေရှည်လက်တွဲပူးပေါင်းဖြေရှင်းသွားရမည့် လုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်းဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရိကာဆာဓာတုပစ္စည်းများသည်လည်း တရားမဝင်နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာမှုများကြောင့် ဒေသတွင်း လူလုပ်ဆေးဝါး (Synthetic Drugs) ထုတ်လုပ်မှုများ ဆက်လက်မြင့်မားလျက်ရှိသည်။ ဈေးနှုန်းသက်သာပြီး အရည်အသွေးပိုမိုကောင်းမွန်လာသော လူလုပ်ဆေးဝါးအသစ်များ ပေါ်ထွက်နေသည့်အပြင် နည်းပညာတိုးတက်လာမှုနှင့်အတူ ဒေသတွင်း၊ ဒေသအပြင်ဘက်ရှိ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများ၏ ပါဝင်ပတ်သက်မှု၊ ဈေးကွက်ချဲ့ထွင်မှု၊ သယ်ဆောင်ရောင်းဝယ်မှုပုံစံ ပြောင်းလဲလာမှုတို့ကြောင့် မူးယစ်ဆေးဝါးပြဿနာ ဆက်လက်ကြီးထွားနေဆဲဖြစ်သည်ကို တွေ့မြင်နေရသည်။

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်မှာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကမရှိမဖြစ်လိုအပ်သည့် ပရိကာဆာဓာတုပစ္စည်းထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လည်း လိုအပ်သည်။ ပရိကာဆာဓာတုပစ္စည်းများ ထိန်းချုပ်နိုင်ရေးအတွက် အိမ်နီးနားချင်းနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ လတ်တလော မူးယစ်ဆေးဝါးအခြေအနေ၊ ဒေသတွင်း ဘိန်းဖြူသယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးများနှင့် စိတ်ပြောင်းဆေးဝါးများ၊ တရားမဝင်ထုတ်လုပ်သည့် စက်ရုံများနှင့် လျှို့ဝှက်ဓာတ်ခွဲခန်းများ၊ မက်အဖက်တမင်း သယ်ဆောင်ရောင်းဝယ်ရေး၊ နယ်စပ်ဒေသများတွင် ဘိန်းပင်နှင့် ဆေးခြောက်ပင် တရားမဝင်စိုက်ပျိုးခြင်းတို့ကို ဖော်ထုတ်အရေးယူရမည်ဖြစ်သည်။


**ဆေးဝါးများဆိုင်ရာ ဥပဒေ**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက်တွင် စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့ ဆန်ဆိုင်း (က)ရပ်ကွက်ရှိ နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ်မှ Ecstasy ဆေးပြား ၆၁၆၀၀၀၊ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့် (Happy Water) ၁၁၃ ဒသမ ၀၄ ကီလို၊ Erimin-5 ဆေးပြား ၃၅၀၀၀ နှင့် Honda မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးပစ္စည်းများ ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေအရ ထပ်မံအရေးယူနိုင်ရေးနှင့် ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအတွက် ဘိန်းဖြူသည် အမြင့်ဆုံးနှင့် အပြင်းထန်ဆုံးအက်စစ်တစ်မျိုး ဖြစ်သည်။ WY ဆေးပြားသည် အက်စစ်ကို အခြေခံထားပြီး ဆာလဖျူရစ်အက်စစ်၊ နိုက်ထရစ်အက်စစ်တို့အပြင် ထုံးရည်ကြည် စသည့် အက်စစ် ၁၄ မျိုး ပါဝင်သည်။ ဘိန်းဖြူသုံးစွဲပြီးနောက် ဆေးကျွမ်းသည့်အဆင့်မှာ လူ့ခန္ဓာကိုယ်၏ အမာဆုံးအစိတ်အပိုင်းဖြစ်သော အရိုးများက အမှုန့်ဖြစ်သွားစေသည်။ **စာမျက်နှာ ၁၉ သို့** ☆

> မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်မှာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကမရှိမဖြစ်လိုအပ်သည့် ပရိကာဆာဓာတုပစ္စည်းထိန်းချုပ်ရေးကို ဦးစားပေး ဆောင်ရွက်ရန်လည်း လိုအပ်သည်။ ပရိကာဆာဓာတုပစ္စည်းများ ထိန်းချုပ်နိုင်ရေး အတွက် အိမ်နီးနားချင်းနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။ လတ်တလော မူးယစ်ဆေးဝါးအခြေအနေ၊ ဒေသတွင်း ဘိန်းဖြူသယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးများနှင့် စိတ်ပြောင်း ဆေးဝါးများ၊ တရားမဝင်ထုတ်လုပ်သည့် စက်ရုံများနှင့် လျှို့ဝှက်ဓာတ်ခွဲခန်းများ၊ မက်အဖက်တမင်း သယ်ဆောင်ရောင်းဝယ်ရေး၊ နယ်စပ်ဒေသများတွင် ဘိန်းပင် နှင့် ဆေးခြောက်ပင် တရားမဝင်စိုက်ပျိုးခြင်းတို့ကို ဖော်ထုတ်အရေးယူရ မည်

# ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ဘားအံ ဒီဇင်ဘာ ၁၈**

ဒီဇင်ဘာ ၂၂ ရက်တွင် ကျရောက်မည့် ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းရှိ သံလွင်မြစ်အတွင်းနှင့် မုန့်ညဈေးတန်းနေရာတို့၌ ကျင်းပသည်။

**၁၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်**

လှေလှော်ပြိုင်ပွဲသို့ ဘားအံမြို့နယ်အတွင်းရှိ တိုက်နယ်ကိုးခုမှ အမျိုးသားတက် ၂၀ လှော်နဂါးလှေလှော်ပြိုင်ပွဲ ကိုးသင်း၊ ခုနစ်တက်လှော် ကိုးသင်း၊ ငါးတက်လှော် ကိုးသင်း၊ အမျိုးသမီး ခုနစ်တက်လှော် ရှစ်သင်း၊ ငါးတက်လှော် ရှစ်သင်း စုစုပေါင်း လှေလှော်အားကစားသမား ၃၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နှစ်ရက်ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲ၊ ခုနစ်တက်လှော်ပြိုင်ပွဲနှင့် အမျိုးသားတက် ၂၀ လှော် နဂါးလှေလှော်ပြိုင်ပွဲတို့ကို ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ ရပ်ကွက်/ကျေးရွာများမှ အားကစားဝါသနာရှင်များက သောင်းသောင်းဖြဖြ ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရအသင်းများနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှေလှော်အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍အားပေးစကားများပြောကြားခဲ့ကြောင်းနှင့် ယခုပြိုင်ပွဲသည် ကရင်ပြည်နယ်၏ အထင်ကရသံလွင်မြစ်အတွင်း ပထမဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

( ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

( င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို မတင်ရ။

( စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာ မတပ်ဆင်ရ။

( ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

( ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

( ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။

( ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်း ကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ် မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

( ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

( ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

☆ စာမျက်နှာ ၁၈ မှ

နီကိုတင်းဓာတ်သည် ခန္ဓာကိုယ်တွင်းရောက်ရှိပြီး နောက် နာရီ ၂၀ ကြာသည်အထိ အာနိသင်မပြယ်ရှိနေတတ်ပြီး ရာခိုင်နှုန်းအနည်းငယ်ကိုသာ ဆီးအဖြစ် ကျောက်ကပ်က အဆိပ်ဖယ်ရှားနိုင်သည်။ ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် နီကိုတင်းအဆိပ်သင့်နိုင်သည်။ ဆေးလိပ်ငွေ့ထဲတွင် ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်း ၅၀ ကျော်နှင့် အခြားဓာတ်ပစ္စည်းအမျိုးပေါင်း ၄၀၀၀ ကျော်တို့ပါဝင်သည်။ ရုံးခန်း၊ အိမ်ခန်း၊ အိမ်စီးကားများအတွင်း ဆေးလိပ်သောက်ပါက ဆေးလိပ်မှုန်များသည် ကြမ်းပြင်၊ ကြမ်းခင်း၊ ကော်ဇော၊ ဆိုဖာ ဆက်တီ၊ ဗီရို စသည်တို့အပေါ်တွင် စွဲတင်ကျန်နေပြီး နီကိုတင်းဓာတ်မှာ ရက်ပေါင်းများစွာ တည်ရှိနေသည်။ လေလုံသည့်အခန်းတစ်ခုထဲတွင် ဆေးလိပ်ငွေ့၏ အကြွင်းအကျန်များ ငါးနာရီခန့်ကြာသည်အထိ ရှိနေတတ်သည်။ ကျန်းမာရေးအတွက် အလွန်အန္တရာယ်များပြီး ၎င်းပြဿနာကို Third Hand Smoke ဟုခေါ်သည်။

မူးယစ်ဆေးပြားများမှာ အမျိုးအစားအလိုက်ဈေးနှုန်းကွာခြားမှုရှိပြီး လူငယ်များအကြား စိတ်ကြွဆေးပြားများသုံးစွဲမှု များပြားလာသည်နှင့်အမျှ ခိုက်ရန်ဖြစ်ပွားမှုများ၊ လူမှုရေးပိုင်းဆိုင်ရာ ပြဿနာများဖြစ်ပွားမှုလည်း များပြားလာကြောင်း သိရသည်။ ထိုင်းနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်နေသော မြန်မာများက ဆေးပြားများကျွေးပြီး အလုပ်စေခိုင်းကြကြောင်း သိရသည်။ ထိုင်းနိုင်ငံဈေးကွက်များစွာ၌ အချိုအုပ်ထားသော Sweet Coated ဆိုသည့် ဆေးပြားကိုပါ အလွယ်တကူဝယ်ယူရရှိနိုင်သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ခေတ်နှင့်အညီ လိုက်လျောညီထွေရှိစေရန် ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ အဆင့်အထိ အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဆေးဝါးထုတ်လုပ်သည့်နေရာ**

မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေး စသည်တို့ကိုဆောင်ရွက်နေပြီး သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးလှုံ့ဆော်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး စသည့် လုပ်ငန်းများပါဝင်သည်။ ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများ လျော့ကျသွားခြင်းမရှိသည့်အပြင် မြင့်တက်လာသည်။ မူးယစ်ဆေးဝါးပြဿနာသည် တဖြည်းဖြည်းနှင့် မြန်မာတစ်မျိုးသားလုံးကို ခြိမ်းခြောက်နေသည့်အဆင့်မှကျော်လွန်၍ ဒေသတွင်းနိုင်ငံများကိုပါ အန္တရာယ်ပေးနေသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ လူသားအားလုံးကို အညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နှိမ်နင်းရာ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ ဆေးဝါးထုတ်လုပ်သည့် နေရာများသို့ လမ်းလွဲမရောက်စေရန် စစ်ဆေးကြပ်မတ်ခြင်းမှာ အလေးထားလုပ်ဆောင်ရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပုံပြင်

# လူပုကလေး ခုနစ်ယောက်

မင်းယုဝေ

ရှေးသရောအခါ ပုကွသောလူကလေး ခုနစ်ယောက်တို့သည် မိတ်ဆွေအဖြစ် အတူတကွ ပေါင်းဖော်မိလေ၏။ သူတို့သည် စွန့်စွန့်စားစား ခရီးသွားလိုရကား အချင်းချင်းအဖော်စပ်ကြကုန်၏။ အားလုံးညီညွတ်ကြသော် သတ္တိပြောင်၍ အံ့လောက်သော စွန့်စားခြင်းများနှင့် ရင်ဆိုင်ရန် ခရီးထွက်ခဲ့ကြလေ၏။ သူတို့သည် အရေးကြုံက ခုခံနိုင်စေခြင်းငှာ တုတ်ကြီးတစ်ချောင်းကို ယူဆောင်ခဲ့ကြလေသည်။ ထိုတုတ်ကြီးသည် လေးလံခိုင်မာသည့်အပြင် အလွန်လည်း ရှည်လျားလေသည်။

ထို့ကြောင့် သူတို့ခုနစ်ယောက်လုံးပင် ထိုတုတ်ကြီးကို ထမ်းသွားကြရလေသည်။ ရှေ့ဆုံးတွင် အရဲရင့်ဆုံးသော ပထမလူပုကလေးကနေ၏။ နောက်ဆုံးတွင်ကား အကြောက်တတ်ဆုံးဖြစ်သော သတ္တမလူပုကလေးက လိုက်ပါလေ၏။

တစ်နေ့သ၌ သူတို့သည် ညအိပ်ရမည့်ရွာကို ရောက်လုဆဲတွင် ကွင်းပြင်ကြီးတစ်ခုကို ဖြတ်၍ သွားကြရလေ၏။ ထိုကွင်းထဲတွင် ချုံပုတ်များလည်း ရှိကြလေသည်။ သူတို့ဖြတ်သန်းသွားခိုက်တွင် မှက်တစ်ကောင်သည် ချုံပုတ်တစ်ခုတွင်းမှ ထွက်ကာ ခရီးသည်များအနီး၌ ရစ်ဝဲ၍နေလေ၏။ ထိုမှက်သည် တဝီဝီမြည်ကာ သူတို့အနီး၌ ရစ်ဝဲပျံသန်းနေလေ၏။ ထိုအခါ ရှေ့ဆုံးမှ ပထမလူပုကလေးသည် အတန်ကြောက်ရွံ့လာလေတော့၏။ တဖြည်းဖြည်းနှင့် သူသည် မှက်၏တဝီဝီမြည်သံကို နားထောင်ရင်း ကြောက်သည်ထက် ကြောက်လာရာ လက်မှတုတ်ပင် လွတ်ကျလုမတတ် ရှိလာလေ၏။ ခြေးများ တစ်ကိုယ်လုံး ရွှဲနစ်နေလေတော့၏။

သူသည် တုန်လှုပ်လှသဖြင့် သူ့အဖော်များအား..

"အဆွေတို့၊ နားထောင်ကြပါလော့။ ကျွန်ုပ်သည် စစ်ချီလာသော ဘင်ခရာသံများကို ကြားရပါ၏။ သင်တို့သည် ကြားကြပါ၏လော" ဟူ၍ ဟစ်အော်ပြောဆို၏။ ထိုအခါ ဒုတိယလူပုကလေးသည် မည်သည့်အနံ့ကို ရလေသည်မသိ။

"မှန်ပေသည် အဆွေတို့၊ တစ်စုံတစ်ခုသည် ကျွန်ုပ်တို့အနီး၌ပင် ရှိရပေမည်၊ အကြောင်းသော်ကား ကျွန်ုပ်သည် ယမ်းနံ့နှင့် ညှော်နံ့များကို ရသောကြောင့် ဖြစ်ပေသည်" ဟုပြောဆို၏။

ထိုစကားကို ကြားသည်နှင့်တစ်ပြိုင်နက် ပထမလူပုကလေးသည် ချုံတစ်ခုကို ကျော်လွှား၍ ထွက်ပြေးရန် ကြံစည်လေ၏။ သို့ရာတွင် သူသည် ချုံတစ်ဖက်ရှိ ကောက်ရိတ်သမားတို့ ထားခဲ့သော ကောက်ဆွမှ ခက်ရင်းသွားများကို နင်းမိလေ၏။ ဤတွင် ကောက်ဆွ၏လက်ကိုင်တစ်ဖက်မှာ ခုန်နင်းချသောအရှိန်ကြောင့် ထောင်ကာ သူ၏နဖူးကို ပြင်းထန်စွာရိုက်မိလေတော့၏။ ထိုအခါ ပထမလူပုကလေးသည် လက်နှစ်ဖက်ကို မြှောက်၍ ...

"အို... ရန်သူတို့၊ ကျွန်ုပ်တို့အား မနှိပ်စက်ပါလင့်၊ ကျွန်ုပ် အဖမ်းခံပါ၏။ ကျွန်ုပ်လက်နက်ချပါ၏" ဟု အော်ဟစ်လေ၏။ သူ၏အသံကိုကြားလျှင် နောက်မှ အဖော်ခြောက်ယောက်တို့လည်း ချုံပုတ်ကို ခုန်ကျော်ကာ...

"ကျွန်ုပ်တို့လည်း လက်နက်ချပါ၏။ ကျွန်ုပ်တို့လည်း အဖမ်းခံပါ၏" ဟု သံပြိုင်အော်ဟစ်ကြကုန်၏။ အတန်ကြာသော်လည်း သူတို့ကို ဖမ်းဆီးမည့်သူများ မပေါ်လာသည်ကိုတွေ့ရမှ သူတို့အထင်မှားနေကြောင်း ရိပ်မိလာကြတော့၏။ ထိုအခါ သူတို့သည် သူတို့အဖြစ်ကို ရှက်လေရကား ရွာသို့ရောက်လျှင် ထိုအကြောင်းကို မည်သူ့အားမျှမပြောစတမ်းဟု အချင်းချင်းကတိထားကြကုန်၏။ ဤပထမစွန့်စားခန်းနှင့် တွေ့ကြုံရပြီးနောက် သူတို့သည် အတန်ကြာပင် ချောမောစွာခရီးဆက်နိုင်လေသည်။ မကြာမီပင် သူတို့သည် မရိတ်သိမ်းရသေးသော လယ်ကွင်းတစ်ခုသို့ရောက်ရှိလာကြလေ၏။

ထိုကွင်းထဲတွင် ယုန်တစ်ကောင်သည် အိပ်နေလေသည်။ ထိုယုန်သည် အသံများကို ကြားရစေခြင်းငှာ နားရွက်နှစ်ခုကိုထောင်ကာ နားစွင့်ထားလေသည်။ သူ၏ ပြူးကြောင်၍ တောက်ပသောမျက်လုံးနှစ်လုံးကိုလည်း ကျယ်စွာဖွင့်ထားလေသည်။ သူရဲကောင်းလူပုကလေး ခုနစ်ယောက်တို့သည် ထိုယုန်ကိုမြင်သော် အလွန်ပင်ထိတ်လန့်ခြင်းဖြစ်ကြကုန်လေ၏။သူတို့သည်မည်သို့ပြုလျှင်ကောင်းမည်ကို အချင်းချင်းအကြံတောင်းကြကုန်၏။ တိုင်ပင်ကြကုန်၏။ အကယ်၍ သူတို့သည် ထွက်ပြေးပါက ထိုသတ္တဝါသည် သူတို့နောက်မှ မုချလိုက်လာပေလိမ့်မည်။ မီလာပါကသူတို့ကို အပိုင်းပိုင်းဖြစ်အောင် ကိုက်သတ်စားပစ်ပေလိမ့်မည်။ ထို့ကြောင့် သူတို့သည် ရဲဝံ့စွာပင် ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ကြရလေတော့၏။ ရဲရင့်စွာပြုမူခြင်းသည် တစ်ဝက်အောင်မြင်ခြင်းဖြစ်သည်ဟု အချင်းချင်းအားပေးကြကုန်၏။

ထို့ကြောင့်ပင် သူတို့သည် တုတ်ကြီးကို လှံသဖွယ် အသုံးပြုရန်အသင့်လုပ်ဆောင်ထားလေသည်။ ဤတွင် ပထမလူပုကလေးသည် တုတ်ကြီးကို သူတစ်ဦးတည်းသာ ကိုင်ဆောင်လိုစိတ်ဖြစ်ပေါ်လာလေတော့၏။ ထိုအကြံကို သူ၏အဖော်များအား ပြောပြသော် ပထမလူပုကလေးသည် ကြောက်ရွံ့သောကြောင့်ဖြစ်လိမ့်မည်ဟု အဖော်များက တွေးမိကြလေ၏။ ထို့ကြောင့်အားလုံးထဲတွင် အကြောက်တတ်ဆုံးဖြစ်သော သတ္တမလူပုကလေးသည် တစ်ခါတည်းထွက်ပြေးသွားလေတော့၏။ ကျန်လူပုကလေးတို့ကမူ ရှေ့သို့တိုးမည်ပြုကြကုန်၏။ ထိုအခါ ရှေ့ဆုံးမှ ပထမလူပုကလေးသည် ဘုရားတကာ သူ့ကိုယ်သူ အားပေးနေလေ၏။ ပြီးမှ ရှေ့သို့ချီတက်လေ၏။

သို့သော်သူတို့သည် ယုန်သတ္တဝါနှင့်နီးလာသောအခါ အလွန်ကြောက်လန့်တုန်လှုပ်ရကား သံကုန်အော်ဟစ်မိလေတော့၏။ ဤတွင် အိပ်နေသောယုန်လည်းနိုးကာ ထိတ်လန့်တကြားထွက်ပြေးလေ၏။ ထိုအခါမှသူရဲကောင်းတို့သည် သူတို့၏ရန်သူမှာ အခြားမဟုတ်၊ ယုန်ငယ်မျှသာဖြစ်ကြောင်း သိကြရ၏။

ဤတွင် သူတို့သည် ထွက်ပြေးသော သတ္တမလူပုကလေးကို အော်ဟစ်ခေါ်ရလေတော့၏။ သူတို့၏ ရှင်းပြသံကြားရမှ သတ္တမလူပုကလေးသည် ပုန်းနေရာမှ ထလာလေတော့သည်။ ထိုစွန့်စားခန်းနှင့် ကြုံတွေ့ရပြီးသော် သူတို့သည် ခရီးဆက်ခဲ့ကြပြန်၏။ သူတို့သည် တရွေ့ရွေ့နှင့် မြစ်တစ်ခုအနီးသို့ ရောက်ရှိကြလေ၏။ ထိုမြစ်ကား နက်သော်လည်း ရေမျက်နှာပြင်မှာငြိမ်သက်လှသည်။ တစ်ဖက်ကမ်းသို့ကူးရန် တံတားဟူ၍လည်းမရှိချေ။ လှေဖြင့်သာ ကူးကြရလေသည်။ ထိုအကြောင်းကိုလည်း မသိ၊ ဉာဏ်လည်း မရှိသော လူပုကလေးခုနစ်ယောက်တို့သည် တစ်ဖက်ကမ်းသို့ မျှော်ငေးလျက်သာနေကြကုန်၏။

သို့ကြည့်နေကြစဉ် တစ်ဖက်ကမ်း၌ အလုပ်လုပ်နေသော လူတစ်ယောက်ကို မြင်ကြလေ၏။ ထိုအခါ သူတို့သည် ထိုသူကိုပင် မေးမြန်းစုံစမ်းအံ့ဟု ဟစ်အော်၍ခေါ်ကြကုန်၏။ တစ်ဖက်ကမ်းမှလူက ပြန်လည်အသံပြုသော် သူတို့က ထိုမြစ်ကို မည်သို့ဖြတ်ကူးရမည်နည်းဟု မေးမြန်းကြပြန်၏။ မြစ်မှာ အတန်ပင်ကျယ်သဖြင့် တစ်ဖက်ကမ်းမှ လူသည် သူတို့မေးသည်ကို ကောင်းစွာနားမလည်ချေ။ ထို့ကြောင့်...

"အဘယ်ကို မေးသနည်း၊ အဘယ်ကို မေးသနည်း"ဟု ပြန်မေးလေ၏။

ထိုစကားကိုလည်း ဤဘက်ကမ်းရှိလူပုကလေးခုနစ်ယောက်တို့သည် နားမလည်ကြချေ။ သူတို့စိတ်ထဲတွင် ထိုသူက မြစ်တိမ်သဖြင့် ဆင်းလျှောက်ခဲ့ရန်ခေါ်သည်ဟု ထင်မှတ်ကြလေသည်။ ထို့ကြောင့် ရှေ့ဆုံးမှ ပထမလူပုကလေးသည် ခေါင်းဆောင်ပီပီ ရှေးဦးစွာ ရေထဲသို့ဆင်း၍ ဖြတ်ကူးလေ၏။ မကြာမီပင်သူသည် ရေနက်ရာသို့ရောက်ရှိကာ နစ်မြုပ်လေတော့၏။ ရေစီးမှာလည်း သန်လွန်းလှသဖြင့် မျောပါသွားလေသည်။

သို့ရာတွင် သူ၏ဦးထုပ်ကား လေသင့်သဖြင့် ရေမျက်နှာပြင်ပေါ်တွင် ရွေ့လျားလျက် တစ်ဖက်ကမ်းသို့ ဆိုက်လေ၏။ တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဖားငယ်တစ်ကောင်သည် ထိုဦးထုပ်ပေါ်သို့တက်၍ အော်မြည်နေလေ၏။ ထိုအသံကို ဤဘက်ကမ်းမှ လူပုကလေးခြောက်ယောက်တို့ ကြားလေရာသူတို့အားခေါ်သည်ဟုထင်မြင်မိကြပြန်လေ၏။

"အဆွေတို့၊ ကျွန်ုပ်တို့ခေါင်းဆောင်သည် ကျွန်ုပ်တို့အား လိုက်ခဲ့ရန်ခေါ်နေချေပြီ၊ အမြန်လိုက်မှ သင့်တော့မည်" ဟု အချင်းချင်းပြောဆိုကာ တစ်ယောက်ပြီးတစ်ယောက် ရေထဲသို့ ခုန်ဆင်းကြလေ၏။ ဤတွင် အားလုံးသည် ရေအောက်သို့နစ်မြုပ်ကာ သူတို့ခေါင်းဆောင်နောက်သို့ ရေစီးဖြင့် အစဉ်အတိုင်း မျောပါသွားကြလေတော့သတည်း။ ထိုနေ့မှစ၍ စွန့်စားခန်းရှာဖွေကြသော လူပုကလေးခုနစ်ယောက်တို့ကို မည်သူမျှမတွေ့မမြင်ရတော့ပေ။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





## ကဗျာ

# အေးရိပ်ဆာယာ

❖ မြရောင်ခြည်
ကြည်ကြည်လျှမ်းပါတဲ့
ရိပ်နန်း သည်ဆာယာဖြင့်
သည်နေရာ မြေငှလမ်းဆီက
ကြည်ဝေဆာ အပူခန်းစေဖို့
ချမ်းအေးလှ သည်သစ်ပင်။

❖ ဆထမ်းပိုး
ရိပ်မျိုးသည် ဆာယာထက်
ဆွေပီတာ မာတာရိပ်ရယ်က
ချွေးတိတ်ဖွယ် ကြည်ရွှင်အေးကာပ့်
ပူဝေး ဗျာပါကွာတော့
သြော် သည်ဆာယာ
ဘယ်ဟာလွှမ်းနိုင်လိမ့်
ချမ်းစိမ့်မှတ်ထင်။

❖ ဗျာပါကင်းပါဘိ
သည်မင်း သည်ဆရာတို့
ရီပြာပြာ ဆာယာအေးတွင်ဖြင့်
ကြည်သာယာ ဘယာဝေးကာပ
ရွှင်အေးစွာ ဘဝင်လန်းတာမို့
ပူခန်းဖြင့် ဘယ်မမြင်
ခိုဝင်က တုန်အေး။

❖ နှိုင်းဆမတန်
ထို့ထက်ကယ် ဆယ်ခါပြန်ပ့်
ပူဗျာပန် တဆံရှိပါဘု
ကြည်ရွှင်ရန် အမှန်ပြည့်ပါတဲ့
မြတ်ထီး ဘဂဝါ၏
သာသနာ ဆာယာရိပ်ရယ်က
ပွေဗျာပါ ဖြာဖြာတိတ်လို့ရယ်
အေးထိပ်မြသွေး။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## အိုင်ဇက် နယူတန်

အိုင်ဇက်နယူတန်(၁၆၄၂-၁၇၂၇) ကို အင်္ဂလန်နိုင်ငံ လင်ကိုရှိုင်းယားရှိ ဝူးလ်သော့(ပ်)မြို့တွင် မွေးဖွားခဲ့ပါသည်။ သူသည် အကြီးမြတ်ဆုံးသိပ္ပံပညာရှင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သူသည် အသက် ၈၄ နှစ်အရွယ် ၁၇၂၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

အိုင်ဇက်နယူတန်သည် အသက် (၁၉) နှစ်အရွယ်တွင် ကင်းဘရစ်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ ဒုတိယနှစ်ကျောင်းသားဘဝတွင် သူသည် အရေးကြီးသောသုတေသနကို ပြုလုပ်နေခြင်းဖြစ်သည်။ သို့ရာတွင် သူသည် ကင်းဘရစ်မှ ထွက်ခွာ၍ လင်ကိုရှိုင်းယားရှိ နေအိမ်သို့ ထွက်ခွာခဲ့သည်။ အကြောင်းမှာ ကြီးမားသော ပလိပ်ရောဂါကြောင့်ဖြစ်သည်။ ကူးစက်မှုအန္တရာယ် ကင်းစင်သည့်တိုင်အောင် သူသည်လင်ကိုရှိုင်းယားတွင် နှစ်နှစ်ကြာနေခဲ့သည်။

နယူတန်သည် သစ်သီးခြံတွင် ထိုင်နေရင်း ပန်းသီးတစ်လုံးကြွေကျနေသည်ကို ကြည့်သောဇာတ်လမ်းကို လူအများစုက ကြားသိခဲ့ပြီးဖြစ်သည်။ သူသည် အသက် (၂၃) နှစ်သာ ရှိသေးသော်လည်း ကမ္ဘာမြေကြီးက လနှင့်ဂြိုဟ်များရွေ့လျားမှုအကြောင်း နည်းလမ်းသစ်ကို တွေးနေခဲ့ပြီးဖြစ်သည်။ ကမ္ဘာ့ဆွဲအားသည် ပန်းသီးကို ကမ္ဘာမြေကြီးသို့ ဆွဲငင်သည်။ ကမ္ဘာဆွဲအားသည် လကို သူ၏ပတ်လမ်းတွင် ထိန်းသိမ်းထားသည်ကို သိရှိသဘောပေါက်ခဲ့သည်။ ဤသို့ဖြင့် ရွေ့လျားမှုနှင့် ကမ္ဘာ့ဆွဲအားသီအိုရီများသည် သူ၏ သီအိုရီ များအဖြစ် လူသိများလာခဲ့သည်။ လကို သူ၏ပတ်လမ်းတွင် ကမ္ဘာ့ဆွဲအားက ထိန်းသိမ်းထားခြင်းသည် ကျောက်တုံးပေါ်တွင်ချည်ထားသော အပ်ချည်ကြိုးမျှင်နှင့်တူသည်။ အပ်ချည်ကြိုးပြတ်သွားလျှင် ကျောက်တို့လည်း လွင့်ထွက်သွားမည်။ ကမ္ဘာ့ဆွဲအားသာမရှိပါက လသည် အာကာသအတွင်းသို့ ပျံထွက်သွားလိမ့်မည်။

နယူတန်သည် ကြယ်များကို လေ့လာရန် တယ်လီစကုပ်တစ်မျိုးကို ပြုလုပ်ရန် ကြိုးစားခဲ့ပါသည်။ သို့သော် သူတွေ့ရှိခဲ့သည်မှာ သူသည် မှန်ဘီလူးများ အသုံးပြုခဲ့လျှင် တောက်ပသောပုံရိပ်များတွင် အရောင်ရှိ အစွန်းများရှိခဲ့သည်ဟူ၍ ဖြစ်သည်။ ဤသို့ ဘာကြောင့်ဖြစ်သည်ကို ဖော်ထုတ်စုံစမ်းရန် ကြိုးစားရင်းနှင့် သူသည် မှန်တယ်လီစကုပ်ကို တီထွင်ခဲ့သည်။ ယင်းသည် အရောင်ရှိအစွန်းများကို မဖြစ်စေတော့ချေ။ ယနေ့ခေတ် တယ်လီစကုပ်များစွာသည် နယူတန်၏ဒီဇိုင်းကို အခြေခံကြသည်။ အရောင်ရှိအစွန်းများ ဘာကြောင့်ဖြစ်ပေါ်သလဲဆိုသော အကျိုးရလဒ်ကို စူးစမ်းလေ့လာရန် ဆုံးဖြတ်ထားသော သူ၏စွဲစွဲမြဲမြဲအလျှော့မပေးမှုကြောင့် အရောင်များစွာ၏ အရောအနှောသည် အဖြူရောင်ဖြစ်ကြောင်း သိရှိသဘောပေါက်သော ပထမဦးဆုံးလူဖြစ်ခဲ့သည်။ အဖြူရောင်ကို ခွဲထုတ်ခြင်းဖြင့် မိုးရေစက်များသည် သက်တံရောင်ကို ပြုလုပ်ပေးသည်။ ပရစ်ဇမ်ထုပုံသည် ရောင်စဉ်တန်းကို ပြုလုပ်ပေးသည်။ နယူတန်၏တွေ့ရှိချက်များ မတိုင်ခင်က မိုးရေစက်များ သို့မဟုတ် ပရစ်ဇမ်သည် အရောင်ကိုပေါင်းစပ်ပေးသည်ဟု လူများက တွေးထင်ခဲ့ကြသည်။

နယူတန်၏ အကြီးမြတ်ဆုံးစာအုပ်ကို လက်တင်ဘာသာဖြင့် ရေးသားခဲ့ပြီး Principia (1686–1687) ဟုခေါ်ကြသည်။

### မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ယင်းစာအုပ်တွင် နယူတန်၏ရွေ့လျားမှုဆိုင်ရာ ဥပဒေ (၃) ရပ် ပါဝင်ခဲ့သည်။ သိပ္ပံပညာရှင်များ၏ အမြဲတမ်းတွေ့နေသောလမ်းကြောင်းပေါ်သို့ ယင်းသည် ကြီးမားသောအကျိုးသက်ရောက်မှုရရှိခဲ့သည်။ သို့ရာတွင် သူ၏အလုပ်ကြိုးစားမှုရလဒ်များကို မရေးချနိုင်ခဲ့ချေ။ သူသည်အခြားသူများကိုဝေဖန်ရင် အလွန်ဆင်ခြင်တုံတရားရှိသဖြင့် သူ၏အဖိုးတန်ဆုံး ရှာဖွေတွေ့ရှိချက်များကို ရေးသားထုတ်ဝေရန် သူ့သူငယ်ချင်းများ၏ တိုက်တွန်းခြင်းခံရသည်။ Principia ကိုထုတ်ဝေပြီးနောက် သူသည် လူထုဘဝတွင် တက်ကြွမှု၊ စိတ်အားထက်သန်မှု ရှိလာခဲ့သည်။ သူသည် Royal Mint ၏ မာစတာအဖြစ် ခန့်အပ်ခြင်းခံရသည်။ သူသေသည့်တိုင်အောင် နာမည်မှတ်တိုင် ကျန်ရှိနေခဲ့သည်။ (ဒါကြောင့်လည်း သူ့ပုံတူပန်းချီဟာ အင်္ဂလိပ်စတာလင် တစ်ပေါင် ငွေစက္ကူ၏ ကျောဘက်မှာ ရှိနေခြင်းပါ) သူသည် ၁၇၀၃ ခုနှစ်တွင် တော်ဝင်အဖွဲ့အစည်း၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ သူသည် သေဆုံးခြင်းမတိုင်ခင်အထိ နှစ်စဉ်ပြန်လည်ရွေးချယ်ခြင်း ခံရသည်။ သင်္ချာနှင့် နက္ခတ္တပညာတို့ကို လေ့လာသကဲ့သို့ သူသည် ရူပဗေဒ၊ ဓာတုဗေဒ၌ ကနဦးအဆင့်နှင့် ထာဝရဘုရားသခင်ဆိုင်ရာ လေ့လာမှုပညာရပ်ကိုလည်း ဝင့်ဝါပလွှားခြင်းမရှိသောကြောင့် သူသည် ထင်ရှားကျော်ကြားရုံမက သူ၏အတွေးနက်မှုကြောင့်လည်း ထင်ရှားကျော်ကြားပြန်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။






# သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ပေါက်ပေါက်

သက်ရှိများ အသက်ရှင်နေထိုင်နိုင်ရန်အတွက် ဤကမ္ဘာအား မြေထု(Lithosphere)၊ ရေထု (Hydro–sphere)၊ လေထု (Atmosphere) တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ သက်ရှိလောကကြီး (Biosphere) သည် အဆိုပါ မြေ၊ ရေ၊ လေတို့အပေါ် လုံးလုံးလျားလျား မှီခိုနေရသည်။ ထို့ကြောင့် မြေထု မရှိလျှင် သက်ရှိလောကကြီး မရပ်တည်နိုင်သကဲ့သို့ လူသားများနှင့် သက်ရှိအားလုံး အသက်ရှင်ရပ်တည်နိုင်ရန်အတွက် လိုအပ်သော အပူ၊ အအေးကိုလည်း ရေထုက ချိန်ညှိပေးသည်။ လေထုကလည်း လူသားများနှင့် သတ္တဝါတို့အတွက် မရှိမဖြစ်လိုအပ်နေသော အောက်ဆီဂျင်ကို အချိန်ပြည့် ထောက်ပံ့ပေးနေပြီး အဆိုပါ လေထုကို အကာအကွယ်ပေးနေသော အဓိကအပိုင်းမှာ "အိုဇုန်းလွှာ" ဖြစ်သည်။




**အိုဇုန်းလွှာအကြောင်း သိကောင်းစရာ**

အိုဇုန်းလွှာဆိုသည်မှာ လေထုထဲတွင်သဘာဝအလျောက် ဖြစ်ပေါ်နေသည့် အလွှာတစ်မျိုးဖြစ်ပြီး အင်္ဂလိပ်အမည်အားဖြင့် Ozone layer ဟုခေါ်သည်။ အိုဇုန်းဓာတ်ငွေ့ကို မော်လီကျူးများဖြင့် ဖွဲ့စည်းထားပြီး မော်လီကျူးတစ်ခုစီတိုင်းတွင် အောက်ဆီဂျင်အက်တမ် သုံးခု ပါရှိနေသဖြင့် ၎င်းကို ဓာတုဗေဒသင်္ကေတအားဖြင့် ($O_3$) ဟု သတ်မှတ်သည်။ အိုဇုန်းဓာတ်ငွေ့သည် အပြာရောင်ဖျော့ဖျော့ရှိပြီး အလွန်အနံ့ပြင်းသည်။ အိုဇုန်းလွှာကို ၁၉၁၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံသား ရူပဗေဒပညာရှင်များဖြစ်ကြသော ချားလ်စ်ဖာဘရီနှင့် အွန်နရီဘွီဆန်တို့က စတင်ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထို့နောက် ယင်းအိုဇုန်းလွှာ၏ အကျိုးရှိပုံများကို ဗြိတိသျှနိုင်ငံသား လေထုပညာရှင်ဂျီအမ်ဘီဒေါ့ဘ်ဆန်က အသေးစိတ်လေ့လာတွေ့ရှိခဲ့သည်။

**အိုဇုန်းအလွှာ၏ တည်နေရာ**

မိမိတို့နေထိုင်ကြသော ကမ္ဘာကြီးကို လေထုအလွှာလေးလွှာဖြင့် ဝန်းရံထားကြကာ ၎င်းတို့အနက် ဒုတိယအလွှာဖြစ်သော စထရာတိုစဖီးယား (Stratosphere) လေထုအလွှာ၏ အပေါ်ဘက်တွင် အိုဇုန်းအလွှာတည်ရှိသည်။ အဆိုပါ အိုဇုန်းလွှာသည် ကမ္ဘာမြေပြင်အထက် ပျမ်းမျှ ၁၀ မိုင်မှ ၂၅ မိုင်အကွာတွင်ရှိကြောင်း ပညာရှင်များက တွက်ချက်ခန့်မှန်းထားသည်။

**အိုဇုန်းလွှာ၏ ကောင်းကျိုးပြုပုံများ**

အိုဇုန်းလွှာသည် ကမ္ဘာပေါ်ရှိ လူအပါအဝင် သက်ရှိသတ္တဝါ အားလုံးတို့အတွက် လွန်စွာကောင်းကျိုးပြုပုံများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်–

- အိုဇုန်းလွှာ၏တာဝန်သည် နေရောင်ခြည်နှင့်အတူပါလာသည့် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအနက် လူနှင့် သက်ရှိတို့အား အန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည်များဖြစ်ကြသည့် "UV–B" ကို ၉၅ ရာခိုင်နှုန်းအထိလည်းကောင်း၊ "UV–C" ကို ၁၀၀ ရာခိုင်နှုန်းအထိလည်းကောင်း စုပ်ယူစစ်ထုတ်ပေးသည်။ ထို့ကြောင့် အိုဇုန်းလွှာက ကမ္ဘာ့လေထုသန့်ရှင်းစေဖို့အတွက် "အငွေ့စစ်ကိရိယာတစ်ခု" သဖွယ် အကျိုးပြုလျက်ရှိသည်။
- အကယ်၍ အိုဇုန်းလွှာမရှိတော့ဘဲ UV–B နှင့် UV–C ခရမ်းလွန်ရောင်ခြည်များ လေထုထဲတွင် ပါလာပါက လူ့အသားအရေကို ထိတွေ့မိလျှင် မီးလောင်သကဲ့သို့ အဖုများထွက်လာနိုင်သည်။ ခရမ်းလွန်ရောင်ခြည်ကို အနည်းငယ်တွေ့မိရုံမျှဖြင့် အရေပြားကင်ဆာရောဂါ ဖြစ်ပွားတတ်ခြင်း၊ မျက်စိတိမ်စွဲရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် လူအပါအဝင် သက်ရှိတိရစ္ဆာန်တို့၏ အရေပြားသည် ခရမ်းလွန်ရောင်ခြည်သင့်မှုကြောင့် အရေပြားတွင် ဓာတ်ပြောင်းလဲခြင်းဖြစ်ကာ ရောဂါအသစ်အဆန်းများလည်း ပေါ်လာနိုင်သည်။
- သစ်ပင်များတွင်လည်း ကြီးထွားမှုနှေးခြင်း၊ သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ သစ်ပင်သီးနှံများတွင် အာဟာရဓာတ်များ ယုတ်လျော့သွားကာ စားသုံးသူကို အဆိပ်အတောက်ဖြစ်စေခြင်း၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးခြင်းနှင့် ရုပ်ဝတ္ထုပစ္စည်း ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်ခြင်း စသည့် အန္တရာယ်များ ကြုံတွေ့ရနိုင်သည်။
- အကယ်၍ ဗီတာမင်ဆေးဝါးများ၊ ဆိုးဆေးများ၊ သတ္တုဓာတ်ပါရှိသော ဆေးဝါးနှင့် အစားအသောက်များ၊ ဆီများကို ခရမ်းလွန်ရောင်ခြည်သင့်ပါက သိပ္ပံရုပ်ရှင်များတွင် တွေ့မြင်ရသကဲ့သို့ အရောင်များတဖျပ်ဖျပ်လက်လာပါလိမ့်မည်။ ၎င်းပစ္စည်းများမှာ ပူလွန်းလှသည့်အတွက် စား၍မရတော့ပေ။
- လူကိုဒုက္ခပေးသော ဥပမာ ဗက်တီးရီးယား၊ ဗိုင်းရပ်စ် သို့မဟုတ် မှိုတစ်မျိုးမျိုးတို့ကို အိုဇုန်းဓာတ်နှင့် ထိတွေ့မိသောအခါ ၎င်းဗက်တီးရီးယားပိုးတို့၏ မျက်နှာပြင်ပေါ်တွင် အောက်စီဒိုက်ဖြစ်သွားပြီးနောက် ဗက်တီးရီးယားများကို သေစေသည်။ ထို့ကြောင့် အိုဇုန်းသည် အလွန်ကောင်းမွန်သော "ရောဂါပိုးကင်းဆေးတစ်ခု" အဖြစ် ကောင်းကျိုးပြုသည်။
- လတ်ဆတ်သည့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်တို့ကို ရောဂါပိုးမွှားများ သန့်စင်စေရန်အတွက် အိုဇုန်းပါသောရေဖြင့် ဆေးကြောနိုင်ကြောင်း လေ့လာသိရှိရသည်။

**အိုဇုန်းလွှာပျက်စီးခြင်း**

အိုဇုန်းလွှာ၏ အရည်အသွေးကို ဒေါ့ဘ်ဆန်ယူနစ်(Dobson Units) ဟု သတ်မှတ်လေ့ရှိပြီး စံနှုန်းသတ်မှတ်ချက်အရ အထူထုထည်က ၃၀၀ ဒေါ့ဘ်ဆန်ယူနစ် (သုံးမီလီမီတာ) ဖြစ်ပါသည်။ အကယ်၍၎င်းစံနှုန်းအထူထက် လျော့နည်းလာခြင်းကို အိုဇုန်းလွှာပျက်စီးခြင်း သို့မဟုတ် အိုဇုန်းလွှာပေါက်ပြဲခြင်းဟု ခေါ်သည်။ ၁၉၈၅ ခုနှစ်တွင် သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဆုံး အိုဇုန်းလွှာအပေါက်ကို အန္တာတိကတိုက်၏ အပေါ်၌ စတင်တွေ့ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အိုဇုန်းလွှာအပေါက်ကြီးသည် စံချိန်တင်လောက်အောင် ကြီးထွားလာခဲ့သည်။ ၂၀၀၆ ခုနှစ် ရောက်သောအခါ အဆိုပါ အပေါက်ကြီးသည် နောက်ထပ်တစ်ကြိမ် စံချိန်တင်ကြီးထွားလာပြန်ရာ ဂရင်းလင်းကျွန်းမှ ဆိုက်ဘေးရီးယားအနောက်ပိုင်းအထိ ကျယ်ပြန့်လာသည်။ တဖြည်းဖြည်းနှင့် အိုဇုန်းလွှာကြီး ပျက်စီးလာကာ ၂၀၁၆ ခုနှစ်တွင် ၁၂၄ ဒေါ့ဘ်ဆန်ယူနစ် (၁ ဒသမ ၂၄ မီလီမီတာ) သာရှိတော့ကြောင်း တွေ့ရှိရသည်။ အဆိုပါ မှတ်တမ်းသည် ၂၀၁၆ ခုနှစ်ကဖြစ်၍ ယခု ပစ္စုပ္ပန်ကာလ၌ အိုဇုန်းလွှာအပေါက်သည် စိုးရိမ်ဖွယ်အနေအထားဖြင့် အဆမတန်ကြီးမားနေမည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားကြသည်။

**အိုဇုန်းလွှာ ပျက်စီးရခြင်းအကြောင်း**

၁၉၇၀ ပြည့်နှစ်ဝန်းကျင်၌ သိပ္ပံပညာရှင်များသည် အိုဇုန်းလွှာကို အန္တရာယ်ပြုနေသည့် ဓာတ်ငွေ့တစ်ခုကို တွေ့ရှိလာခဲ့သည်။ ၎င်းကို ဓာတုဗေဒနည်းအရ ကလိုရိုဖလိုရိုကာဗွန် (အတိုကောက်အားဖြင့် CFC) ဟုခေါ်သည်။ အဆိုပါ CFC ဓာတ်ငွေ့သည် လူသားတို့အသုံးပြုနေသော ရေခဲသေတ္တာများ၊ ရေမွှေးဘူး၊ ခြင်ဆေးဘူး စသည့် စပရေးဘူးများနှင့် တီဗွီ၊ ကွန်ပျူတာများမှထွက်ရှိသည့် ဓာတ်ငွေ့များဖြစ်ကြောင်း သုတေသီများက အတည်ပြုထားသည်။ ၎င်း CFC မော်လီကျူးတစ်ခုသည် အိုဇုန်းမော်လီကျူးပေါင်း တစ်သိန်းခန့်ကို အသာအယာ ဖျက်ဆီးပစ်နိုင်သည်။ CFC ဓာတ်ငွေ့ကဲ့သို့ပင် အိုဇုန်းလွှာကို အန္တရာယ်ပေးတတ်သည့် နောက်ထပ် ဓာတ်ငွေ့နှစ်ခု ရှိနေပါသေးသည်။ တစ်ခုမှာ စက်ရုံ၊ အလုပ်ရုံများမှထွက်သော မီးခိုးခေါ် ကာဗွန်ဒိုင်အောက်ဆိုက်ဖြစ်ပြီး အခြားတစ်ခုမှာ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများတွင် ပါဝင်သော နိုက်ထရိုဂျင်ဒြပ်ပေါင်းများ ဖြစ်ကြသည်။

**အိုဇုန်းလွှာပျက်စီးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ**

ကုလသမဂ္ဂဆိုင်ရာ ပတ်ဝန်းကျင်အစီအစဉ် (UNEP)၏ အစီရင်ခံစာအရ အိုဇုန်းလွှာပျက်စီးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို အောက်ပါအတိုင်း တွေ့ရှိရကြောင်း လေ့လာသိရှိရသည်–

- ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ် လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာရောဂါ ဖြစ်ပွားလျက်ရှိပြီး နှစ်စဉ် ခန့်မှန်းခြေ လူဦးရေ ၆၆၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၃ သို့ *

**အိုဇုန်းလွှာကိုပျက်စီးစေသော အအေးပေးဒြပ်ပစ္စည်းများအစား အစားထိုးအသုံးပြုနေသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) များသည် အင်အားကြီးသော မှန်လုံအိမ်အာနိသင်ရှိသည့် Greenhouse Gas-GHGs ဓာတ်ငွေ့များဖြစ်ကြောင်း တွေ့ရှိထားသည်။ အဆိုပါ တွေ့ရှိချက်များအရ HFCs များထုတ်လုပ်မှု၊ သုံးစွဲမှုတို့ကို လျှော့ချနိုင်ရန်အတွက် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏(၂၈)ကြိမ်မြောက် အစည်းအဝေးတွင် ကီဂါလီပြင်ဆင်ချက်ကို ချမှတ်ခဲ့ကြပြီး HFCs များထုတ်လုပ်သုံးစွဲမှုကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့မှစ၍လည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၂၉ ခုနှစ်မှစ၍လည်းကောင်း လျှော့ချခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု ကာကွယ်ထိန်းချုပ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုများ လျှော့ချခြင်းကိုပါ တစ်ကမ္ဘာလုံး၏ ပူးပေါင်းမှုဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်**

# လှည်းကူးမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငမိုးရိပ်ချောင်း လူကူးတံတားဖွင့်ပွဲအခမ်းအနား ကျင်းပ



လှည်းကူး ဒီဇင်ဘာ ၁၈

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ ကျေးရွာအုပ်စုတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာအုပ်စုနေ ပြည်သူလူထု၏ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သော ဖောင်ကြီးအရှေ့ကျေးရွာနှင့် ဖောင်ကြီးအနောက်ကျေးရွာတို့ကို ဆက်သွယ်ထားသော ကိုယ်ထူကိုယ်ထ ငမိုးရိပ်ချောင်း လူကူးတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါ တံတားမုခ်ဦးရှေ့မဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ အောင်ဇေယျံတောရကျောင်းဆရာတော် ဦးပညာသာမိ၊ ရွှေလှည်းကိုးမီးတောရကျောင်းဆရာတော် ဦးပညာနန္ဒ၊ အောင်ဝိဇ္ဇာသိဒ္ဓိတောရကျောင်းဆရာတော် ဦးအိန္ဒက၊ ဖောင်ကြီးအရှေ့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဆိုင်နှင့် ဖောင်ကြီးအနောက် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ငမိုးရိပ်ချောင်း လူကူးတံတားသည် အရှည် ၂၀၉ ပေ၊ အကျယ် ခြောက်ပေရှိပြီး အောက်ခြေတိုင်များမှာ သံကူကွန်ကရစ်နှင့် အပေါ်ပိုင်းမှာ သံထည်များဖြင့် ဆောက်လုပ်ထားသော တံတားအမျိုးအစားဖြစ်ပြီး ကျေးရွာပြည်သူလူထု၏ ထည့်ဝင်ငွေဖြင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ဒေသခံပြည်သူများ နေ့စဉ်သွားလာလျက်ရှိသည့် လူကူးတံတား ဆောင်ရွက်ခြင်းဖြင့် ဖောင်ကြီးအရှေ့နှင့် ဖောင်ကြီးအနောက်ကျေးရွာများ အလွယ်တကူ သွားလာနိုင်မည်ဖြစ်၍ အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက တစ်ရွာနှင့်တစ်ရွာ လျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးကိစ္စများ လွယ်ကူစွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဒေသခံကျေးရွာနေ ပြည်သူများက ပြောကြားကြောင်း သိရသည်။

မြင့်ဦး

# မိုးညိုမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်း



မိုးညို ဒီဇင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တိုင်းတစ်တိုင်းလုံးအတွင်းရှိ မှတ်ပုံတင်တူနေသူများနှင့် ရပ်/ကျေးအတွင်း မှတ်ပုံတင် တူနေသူများအား Cross-Check စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိက မဲစာရင်းမှန်ကန်စေရေး မြေပြင်ရှိ လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မှတ်ပုံတင်နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ထပ်နေသူများနှင့်စပ်လျဉ်း၍ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မဲစာရင်း မှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ Cross-Check စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်/ကျေး စာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

# ဇလွန်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ဇလွန် ဒီဇင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာ လေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ အိုင်သလွန်ကျေးရွာတွင် အရှည် ၂၇၄၅ ပေ၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းချောင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် ညောင်ကုန်းကျေးရွာတွင် အရှည် ပေ ၁၆၂၀၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ အုတ်ဘောင်ခတ် ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ညောင်ဝိုင်းကျေးရွာတွင် အရှည် ၁၁၅၅ ပေ၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ အုတ်ဘောင်ခတ် ချောင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် နတ်စင်ဒေါင့်ကျေးရွာတွင် အရှည် ၁၁၅၅ ပေ၊ အကျယ် လေးပေ၊ ဒု ခြောက်လက်မရှိ အုတ်ဘောင်ခတ် ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာလေးရွာရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၄၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

၂၂၂



**စာစာအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့**

* စာမျက်နှာ ၂၂ မှ

- အိုဇုန်းလွှာကိုပျက်စီးစေသော ဒြပ်ပစ္စည်းအများစုသည် ကမ္ဘာ့ပူနွေးမှုညွှန်းကိန်း (Global Warming Potential - GWP) မြင့်မားကြပြီး အင်အားကြီးသော မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (GHGs) များဖြစ်သောကြောင့် ယင်းဒြပ်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် အဓိကအကြောင်းတစ်ရပ် ဖြစ်သည်။
- ရှေးယခင်က အာတိတ်နှင့် အန္တာတိကဒေသများမှာ ရေခဲဖုံးသောဒေသများဖြစ်ခဲ့သော်လည်း ၎င်းတို့အပေါ်ရှိ အိုဇုန်းလွှာပေါက်ပြဲခြင်းကြောင့် အလွန်ပြင်းသော နေရောင်ခြည်များသည် ရေခဲများပေါ်သို့ တိုက်ရိုက်ကျရောက်လာသည်။ ထိုအခါ ရေခဲတုံးကြီးများနှင့် ရေခဲပြင်များသည် ပင်လယ်များအတွင်း အရည်ပျော်ကျလာပြီး ပင်လယ်ရေထုမြင့်တက်လာသည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့နိုင်ငံများတွင် ရေကြီးရေလျှံခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့ ပေါ်ပေါက်လာရသည်။
- အခြားတစ်ဖက်တွင်လည်း ခရမ်းလွန်ရောင်ခြည်၏ အပူဒဏ်ကြောင့် ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်တက်လာသည်။ ထိုမြင့်တက်လာသော ကမ္ဘာ့အပူရှိန်ကြောင့် သစ်ပင်များ သေဆုံးကာ သစ်တောပြုန်းတီးမှုများ ဖြစ်လာရသည်။ ထိုအချိန်တွင် လူသားတို့က သစ်တောသစ်ပင်များကို အကြောင်းအမျိုးမျိုးဖြင့် မဆင်မခြင် ထပ်မံခုတ်ထွင်ကြပြန်ရာ သစ်တောများ ပိုမိုပြုန်းတီးသွားကာ မိုးလေဝသ မမှန်ကန်တော့ဘဲ အပူချိန်များ ပိုမိုမြင့်တက်ခြင်းဖြင့် သံသရာလည်နေသည်။

ယခုအခါ အိုဇုန်းလွှာကိုပျက်စီးစေသော အအေးပေးဒြပ်ပစ္စည်းများအစား အစားထိုးအသုံးပြုနေသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) များသည် အင်အားကြီးသော မှန်လုံအိမ်အာနိသင်ရှိသည့် Greenhouse Gas-GHGs ဓာတ်ငွေ့များဖြစ်ကြောင်း တွေ့ရှိထားသည်။ အဆိုပါ တွေ့ရှိချက်များအရ HFCs များထုတ်လုပ်မှု၊ သုံးစွဲမှုတို့ကို လျှော့ချနိုင်ရန်အတွက် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏(၂၈)ကြိမ်မြောက် အစည်းအဝေးတွင် ကီဂါလီပြင်ဆင်ချက်ကို ချမှတ်ခဲ့ကြပြီး HFCs များထုတ်လုပ်သုံးစွဲမှုကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀၁၉ ခုနှစ်နှင့်၂၀၂၀ ပြည့်နှစ်တို့မှစ၍လည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၂၉ ခုနှစ်မှစ၍လည်းကောင်း လျှော့ချခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု ကာကွယ်ထိန်းချုပ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုများ လျှော့ချခြင်းကိုပါ တစ်ကမ္ဘာလုံး၏ ပူးပေါင်းမှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် အိုဇုန်းလွှာကို နိုင်ငံတကာက နည်းအမျိုးမျိုးဖြင့် ဝိုင်းဝန်းစောင့်ရှောက်လျက်ရှိနေကြသော်လည်း ကမ္ဘာ့လူသားများကို ကောင်းကျိုးပြုသော အိုဇုန်းလွှာကို ဖျက်ဆီးနေသူမှာ ကမ္ဘာ့လူသားများပင်ဖြစ်နေသည်။ အိုဇုန်းလွှာကြီး ပြန်လည်ကျန်းမာလာစေရန်အတွက် အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းမှာ လူသားတို့နေထိုင်ရာ ဤကမ္ဘာမြေဝယ် သစ်တောသစ်ပင်များ များများရှိနေစေခြင်းဖြစ်သည်။ ထို့အတွက်ကြောင့်လည်း မိမိတို့နိုင်ငံအနေဖြင့်နှစ်စဉ် မိုးဦး၊ မိုးလယ်ကာလများတွင် စီမံချက်ဖြင့် သစ်ပင်စိုက်ပျိုးရေး လူထုလှုပ်ရှားမှုကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

သို့ပါ၍ နောင်အနာဂတ် မျိုးဆက်သစ် လူ၊ သတ္တဝါအားလုံးတို့၏ အကျိုးကို မြော်တွေး၍ သော်လည်းကောင်း၊ သက်ရှိကမ္ဘာရှင်သန်စေဖို့အတွက်လည်းကောင်း အိုဇုန်းလွှာကို ထိန်းသိမ်းသည့်အနေဖြင့် ပြည်သူပြည်သားတစ်ဦးချင်းစီအနေဖြင့် ယခုအချိန်ကစပြီး ကြီးမြန်သစ်ပင်များ စိုက်ပျိုးကြစေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

■

# ဖီဖာရဲ့ ၂၀၂၆ ကမ္ဘာ့ဖလားအစီအစဉ် အမှန်တကယ်အပြောင်းအလဲ ဖြစ်မှာလား

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဟာ အမေရိကန်၊ မက္ကဆီကိုနဲ့ ကနေဒါနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပုံမှန်ကျင်းပနေကျဖြစ်တဲ့ အသင်းပေါင်း ၃၂ သင်းကနေ ၄၈ သင်းအထိ ပါဝင်ကစားခွင့်ရရှိမယ့် အခွင့်အရေးတစ်ရပ်အတွက် စီစဉ်လာခဲ့တာဖြစ်ပါတယ်။

အဲဒီလို စီစဉ်လာခဲ့တာကြောင့်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၄၈ သင်းပါဝင်ကစားခွင့်ရရှိခဲ့မယ်ဆိုရင် သုံးသင်း ၁၆ အုပ်စုနဲ့ အုပ်စုအဆင့်မှာ ထိပ်ဆုံးက ရပ်တည်ခွင့်ရရှိခဲ့တဲ့ အသင်း နှစ်သင်းဟာ ၃၂ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိမှာ ဖြစ်ပါတယ်။



လက်ရှိ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ လေးသင်းတစ်အုပ်စု အနေအထားက အောင်မြင်မှုရရှိခဲ့တယ်လို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုက ယူဆခဲ့တာကြောင့် လေးသင်းတစ်အုပ်စုနဲ့ ပုံမှန်အတိုင်း ၃၂ သင်းသာ ကမ္ဘာ့ဖလား ဝင်ခွင့်အတွက် ယှဉ်ပြိုင်ကစားရမယ့် အနေအထားကို ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆက်လက်ကျင့်သုံးဖို့ စဉ်းစားနေတာလည်း ဖြစ်ပါတယ်။

လေးသင်းတစ်အုပ်စုပုံစံကနေ ထိပ်ဆုံးနှစ်သင်းက ရှုံးထွက်အဆင့်တက်တဲ့အနေအထားဟာ ၁၉၉၈ ခုနှစ်က အသင်းပေါင်း ၃၂ သင်းအထိ တိုးချဲ့ခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကတည်းက စတင်ခဲ့တာဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုကတော့ ၂၀၂၂ ကမ္ဘာ့ဖလားမကျင်းပမီက ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ရာကနေ ၄၈ သင်းအထိ ပါဝင်ကစားနိုင်ဖို့ စီစဉ်လာခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ သမိုင်းတစ်လျှောက်ကို ကြည့်မယ်ဆိုရင် ၁၉၃၀ ပြည့်နှစ်မှာ ဥရုဂွေးနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ပြိုင်ပွဲဟာ ပထမဆုံးစတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး လေးသင်း တစ်အုပ်စု၊ သုံးသင်း သုံးအုပ်စုပုံစံနဲ့ အုပ်စုအဆင့် ထိပ်ဆုံးလေးသင်းက ဆီမီးဖိုင်နယ်တက်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

၁၉၅၀ ပြည့်နှစ်မှာ ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ ပြိုင်ပွဲမှာတော့ လေးသင်း သုံးအုပ်စု၊ သုံးသင်း တစ်အုပ်စုပုံစံနဲ့ ဆီမီးဖိုင်နယ်တက်ခွင့်ရရှိခဲ့တာဖြစ်ပြီး ၁၉၅၄ ခုနှစ်မှာ ဆွစ်ဇာလန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ လေးသင်း လေးအုပ်စုကနေ ထိပ်ဆုံးနှစ်သင်းစီက ကွာတားဖိုင်နယ်တက်တဲ့ အနေအထားနဲ့ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

၁၉၈၆ ခုနှစ်မှာ မက္ကဆီကိုနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ လေးသင်း ခြောက်အုပ်စုကနေ ထိပ်ဆုံး နှစ်သင်းနဲ့ အုပ်စုအဆင့် တတိယ အကောင်းဆုံး လေးသင်းက ၁၆ သင်းအဆင့် တက်လှမ်းခွင့်ရရှိခဲ့တဲ့ ပုံစံကနေ ၁၉၉၈ ခုနှစ်မှာ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ လေးသင်း ရှစ်အုပ်စုကနေ ထိပ်ဆုံးနှစ်သင်းက ရှုံးထွက်အဆင့် တက်လှမ်းခွင့်ရရှိခဲ့တဲ့ပုံစံကို စတင်ပြောင်းလဲခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒါကြောင့် အသင်းပေါင်း ၃၂ သင်းပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ လေးသင်းရှစ်အုပ်စုပုံစံနဲ့ ကျင်းပလာခဲ့တာဆိုရင် လက်ရှိအချိန်မှာ ၂၄ နှစ်ကြာရှိသွားပြီ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ၃၂ သင်းကနေ ၄၈ သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိဖို့ စီစဉ်ထားပေမယ့် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ၃၂ သင်းက အကောင်းဆုံးအနေအထားရှိနေတဲ့အတွက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ၃၂ သင်းနဲ့ပဲ စခန်းသွားဖို့ ဖြစ်နိုင်မလား ဒါမှမဟုတ် ပြောင်းလဲဖို့စီစဉ်ထားတဲ့အတိုင်း အမှန်တကယ် ဖြစ်လာမလားဆိုတာ ဖီဖာဥက္ကဋ္ဌအနေနဲ့ ဘယ်လိုဆုံးဖြတ်သွားမလဲ............



# ယူရို ၂၀၂၄ ပြိုင်ပွဲပြီးဆုံးချိန်အထိ အင်္ဂလန်အသင်းနည်းပြအဖြစ် ဆောက်ဂိတ် ဆက်ရှိနေမည်

နည်းပြ ဆောက်ဂိတ်ဟာ အင်္ဂလန်အသင်းနည်းပြအဖြစ် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲဖြစ်တဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲ ပြီးဆုံးချိန်အထိ ဆက်လက်တာဝန်ထမ်းဆောင်သွားမှာဖြစ်တယ်လို့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့ပါတယ်။

**စွမ်းဆောင်ပေးနိုင်ခဲ့**

အင်္ဂလန်အသင်းဟာ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်မှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရတာလည်း ဖြစ်ပါတယ်။ အသက် ၅၂ နှစ်အရွယ်ရှိ နည်းပြ ဆောက်ဂိတ်ဟာ ၂၀၁၆ ခုနှစ်အတွင်းက အင်္ဂလန်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရတာဖြစ်ပြီး ၂၀၁၈ ခုနှစ် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ထိ တက်လှမ်းခွင့်ရရှိအောင် အင်္ဂလန်အသင်းအတွက် စွမ်းဆောင်ပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းအရ နည်းပြ ဆောက်ဂိတ်ဟာ အင်္ဂလန်အသင်းနည်းပြအဖြစ် ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေတော့မှာလည်း ဖြစ်ပါတယ်။ နည်းပြ ဆောက်ဂိတ်ဟာ အင်္ဂလန်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စဉ်မှာ ပွဲစဉ်စုစုပေါင်း ၈၁ ပွဲမှာ ၄၉ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၁၄ ပွဲရှုံးပွဲ ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

ဒါ့ပြင် အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပွဲစဉ်စုစုပေါင်း ၁၉ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၁၁ ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ထားတာလည်း ဖြစ်ပါတယ်။



# ၂၀၂၃ ခုနှစ် ဇွန်လအထိ နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ လက်တွဲသွားဖို့ လူကာမိုဒရစ် စီစဉ်

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခရိုအေးရှားနိုင်ငံလက်ရွေးစင် အသင်းအတွက် တတိယနေရာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ အသင်းခေါင်းဆောင် လူကာမိုဒရစ်ဟာ နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၀၂၃ ခုနှစ် ဇွန်လအထိ လက်တွဲသွားဖို့စီစဉ်ထားတယ်လို့ သိရပါတယ်။

အသက် ၃၇ နှစ်အရွယ်ရှိ ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား လူကာမိုဒရစ်ဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခရိုအေးရှားနိုင်ငံလက်ရွေးစင်အသင်းအတွက် ပွဲစဉ်တိုင်းပါဝင်ကစားပေးခဲ့သူလည်းဖြစ်ပါတယ်။

လက်ရှိအသက်အရွယ်အရ အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်လာဖို့ မသေချာပေမယ့် ခရိုအေးရှားအသင်းကို ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တတိယနေရာနဲ့ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒုတိယနေရာအထိ တက်လှမ်းခွင့်ရရှိအောင် ကွင်းလယ်ကစားသမားလူကာမိုဒရစ်အနေနဲ့ စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

# ဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းဟာ လိုက်ပ်ဇစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ခရစ္စတိုဖာအင်န်ကွန်ကူကို စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ပြီဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်းမှာ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့လာတော့မှာဖြစ်တယ်လို့ သိရပါတယ်။
- ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ အသက် ၁၈ နှစ်အရွယ်ရှိ မူကိုကိုဟာအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ အစီအစဉ်မရှိသေးတာကြောင့် ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်း၊ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ကခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။
- အသက် ၂၅ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး မားကက်စ်ရက်ဖို့ဒ်ဟာ လက်ရှိကလပ် မန်ယူအသင်းနဲ့ ကာလရှည်စာချုပ်ချုပ်ဆိုခဲ့မယ်ဆိုရင် မန်ယူအသင်းမှာ ဝင်ငွေအမြင့်ဆုံးကစားသမားဖြစ်လာတော့မှာဖြစ်တယ်လို့ သိရပါတယ်။
- လီဗာပူးအသင်း၊ အဲဗာတန်အသင်းနဲ့ လိဒ်ယူနိုက်တက်အသင်းတို့ဟာ ဘာမင်ဂမ်စီးတီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျော့ဟောကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# ဝက်စ်ဟမ်းအသင်းက ဆော်ပေါ်လိုအသင်းမှ ဘရာဇီးနောက်ခံလူ လူဇာရိုအား စာချုပ်ချုပ်ဆိုခေါ်ယူ


ဝက်စ်ဟမ်း အသင်းဟာ ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းမှ ဘရာဇီးနောက်တန်းကစားသမား လူဇာရိုကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ်ရှိ နောက်တန်းကစားသမား လူဇာရိုဟာ ဇန်နဝါရီ ၁ ရက်မှာ ဝက်စ်ဟမ်းအသင်းဆီ တရားဝင်ပြောင်းရွှေ့ကစားတော့မှာဖြစ်တယ်လို့လည်း သိရပါတယ်။

နောက်တန်း ကစားသမား လူဇာရိုဟာ ဝက်စ်ဟမ်းအသင်းနဲ့ ၂၀၂၆ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး လူဇာရိုဟာ ဆော်ပေါ်လိုအသင်းမှာ မေလအတွင်းက စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ■



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၆-၁၂-၂၀၂၂ ရက်မှအဆက်

'မ' ဟာ မွန်တို့အလိုကျ ကိုခင်မောင်ကြည်ကို လက်ထပ်လိုက်ရင် 'မ' ချစ်သူအပေါ်မှာ သစ္စာဖောက်ရာ ကျမယ်။ ဒါတင်မကဘူး ... ညီမရဲ့ အချစ်ကို ပျက်ပြားအောင်ဖျက်ဆီးတဲ့ မိန်းမယုတ်ကြီး တစ်ယောက်လည်း ဖြစ်ရဦးမယ်ဆိုတော့ လောကမှာအသက်ရှင်နေဖို့တောင် မကောင်းတော့ဘူး။ 'မ' တစ်သက်မှာ ဒီလို ကြီးမားတဲ့ အပြစ်ကြီးတစ်ခုကို မကျူးလွန်မိအောင် ခုလို စွန့်စားလိုက်တာပဲ။ ဆရာ ကိုဘခက်အပေါ်မှာ သစ္စာမဖောက်ချင်သလို မော့်ရဲ့အချစ်ကိုလည်း မဖျက်ဆီးချင်ဘူး။ မော့်မှာရှိနေတဲ့ ကိုယ်ဝန်သုံးလဟာ 'မ' လက်ထပ်မယ့် ယောကျ်ားကောင်းကြီး ကိုခင်မောင်ကြည်နဲ့ရှိနေတဲ့ ကိုယ်ဝန်ပါ မွန်။ မော်ဟာ ဒီခံစားချက်ကြောင့် သူ့ကိုယ်သူ အဆိပ်သောက်တာ။ ကိုယ့်ညီမတစ်ယောက်ရဲ့ ချစ်သူကို 'မ' လုရမလား။ နောင်မှာ မွေးဖွားလာမယ့် ကိုယ့်တူကလေး၊ တူမကလေးတစ်ယောက် အဖေမပေါ်တဲ့အဖြစ်ကို ရောက်မှာကိုတော့ 'မ' မကြည့်ရက် မမြင်ရက်ဘူး။

'မ' တစ်သက် အလွန်တစ်ရာကြီးလေးတဲ့ ဒီအပြစ်နှစ်ခုကို မကျူးလွန်ချင်လို့ ခုလိုထွက်သွားတာပဲ မွန်ရေ...။ နောက်ထပ်လိုက်ပြီး နှောင့်ယှက်မယ်လို့တော့ စိတ်မကူးပါနဲ့တော့ ....။

မွန်တို့ ဒီစာဖတ်နေတဲ့အချိန်မှာ ဆရာကိုဘခက်နဲ့ 'မ' တို့ဟာ တရားဝင်လက်ထပ်ပြီးဖြစ်နေပါပြီ။ ဒီတော့ မွန်ရေ နောက်ဆုံး 'မ' တစ်ခုတည်းပဲ ပြောမယ်။ မွန်တို့ ထိခိုက်တယ်ဆိုတာက အဆောင်အယောင် ဂုဏ်သိက္ခာ အပေါ်ယံ ပကာသနပါ။ ရင်ထဲက ထိခိုက်ရတာ မဟုတ်ပါဘူး။ 'မ' တို့ ထိခိုက်တာက ရင်ထဲက ထိခိုက်တာပါ။ ကိုယ့်ရင်ထဲက အသည်းနဲ့ ကိုယ့်ညီမရဲ့အသည်းကို မီးမြှိုက်ပြီး ထိခိုက်ခံစားရမယ့် ဘဝမျိုးကိုတော့ 'မ' အဖြစ် မခံနိုင်ဘူး။ ဒါကြောင့် ချစ်သူနောက်ကို မရှက်မကြောက်ဘဲ အရိုးသားဆုံး လိုက်သွားပြီ...။

မင်းတို့အတွက် ဒါဟာ ရှက်စရာကြီးတစ်ခု၊ အပြစ်ကြီးတစ်ခုလို့ ထင်ရင် ခွင့်လွှတ်ပေတော့။ ဖေဖေကြီးနဲ့ မေမေတို့ကိုတော့ မွန်ပဲ ကြည့်ပြီးပြောပြပါတော့...။

ညီမလေး... 'မ'။

မွန်သည် လက်ထဲမှစာကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ကိုခင်မောင်ကြည်ကိုသာ စိုက်၍ကြည့်လိုက်သည်။ ကိုခင်မောင်ကြည်မှာ မျက်စိမျက်နှာမလှဖြစ်နေသည်။

စာထဲ၌'မ'ကမည်သို့ရေးထားသည်ကို မသိရသော်လည်း မွန့်မျက်နှာကို အကဲခတ်ခြင်းအားဖြင့် သူ့အပြစ်နှင့်သူ မလုံမလဲ ရှိတော့သည်။ ဒေါ်ခင်မျိုးသန့်သည် မွန့်လက်ထဲမှစာကို လှမ်းယူလိုက်ပြီးလျှင် အပြေးအလွှား ဖတ်ကြည့်နေတော့သည်။

ကိုခင်မောင်ကြည် ကြာကြာရပ်၍ မနေရဲတော့ချေ။ ကိုယ့်အပြစ်ကိုဖုံး၍ မရသည့်အဆုံး၌ ကိုယ်ကိုယ်တိုင်က ဝန်ခံလိုက်သည်ကပင်လျှင် တော်ပေဦးမည်၊ အနေရအထိုင်ရ သက်သာလိမ့်မည်ဟု သဘောပေါက်မိသည်။

"ဒီကိစ္စမှာ ကျွန်တော် အပြစ်ရှိတယ်ဆိုရင် မွန်တို့ဆုံးဖြတ်ရာကို နာခံဖို့အသင့်ရှိပါတယ်။ မွန်တို့ကြိုက်သလို ဆုံးဖြတ်ပါ။ မွန်တို့ ကျေနပ်မယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ကျွန်တော် လုပ်ဖို့ အသင့်ပါပဲ"

မွန်သည် ကိုခင်မောင်ကြည်ကို ကြည့်နေရာမှ ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းလိုက်သည်။

"ဒါဟာ လွယ်လွယ်နဲ့ ဆုံးဖြတ်လို့မရပါဘူး ကိုခင်မောင်ကြည်၊ ခုလောက်အထိ လွန်တဲ့အမှုဟာလည်း ဆေးကုဖို့မလွယ်ပါဘူး။ မွန်တော့ ရှင့်ကိုပဲ အံ့သြတယ်။ တကယ်ပဲ မယုံနိုင်လောက်အောင် အံ့သြတယ်။ ရှင့်လို ခေတ်ပညာတတ် မိကောင်းဖခင် သားသမီးတစ်ယောက်ဟာ ဒါလောက်အထိ ရိုင်းစိုင်းမယ်လို့ မထင်မိဘူး။ အနည်းဆုံး ဒက်ဒီ မာမီတို့မျက်နှာကိုတော့ ထောက်သင့်ပါတယ်..."

ကိုခင်မောင်ကြည်သည် ခေါင်းကို စိုက်ထားလိုက်သည်။ ဒေါ်ခင်မျိုးသန့်က စာကို ဖတ်နေရာမှ ကိုခင်မောင်ကြည်ကို ဒေါသဖြင့် စိုက်ကြည့်လိုက်သည်။

ကိုခင်မောင်ကြည်သည် အရာရှိရှေ့တွင် ရောက်နေသော တရားခံကဲ့သို့ အလိုလို သွေးပျက်၍ နေတော့၏။ ဒေါ်ခင်မျိုးသန့်ကမူ ကိုခင်မောင်ကြည်ကိုသာ ဒေါသခိုးလျှံသော အကြည့်ဖြင့် စိုက်ကြည့်နေတော့သည်။

"ဒီတာဝန်ကို မင်း ဘယ်လိုယူမလဲ။ အမှန်တော့ ဒီစကားကို တို့ကစပြီးပြောရတာကိုက ဘယ်လောက် အောက်တန်းကျသလဲဆိုတာ မင်းနားလည်မှာပေါ့။ ဒါပေမဲ့ မပြောလို့မဖြစ်တဲ့အခြေအနေမှာ ရောက်နေပြီ။ ဒီတော့ ခု မင်းဆုံးဖြတ်ပါ ..."

ဒေါ်ခင်မျိုးသန့်၏ မျက်နှာသည် တင်းမာခက်ထန်သလောက် အသံကလည်း မာကျောလှသည်။ ကိုခင်မောင်ကြည်သည် ရုတ်တရက် ဘာမျှပြန်မဖြေနိုင်။ နဖူးစပ်တွင် ချွေးများသီး၍လာသည်။

ဒေါ်ခင်မျိုးသန့်၏မျက်နှာကို ကြည့်ရင်း အလိုလို ကြောက်၍လာသည်။ မွန့်ကို ကြည့်လိုက်ပြန်တော့လည်း မွန်၏ အကြည့်မှာ အဆုံးအဖြတ်ကို စောင့်စားနေကြောင်း ထင်ရှားလှသည်။

"မော့်ကို ကျွန်တော် တာဝန်ရှိတဲ့အတိုင်း လက်ထပ်ပါ့မယ်ခင်ဗျာ။ ဒီလိုဆိုရင် အန်တီရော မွန်ပါ ကျေနပ်မယ် မဟုတ်လား ..."

ဒေါ်ခင်မျိုးသန့်သည် ကိုခင်မောင်ကြည်၏စကားကြောင့် ကျေနပ်ဟန်ရှိသော်လည်း မွန်ကမူ လုံးလုံး မလျှော့သေးချေ။

"ဒါက မေးစရာမလိုပါဘူး ကိုခင်မောင်ကြည်၊ မကျေနပ်လို့လည်း မွန်တို့မှာ တခြားနည်းမရှိတော့ဘူး။ ဒီတော့ အချိန်ဆွဲနေလို့လည်း မဖြစ်ဘူး။ အောက်မှာ ဧည့်သည်တွေလည်း ရှိနေသေးတယ်။ ဖုံးနေလို့လည်း မရဘူး။ ကိုခင်မောင်ကြည်နဲ့ 'မ' တို့အစီအစဉ်ကို ဖျက်လိုက်ပြီး မော်နဲ့ ပြောင်းလိုက်ရုံပဲ။ ကဲ မာမီ အောက်ဆင်းကြမယ်။ မော်တော့ ခဏ မှေးနေပါစေ"

ဒေါ်ခင်မျိုးသန့်နှင့် မွန်တို့နှစ်ယောက်က ရှေ့က ထွက်သွားသောအခါ ကိုခင်မောင်ကြည်မှာ နောက်မှ ခေါင်းငိုက်စိုက်ဖြင့် လိုက်၍သွားရတော့သည်။

လှေကားထိပ်မှ ကြည့်လိုက်သောအခါ ဧည့်ခန်းတွင် လူတစ်ယောက်မျှ မတွေ့ရတော့ချေ။ မွန်သည် အထိတ်တလန့်ဖြင့် အောက်ထပ်သို့ ဆင်းသွားမိသည်။

ဧည့်ခန်းထောင့် တစ်နေရာတွင် ခြေပစ်လက်ပစ် ထိုင်နေသော ဦးကျော်ဒင်ကို တွေ့ရသည်။ ဦးကျော်ဒင်နှင့် မလှမ်းမကမ်း တစ်နေရာတွင် မလှုပ်မယှက်ထိုင်နေသော ဗစ်တာကိုလည်း တွေ့ရသည်။

မွန်သည် ဦးကျော်ဒင်ကိုကြည့်ရင်း ပြောချင်သောစကားကိုပင် မပြောရဲအောင် ရှိတော့သည်။ ဦးကျော်ဒင်က မျက်လုံးကို အသာဖွင့်၍ ကြည့်လိုက်ပြီးလျှင် စိတ်ပျက်သောအသံဖြင့် ညည်းလိုက်သည်။

"အစီအစဉ်တော့ ဖျက်လိုက်ပြီ သမီးရေ၊ ဒီပရိသတ်တွေ အိမ်ထဲမှာရှိနေတာ ဖေဖေ ရှက်လွန်းလို့ အမှန်အတိုင်းပြောပြီး ဒီနေ့အခမ်းအနားကို ဖျက်လိုက်ရတယ်..."

မွန်သည် သက်ပြင်းကို အသာချလိုက်မိသည်။

ဒေါ်ခင်မျိုးသန့်ကမူ မကျေမနပ်ဖြင့် ဦးကျော်ဒင်အား ရန်တွေ့လိုက်သည်။

"ရှင့်မလည်း အစဉ်းစားဉာဏ် ဒါလောက်ပဲ နည်းရသလား ... တစ်ခုပျက်ရင် တစ်ခုစီစဉ်ရမှာပေါ့။ အခု မောင်ကြည်နဲ့ 'မ' အစား မော်နဲ့ ပြောင်းပြီး စီစဉ်မလို့ရှင့်။ ကဲ ... ခုမှတော့ မတတ်နိုင်တော့ဘူး။ မော်နေကောင်းမယ့်ရက်ကို တစ်ခါတည်း စီစဉ်လိုက်မယ် ..."

"အန်တီတို့ သဘောအတိုင်းပါပဲ ခင်ဗျာ။ အန်တီတို့စီစဉ်သလို နာခံဖို့ အသင့်ပါပဲ"

ကိုခင်မောင်ကြည်က လေသံပျော့ဖြင့် တောင်းပန်လိုက်သည်ကိုပင် ဒေါ်ခင်မျိုးသန့်က ကျေနပ်ဟန်ရှိသည်။

ဦးကျော်ဒင်က မျက်နှာကို လက်နှင့် အုပ်ထားပြီးလျှင် ခေါင်းကို ယမ်းလိုက်တော့သည်။

"ဒီကိစ္စကို မင်းတို့ပဲ ကြိုက်သလိုစီစဉ်ကြပေတော့။ ငါတော့ စဉ်းလည်းမစဉ်းစားချင်ဘူး။ ဒီအသက်အရွယ်ရောက်မှတော့ စိတ်အထိခိုက်မခံနိုင်ဘူး။ ဥပေက္ခာပြုဖို့ပဲ ကြိုးစားမှာ"

ဦးကျော်ဒင်သည် ပြောပြောဆိုဆို နေရာမှ ထသွားတော့သည်။ ဒေါ်ခင်မျိုးသန့်က ဦးကျော်ဒင်ကို တစ်ချက်မျှ မဲ့၍ ကြည့်လိုက်သည်။

ကိုခင်မောင်ကြည်ကမူ အားလုံးကို မျက်နှာငယ်ကလေးဖြင့် ကြည့်နေရှာသည်။

"ကဲ ကိုခင်မောင်ကြည်၊ ဒီလမကုန်ခင် ကိစ္စပြီးအောင်စီစဉ်မယ်။ တိုင်ပင်စရာရှိတာတွေတော့ နောက်မှတိုင်ပင်ကြတာပေါ့"

"ဟုတ်ကဲ့ ... ဒါဖြင့် ကျွန်တော် ပြန်ပါရစေအန်တီ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ခင်ဗျာ"

"အေး အေး ... ဒီလမကုန်ခင် ရက်ကလေး ဘာလေး ရွေးရအောင်တော့ လာခဲ့ဦး"

ကိုခင်မောင်ကြည်သည် ဒေါ်ခင်မျိုးသန့်ရှေ့မှ ကျိုးနွံသောအမူအရာဖြင့် ခေါင်းငုံ့၍ ထွက်သွားသည်။

"မော့်ကို သွားကြည့်ကြဦးစို့ မာမီ၊ ဗစ်တာက ဒက်ဒီနဲ့ စကားပြောနေကြပေါ့။ ဒက်ဒီ စိတ်ထိခိုက်နေတယ်။ ဗစ်တာ ... ကြည့်ပြီးပြောပါဦး ..."

မွန်တို့တက်သွားသောအခါ ဧည့်ခန်းတွင် လူတစ်ယောက်မှမရှိတော့ချေ။

'မ' ၏ မင်္ဂလာဧည့်ခန်းသည် မည်သည့်နေရာသို့ ပြောင်းရွှေ့သွားသည်ကိုကား မောင်အေးမှလွဲ၍ တစ်အိမ်လုံး သိကြမည်မဟုတ်ချေ။

[ ၂၁ ]

'မ' ကို မြင်လိုက်ရသောအခါ ကိုဘခက်မှာ ရင်ဝယ်မဆံ့အောင် ဝမ်းသာလွန်း၍ ခရီးဦးကြိုဆို နှုတ်ဆက်ရမည်ကိုပင် သတိမရနိုင်တော့ပေ။

'မ' ၏ ရွှန်းလဲ့သောမျက်လုံးများသည် ကိုဘခက်၏မျက်နှာမှ လွှဲမရအောင် ရှိတော့သည်။

တစ်ဖက်တစ်ချက်တွင် ဆွဲထားသော သားရေသေတ္တာနှစ်လုံးက အောက်သို့ အလိုလို လွတ်ကျသွားသည်။

သည်တော့မှလည်း ကိုဘခက်က ဝမ်းသာအယ်လဲသံဖြင့် တစ်ခွန်းမျှ ခေါ်လိုက်မိသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"မွန်တို့ ဒီစာဖတ်နေတဲ့အချိန်မှာ ဆရာကိုဘခက်နဲ့ 'မ' တို့ဟာ တရားဝင်လက်ထပ်ပြီးဖြစ်နေပါပြီ။ ဒီတော့ မွန်ရေ နောက်ဆုံး 'မ' တစ်ခုတည်းပဲပြောမယ်။ မွန်တို့ ထိခိုက်တယ်ဆိုတာက အဆောင်အယောင် ဂုဏ်သိက္ခာ အပေါ်ယံ ပကာသနပါ။ ရင်ထဲက ထိခိုက်ရတာ မဟုတ်ပါဘူး။ 'မ' တို့ ထိခိုက်တာက ရင်ထဲက ထိခိုက်တာပါ။ ကိုယ့်ရင်ထဲကအသည်းနဲ့ ကိုယ့်ညီမရဲ့အသည်းကို မီးမြှိုက်ပြီး ထိခိုက်ခံစားရမယ့် ဘဝမျိုးကိုတော့ 'မ' အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ချစ်သူနောက်ကို မရှက်မကြောက်ဘဲ အရိုးသားဆုံး လိုက်သွားပြီ။ မင်းတို့အတွက် ဒါဟာ ရှက်စရာကြီးတစ်ခု၊ အပြစ်ကြီးတစ်ခုလို့ထင်ရင် ခွင့်လွှတ်ပေတော့။ ဖေဖေကြီးနဲ့ မေမေတို့ကိုတော့ မွန်ပဲ ကြည့်ပြီးပြောပြပါတော့...**

**ညီမလေး... 'မ'"**

# ကမ္ဘာ့ဒုတိယအမြင့်မားဆုံး ကင်ဆာရောဂါ လူတိုင်းသတိပြုကာကွယ်ပါ

••••••••• **မေယု-မျိုးအောင် (MANA)** •••••••••

> **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မှတ်တမ်းများအရ ကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှု၏ အဓိကအကြောင်းရင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် သေဆုံးသူ ၁၀ သန်းနီးပါး သို့မဟုတ် သေဆုံးသူခြောက်ဦးတွင် တစ်ဦးနီးပါးဖြစ်ပွားနေသည်။ အဖြစ်အများဆုံးကင်ဆာများမှာ ရင်သား၊ အဆုတ်၊ အူမကြီး၊ စအိုနှင့် ဆီးကျိတ်ကင်ဆာများဖြစ်သည်။ ကင်ဆာကြောင့် သေဆုံးမှု၏ သုံးပုံတစ်ပုံခန့်မှာ ဆေးလိပ်သောက်ခြင်း၊ ခန္ဓာကိုယ်ထုထည် အညွှန်းကိန်းမြင့်မားခြင်း၊ အရက်သောက်ခြင်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ စားသုံးမှုနည်းခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကြောင့်ဖြစ်**

ကမ္ဘာတစ်ဝန်းတွင် ကင်ဆာဆေးအသစ်များကို လျင်မြန်စွာ အတည်ပြုနိုင်ရန် ပူးပေါင်းလုပ်ဆောင်ပါက နှစ်စဉ် လူ့အသက်ပေါင်း တစ်သန်းခွဲခန့်ကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း သုတေသီများက အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ အမေရိကန်တွင် မကြာသေးမီက ကင်ဆာဆေးနှစ်မျိုးကို အသုံးပြုရန် အတည်ပြုခဲ့ပြီးနောက် အဆိုပါဆေးများ ကမ္ဘာတစ်ဝန်း၌ အတည်ပြုမှု မည်မျှကြာမြင့်မည်ကို အခြေခံ၍ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းကို ကိုးကား၍ နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။ FDA က အတည်ပြုပေးထားသည့် ကင်ဆာဆေးဝါး ပျမ်းမျှခုနစ်မျိုးစီမှ တစ်ခုစီကို ကမ္ဘာတစ်ဝန်းလုံးတွင် အတည်ပြုပေးမည်ဆိုပါက ကင်ဆာရောဂါနှင့်ဆက်နွှယ်၍ သေဆုံးသူ အရေအတွက်ကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း ဆိုထားသည်။ ကင်ဆာရောဂါသည် ၂၁ ရာစုတွင် ကိုဗစ်ကပ်ရောဂါကဲ့သို့သော ကူးစက်ရောဂါများမှလွဲ၍ လူသားများအတွက် အန္တရာယ်အရှိဆုံးရောဂါတစ်မျိုးဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မှတ်တမ်းများအရ ကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှု၏ အဓိကအကြောင်းရင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် သေဆုံးသူ ၁၀ သန်းနီးပါး သို့မဟုတ် သေဆုံးသူခြောက်ဦးတွင် တစ်ဦးနီးပါး ဖြစ်ပွားနေသည်။ အဖြစ်အများဆုံး ကင်ဆာများမှာ ရင်သား၊ အဆုတ်၊ အူမကြီး၊ စအိုနှင့် ဆီးကျိတ်ကင်ဆာများဖြစ်သည်။ ကင်ဆာကြောင့် သေဆုံးမှု၏ သုံးပုံတစ်ပုံခန့်မှာ ဆေးလိပ်သောက်ခြင်း၊ ခန္ဓာကိုယ်ထုထည် အညွှန်းကိန်းမြင့်မားခြင်း၊ အရက်သောက်ခြင်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ စားသုံးမှုနည်းခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။

**၂၀၁၈ ခုနှစ်အတွင်း ကင်ဆာဖြစ်ပွားသူ ၇၀၀၀၀**

ကင်ဆာရောဂါဝေဒနာခံစားရပါက စိတ်ဖိစီးမှုဝေဒနာအပြင် ၎င်း၏မိသားစုဝင်များသည်လည်း စိတ်ဖိစီးမှုနှင့် ငွေကြေးကုန်ကျမှုများကို ရင်ဆိုင်ရလေ့ရှိ၍ ဘဝနေထိုင်မှုဆိုင်ရာ အရည်အသွေးပါ ကျဆင်းသွားရလေ့ရှိသည်။ ပြည်သူလူထုအများစုသည် မိမိတို့တွင် ကင်ဆာရောဂါစွဲကပ်လာမည့်အပေါ် စိုးရိမ်ပူပန်မှုများရှိသော်လည်း ကင်ဆာဖြစ်စေနိုင်သည့် အကြောင်းရင်းခံများကို ကြိုတင်ရှောင်ရှားသည့် အလေ့အထမရှိခြင်း၊ ဖြစ်ပွားမှုကို စောစီးစွာ သိရှိနိုင်မှု၊ ကုသမှုတို့အတွက် ကျန်းမာရေးစရိတ် မတတ်နိုင်ခြင်း၊ ဝေဒနာရှင်များအတွက် နေရာထိုင်ခင်းနှင့် ကုသရေးဆိုင်ရာ စက်ပစ္စည်းများ မလုံလောက်ခြင်းနှင့် ကင်ဆာရောဂါ ကုသဆေးဝါးများ ဈေးနှုန်းကြီးမြင့်ခြင်းတို့မှာ ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ရေးအတွက် အဓိက အဟန့်အတားများဖြစ်နေသည်။ မြန်မာနိုင်ငံသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု၊ အရက်အလွန်အကျွံသောက်သုံးမှု၊ အဆီ၊ အငန်နှင့် အချိုလွန်ကဲစွာစားသုံးမှု၊ ဘေးအန္တရာယ်ရှိသော ဆိုးဆေးနှင့် ဓာတုဗေဒပစ္စည်းများပါဝင်သော စားသောက်ကုန်များ စားသုံးမှု၊ ကိုယ်လက်လှုပ်ရှားနည်းပါးသော ဘဝနေထိုင်မှုပုံစံ စသည့် အလေ့အထများကြောင့် ဆိုးကျိုးအဖြစ် ကင်ဆာရောဂါခံစားရမှု တစ်နေ့တခြား များပြားလျက်ရှိသည်။ WHO ၏ ၂၀၂၀ ပြည့်နှစ် Cancer Country Profile 2020 စာရင်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်အတွင်း ကင်ဆာဖြစ်ပွားသူ ၇၀၀၀၀ နီးပါးရှိခဲ့ပြီး သေဆုံးသူပေါင်း ၅၀၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

ကင်ဆာရောဂါသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်း အများဆုံးဖြစ်ပွားနေရာ ၂၀၁၈ ခုနှစ်စာရင်းများအရ ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါ ၁၈ ဒသမ ၁ သန်း ဖြစ်ပွားခဲ့ပြီး ၉ ဒသမ ၆ သန်း သေဆုံးခဲ့သည်။ ကမ္ဘာတွင် သေဆုံးမှုဒုတိယအများဆုံးရောဂါဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် စာရင်းအရ ကင်ဆာရောဂါအသစ်ဖြစ်ပွားသူ ၆၉၅၅၄ ဦးရှိကြောင်း သိရသည်။ အမျိုးသားငါးဦးတွင် တစ်ဦး၊ အမျိုးသမီး ခြောက်ဦးတွင် တစ်ဦး ကင်ဆာရောဂါဖြစ်ပွားနေပြီး သေဆုံးသူများ၏ ၇၀ ရာခိုင်နှုန်းသည် ဝင်ငွေနိမ့်သူ၊ အလယ်အလတ်ရှိသူများဖြစ်သည်။ ကင်ဆာရောဂါသည် ကြောက်စရာအကောင်းဆုံးရောဂါထဲတွင် ပါဝင်သည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ သေဆုံးမှုစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းသည် ကင်ဆာကြောင့်ဖြစ်သည်။ ကြိုတင်ကာကွယ်၍ရသော ကင်ဆာရှိသကဲ့သို့ ကြိုတင်ကာကွယ်၍မရသော ကင်ဆာရောဂါများရှိသည်။ ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ကင်ဆာ၊ လေပြွန် အစာပြွန်ကင်ဆာဖြစ်ပွားနိုင်ပြီး ကွမ်းစားခြင်းကြောင့် ခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ လျှာကင်ဆာတို့ဖြစ်နိုင်သည်။ ကြိုတင်ကာကွယ်၍မရပါက စောစီးစွာ တွေ့ရှိနိုင်ရေး ပုံမှန်စစ်ဆေးရန်၊ ကင်ဆာဖြစ်ပါက ကုသရန်ဖြစ်သည်။

**နေထိုင်စားသောက်မှုပုံစံမမှန်မှုနှင့် မျိုးရိုးဗီဇ**

ကင်ဆာရောဂါဖြစ်ပွားရခြင်းမှာ နေထိုင်စားသောက်မှုပုံစံမမှန်မှုနှင့် မျိုးရိုးဗီဇကြောင့်လည်း ဖြစ်ပွားနိုင်သည်။ မြို့ပြများတွင် သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် လေထုညစ်ညမ်းမှုနှင့် နေထိုင်စားသောက်မှုနှင့်သက်ဆိုင်သည့် အစားအသောက်များကြောင့် ဖြစ်ပွားနေသည်ကို တွေ့ရသည်။ ကင်ဆာရောဂါ၏ သုံးပုံတစ်ပုံကို ကာကွယ်မရနိုင်သဖြင့် စောစီးစွာရှာဖွေစမ်းသပ်ခြင်း၊ ကာကွယ်ကုသခြင်းကြောင့် ၃ ဒသမ ၇ သန်းခန့် နှစ်စဉ်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် နိုင်ငံသားများအတွက် ဘေးကင်းလုံခြုံသော စားသောက်ကုန်များကိုသာ တင်သွင်းရောင်းချခွင့်ပြုကြသည့်အပြင် ကျန်းမာရေးကိုထိခိုက်စေသည့် စားသောက်ကုန်များ လုံးဝရောင်းချခွင့်မပြုဘဲ ကြပ်မတ်စိစစ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားများ ကင်ဆာရောဂါဘေးဆိုးမှ ကင်းဝေးပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ကြမည်ဖြစ်သည်။ ကင်ဆာရောဂါ ပျောက်ကင်းအောင် မကုသနိုင်သော်လည်း သက်တမ်းရှည်အောင် လုပ်ဆောင်ပေးရန်နှင့် ဝေဒနာခံစားမှုသက်သာစေရန်၊ ကုသရန်ဆိုသော ရည်ရွယ်ချက်များဖြင့် ကင်ဆာရောဂါဝေဒနာရှင်များကို ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ ရောဂါလက္ခဏာများအနေဖြင့် အရေပြားပေါ်တွင် အနီစက်၊ အညိုအမည်းကွက်များ ထွက်ခြင်း၊ သွားဖုံးသွေးယိုခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ အမျိုးသမီးများ သွေးဆင်းများခြင်း၊ ဦးနှောက်တွင် သွေးယိုစိမ့်ခြင်း၊ အဖျားကြီးခြင်း၊ အကျိတ်ထွက်ခြင်းဖြစ်သည်။ ကြိုတင်ကာကွယ်၍ရသော အဖြစ်များသည့် ကင်ဆာရောဂါများမှာ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်သည်။

အခြေခံလူတန်းစား ပြည်သူလူထုမှာ ဝင်ငွေနည်းပါးသူများဖြစ်၍ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို မရွေးချယ်နိုင်ဘဲ ဈေးနှုန်းသက်သာပြီး ဝမ်းဝရေးကို ဦးစားပေးစားသောက်နေကြရသည်။ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများကို နေ့စဉ်စားသုံးရာမှ ကင်ဆာရောဂါ ဖြစ်ပွားလာကြသည်။ အစားအစာများကို ရောင်းချသူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် စေတနာဖြင့် ရောင်းချပေးသင့်သည်။ ၂၀၁၄ ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံတွင် ကင်ဆာဖြစ်ပွားမှု ၄၉၃၀၀ ရှိပြီး ၂၀၁၈ ခုနှစ်တွင် ၆၉၅၅၄ ဦးရှိသဖြင့် ဖြစ်ပွားမှုနှစ်သောင်းကျော် မြင့်တက်လာသည်ကို တွေ့ရသည်။ ကမ္ဘာ့ကင်ဆာရောဂါ ဖြစ်ပွားမှုအဆင့်သတ်မှတ်ချက်တွင် မြန်မာနိုင်ငံသည် ၆၅ နေရာ၌ တည်ရှိသည်။

**ဆေးလိပ်သောက်ခြင်းနှင့် လေထုညစ်ညမ်းမှု**

၂၀၁၈ ခုနှစ်အတွင်း ကင်ဆာရောဂါအသစ် (လူနာသစ်) ဖြစ်ပွားသူ ခုနစ်သောင်းနီးပါးရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကင်ဆာရောဂါဖြစ်ပွားမှု မည်မျှရှိသည်ကို အတိအကျပြောနိုင်ရန် လူဦးရေအခြေပြု ကင်ဆာရောဂါဖြစ်ပွားမှု မှတ်ပုံတင်ခြင်း (Population Based Cancer Registry) ကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးပြည်သူ့ဆေးရုံကြီးများတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ အဆုတ်ကင်ဆာသည် ဆေးလိပ်သောက်ခြင်းနှင့် လေထုညစ်ညမ်းမှုတို့ကြောင့် ဖြစ်ပွားရသည်။ ရေရှည်ချောင်းဆိုးခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ ရင်ကျပ်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ အသံပြောင်းခြင်း၊ အစားအသောက်ပျက်ခြင်း ကြုံရနိုင်သည်။ အဆုတ်ကင်ဆာ စောစီးစွာသိရန် ရင်ဘတ်ဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်၊ သလိပ်စစ်ဆေးခြင်း၊ အသက်ရှူလမ်းကြောင်း မှန်ပြောင်းဖြင့်ကြည့်ခြင်း စသည့် နည်းလမ်းများဖြင့် အဆုတ်ကင်ဆာ ရှိ၊ မရှိ စစ်ဆေးခံယူသင့်သည်။

သားအိမ်ခေါင်းကင်ဆာသည် ကာကွယ်၍ရသော တစ်ခုတည်းသောကင်ဆာဖြစ်သည်။ မိန်းမငယ်ဘဝ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံပါက ကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးသည်။ ၉၀ ရာခိုင်နှုန်းကျော်သည် လိင်အင်္ဂါကြွက်နို့ကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်သည်။ လက္ခဏာများမှာ မွေးလမ်းကြောင်းမှ ပုံမှန်မဟုတ် သွေးဆင်းခြင်း၊ လိင်ဆက်ဆံပြီး သွေးဆင်းခြင်း၊ မွေးလမ်းကြောင်းမှ ပြည်နှင့် အဖြူဆင်းခြင်းတို့ဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာရှိ၊ မရှိ သားအိမ်ခေါင်းအသားစု (Pup Smear) ယူပြီး စစ်ဆေးသင့်သည်။ ကင်ဆာဆေးသွင်းကုသခြင်းတစ်ခုထက် ပိုမိုကုသမှုခံယူခြင်းကထိရောက်ပြီး ဘေးထွက်ဆိုးကျိုးလည်း နည်းပါးစေကြောင်း သိရသည်။ WHO Global Health Estimates တွင် ဖော်ပြချက်အရ မကူးစက်နိုင်သော ရောဂါများအနက် မြန်မာအမျိုးသားများတွင် သေဆုံးမှုနှုန်းအများဆုံးရောဂါမှာ နှလုံးသွေးကြောကျဉ်းရောဂါ ၃၉ ရာခိုင်နှုန်း၊ ကင်ဆာရောဂါ ၂၁ ရာခိုင်နှုန်း၊ အခြားနာတာရှည်ရောဂါများ ၂၄ ရာခိုင်နှုန်း၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ၁၂ ရာခိုင်နှုန်း၊ ဆီးချိုသွေးချို လေးရာခိုင်နှုန်းခန့်ရှိပြီး အမျိုးသမီးများတွင် နှလုံးသွေးကြောကျဉ်းရောဂါ ၄၅ ရာခိုင်နှုန်း၊ ကင်ဆာ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ၁၄ ရာခိုင်နှုန်း၊ ဆီးချိုသွေးချို ခုနစ်ရာခိုင်နှုန်းခန့်အထိ ရှိကြောင်း သိရသည်။

**ကမ္ဘာ့နိုင်ငံများအနက် ၉၁ နိုင်ငံ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကင်ဆာရောဂါကြောင့် အသက် (၇၀) မတိုင်မီ သေဆုံးမှုသည် ကမ္ဘာ့နိုင်ငံများအနက် ၉၁ နိုင်ငံတွင် ပထမအများဆုံးဖြစ်နေပြီး ဖြစ်ပွားမှု၏ ၆၇ ရာခိုင်နှုန်းသည် အသက် (၃၅) နှစ်မှ (၆၄) နှစ်ကြားအရွယ်များဖြစ်ပြီး ကင်ဆာဝေဒနာရှင် ထက်ဝက်ခန့်သည် ရောဂါကျွမ်းနေသူများဖြစ်ကြောင်း ဆိုထားသည်။ ကင်ဆာဖြစ်ပွားမှုသည် လာမည့် ၂၀၃၅ ခုနှစ်တွင် လက်ရှိဖြစ်ပွားနှုန်း ၁၈ ဒသမ ၁ သန်းထက် နှစ်ဆတိုးလာနိုင်ကြောင်း ခန့်မှန်းထားသည်။ ကင်ဆာရောဂါကြောင့် နှစ်စဉ်တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၁၆ ထရီလီယံခန့် ကုန်ကျနေသည်ဟုဆိုသည်။ ကင်ဆာရောဂါကို ကာကွယ်ရန် ကင်ဆာဆိုင်ရာ အချက်အလက်သည် အရေးကြီးပြီး မဖြစ်မနေလိုအပ်သည်။ အချက်အလက်ရှိမှသာ မည်သည့်ကင်ဆာအမျိုးအစားကိုရည်ရွယ်၍ ဦးစားပေးဆောင်ရွက်ရမည့်အစီအမံများ၊ ကုသမှုကုန်ကျစရိတ်နှင့် လိုအပ်သောအထောက်အပံ့များဆောင်ရွက်နိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၂၇ သို့** ☆

## ဇီးကုန်းမြို့နယ်အတွင်းရှိ ဝါးခမောက်ကုန်ထုတ်သမဝါယမအသင်းများက ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအဖြစ် ဝါးခမောက်များ ထုတ်လုပ်လျက်ရှိ

ဇီးကုန်း ဒီဇင်ဘာ ၁၈

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product–OVOP) အဖြစ် ဝါးခမောက်ထုတ်လုပ်မှုလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဝက်ကော်အောက်ရှမ်းစုကျေးရွာရှိ ဝေဠုဝါးခမောက်ကုန်ထုတ်သမဝါယမအသင်းလီမိတက်နှင့် ဝက်ကော်ရွာသစ်ကျေးရွာရှိ ဖြိုးမြန်မာ ဝါးခမောက်ကုန်ထုတ်သမဝါယမအသင်းလီမိတက်တို့က လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။



အသင်းများက ဝါးခမောက်ပြုလုပ်ရန်အတွက် လိုအပ်သည့် ကုန်ကြမ်းများဖြစ်သည့် ဝါးပလတ်၊ ဝါး၊ ချည်၊ ဖယောင်း၊ ပလတ်စတစ်၊ ဇာ၊ တံဆိပ်၊ ထိပ်သီးများကို ကနောင်၊ မြန်အောင်၊ ကြံခင်းနှင့် မင်းလှမြို့နယ်တို့မှရရှိသည်။ အသင်းများတွင် လက်ခစားအလုပ်သမားဦးရေ ၅၀ စီခန့်ထားပြီး တစ်လလျှင် ဝါးခမောက်အလုံးရေ ပျမ်းမျှ ၁၂၀၀၀ မှ ၂၃၀၀၀ ထိ ထုတ်လုပ်နိုင်သည်။

ဝါးခမောက်ထုတ်လုပ်ရာတွင် အရွက်ပိုင်း၊ အဖူးပိုင်း၊ အရွက်နှင့်အဖူးဆက်သည့်အပိုင်း သုံးပိုင်းပါဝင်သည်။ အရွက်ပိုင်းတွင် အရွက်ဖြတ်ခြင်းနှင့် အရွက်နှုတ်ခမ်း ကွပ်ခြင်း၊ အဖူးပိုင်းတွင် အဖူးကိုက်+တွဲခြင်း၊ အဖူးချုပ်/တုတ်စိုက်နှင့် နဘေထပ်ခြင်း၊ ဘေးပတ်တင်ခြင်း၊ ချည်ခွေချုပ်ခြင်းနှင့် ကြာပိတ်ခြင်း၊ အရွက်နှင့်အဖူးဆက်သည့်အပိုင်းတွင် အဖူးဆက်ခြင်း၊ လိုက်ခွေလိုက်ခြင်း၊ ခွေပြား ကပ်ခြင်းတို့ပါဝင်ပြီး အများအားဖြင့် အဆင့်ပေါင်း ၁၀ ဆင့် ပါဝင်သည်။ ဇာခံအမျိုးအစားတွင် အရွက်နှုတ်ခမ်းပလတ်စတစ်ကွပ်ခြင်း၊ ခွေပြားတွင် ပလတ်စတစ်အုပ်ပေးခြင်း၊ ဇာထည့်ခြင်းလုပ်ငန်းအဆင့်များလည်း ပါဝင်သည်။

ထွက်ရှိလာသည့်ဝါးခမောက်များမှာ အရည်အသွေးကောင်းမွန်ခြင်း၊ သစ်လွင်ပေါ်လွင်မှုရှိခြင်း၊ ရာသီဥတုနှင့်ကိုက်ညီမှုရှိခြင်း၊ သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်းနှင့် ဈေးနှုန်းချိုသာခြင်းများကြောင့် ဥတုသုံးပါးစလုံးသုံးစွဲနိုင်သည်။ ဝါးခမောက်များကို နေပြည်တော်၊ အောင်လံ၊ တောင်တွင်းကြီး၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာနှင့် ကျောက်ဆည်မြို့များသို့ တင်ပို့ရောင်းချပြီး ပုဂ္ဂလိကတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း ကုန်ထုတ်လုပ်သူများကလည်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product– OVOP)လုပ်ငန်းများကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဘဝများ တိုးတက်လာစေရန်ရည်ရွယ်၍ သမဝါယမကဏ္ဍကဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တိုးလျှံစက်မှုလက်မှုရက်ကန်းကုန်ထုတ်သမဝါယမအသင်း စည်းလုံချည်များ ထုတ်လုပ်

ရွှေတောင် ဒီဇင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ တိုးလျှံစက်မှုလက်မှုရက်ကန်းကုန်ထုတ်သမဝါယမအသင်းက လက်ရက်ကန်းများဖြင့် စည်းလုံချည် (အမျိုးသမီးဝတ်)များ ထုတ်လုပ်လျက်ရှိသည်။ စည်းလုံချည်များကိုအမျိုးသမီးအလုပ်သမားများကထုတ်လုပ်ပြီး အမျိုးသမီးတစ်ဦးသည် တစ်လလျှင် စည်းလုံချည် ၇၅ ကွင်းထုတ်လုပ်ကာ အသင်းမှ လက်ခစားလုပ်သား ၁၆၀ ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကုန်ကြမ်းအဖြစ် ၂/၈၀ ချည်ချော၊ ပိုး၊ ဖဲ၊ ဆိုးဆေး စသည့် အရည်အသွေးကောင်းမွန်သည့် အာမခံချက်ရှိသော ကုန်ကြမ်းပစ္စည်းများကို အသုံးပြုသည်။ ထို့နောက် ထွက်ရှိလာသော စည်းလုံချည် (အမျိုးသမီးဝတ်)များကို အင်းလေးဒေသသို့ အဓိကထားတင်ပို့ပြီး ရန်ကုန်မြို့မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



☆ စာမျက်နှာ ၂၆ မှ

ကင်ဆာဖြစ်ရခြင်း အကြောင်းရင်းများအနက် အစားအသောက်ကြောင့် ဖြစ်ပွားနှုန်း ၃၅ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးနေရာတွင်ရှိပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ၃၀ ရာခိုင်နှုန်း၊ ဗိုင်းရပ်စ်ပိုးများကြောင့် ၁၀ ရာခိုင်နှုန်း၊ လိင်ဆက်ဆံမှုကြောင့် ခုနစ်ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ကင်ဆာရောဂါကြောင့် လူတစ်ဦးချင်းသာမက ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုဆုံးရှုံးမှုများဖြစ်ပေါ်စေလျက်ရှိသည်။ အမျိုးသမီးမီးယပ်ကင်ဆာရောဂါ ကာကွယ်ရေး အသိပေးလှုပ်ရှားမှုများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများပူးပေါင်း၍ ပြည်သူလူထုသို့ အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိသည်။

### သက်ကြီးကင်ဆာဖြစ်ပွားမှုများ

ကင်ဆာဖြစ်သူများ၏ သုံးပုံနှစ်ပုံမှာ အသက်(၆၅)နှစ်အထက် အရွယ်များဖြစ်ကြောင်း သိရသည်။ သက်ကြီးကင်ဆာများကို စောစီးစွာတွေ့ရှိနိုင်ရန် ရောဂါလက္ခဏာများမပြခင် ကြိုတင်စစ်ဆေးဖို့လိုအပ်ပြီး မစစ်ဆေးနိုင်ပါက ဆီး၊ ဝမ်း အလေ့အထပြောင်းသွားခြင်း၊ အလုံးအကျိတ်စမ်းမိခြင်း၊ အစာမကြေခြင်း၊ ခန္ဓာကိုယ်တွင် ပုံမှန်မဟုတ်သော မှဲ့များထွက်ပေါ်ခြင်း၊ ချောင်းဆိုးခြင်းမှာ ကြာရှည်နေခြင်း၊ ကိုယ်အလေးချိန် မသိမသာပြောင်းလဲခြင်း၊ အနာများ အလွယ်တကူမကျက်ခြင်း စသည့် လက္ခဏာများဖြစ်ပေါ်ပါက သတိပြုသင့်သည်။ သက်ကြီးကင်ဆာဖြစ်ပွားမှုများတွင် အဖြစ်များဆုံး ကင်ဆာအမျိုးအစားများမှာ ရင်သားကင်ဆာ၊ အူမကြီးနှင့် အစာအိမ်ဟောင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာနှင့် အသည်းကင်ဆာတို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကလေးကင်ဆာအသစ်ဖြစ်ပွားသူ တစ်နှစ်လျှင် ၂၀၀၀ ခန့် ရှိမည်ဟု ခန့်မှန်းထားပြီး ၈၀၀ ခန့်သာ ဆေးကုသမှုခံယူနေကာ ကျန် ၁၂၀၀ ခန့်သည် ကင်ဆာဖြစ်မှန်းမသိဘဲ နေထိုင်နေရကြောင်းနှင့် လက်ရှိရန်ကုန်ကလေးဆေးရုံကြီးတွင် ကလေးကင်ဆာအတွင်းလူနာ ၇၅ ဦးခန့် နေ့စဉ် တက်ရောက်ကုသမှုခံယူနေပြီး ပြင်ပလူနာနေ့စဉ် ၇၀ မှ ၁၀၀ ကြား ကုသပေးလျက်ရှိကြောင်း သိရသည်။ ကင်ဆာရောဂါသည် စောစီးစွာတွေ့ရှိပြီး ထိရောက်စွာကုသပါက ပျောက်ကင်းနိုင်သော ရောဂါမျိုးဖြစ်သည်။ နေထိုင်စားသောက်မှုပုံစံပြောင်းလဲခြင်းဖြင့် ဖြစ်ပွားနိုင်ခြေ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း ကာကွယ်နိုင်ကာ စောစီးစွာသိရှိပြီး စနစ်တကျကုသမှုခံယူပါက ၉၀ ရာခိုင်နှုန်း ပျောက်ကင်းနိုင်သည့် ရောဂါမျိုးဖြစ်ကြောင်း ရလဒ်များရှိခဲ့ပြီးဖြစ်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်း၏ ဟူသည့်ဆိုစကားပမာ ကင်ဆာရောဂါဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အလေးထားလိုက်နာခြင်းဖြင့် ကင်ဆာရောဂါကို ကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
မြေငလျင်ဘေးအန္တရာယ်အသိပညာပေးပိုစတာ

**ကြိုတင်ပြင်ဆင်ရန်**

- ပြိုကျ၊ ပြုတ်ကျနိုင်သော ပစ္စည်းများကို မြဲမြံအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို လေ့လာလေ့ကျင့်ထားပါ။

**ငလျင်လှုပ်စဉ် အဆောက်အအုံ အတွင်းရှိပါက**

- (၅)စက္ကန့်အတွင်း အဆောက်အအုံ အပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။
- အထပ်မြင့်တိုက်များ၏ ပြတင်းပေါက်၊ ဝရံတာနားမနေပါနှင့်၊ ခုန်ချခြင်း မပြုပါနှင့်။

**အချိန်မရွေးဖြစ်ပွားနိုင်ပါသည်။**

**တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနိုင်ပါသည်။**

**ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ခြင်းမရှိသေးပါ။**



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

**ငလျင်လှုပ်စဉ် အဆောက်အအုံ အပြင်တွင်ရှိပါက**

- အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။
- ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓါတ်တိုင်၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့်ဝေးရာတွင်နေပါ။
- ကမ်းခြေ (သို့) မြစ်ကမ်းစပ်တွင် ရောက်နေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

❂ ပြင်သစ်အသင်းမှ

အဲဒါကြောင့် အချိန်ပိုကစားခဲ့ရမှာ အာဂျင်တီးနားအသင်းက ပွဲကစားချိန် ၁၀၈ မိနစ်မှာ မက်ဆီရဲ့ ပင်နယ်တီသွင်းဂိုးရရှိခဲ့ပြီး ပြင်သစ်အသင်းကလည်း ပွဲကစားချိန် ၁၁၈ မိနစ်မှာ အမ်ဘာတ်ပီရဲ့ ပင်နယ်တီသွင်းဂိုးကြောင့် တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

သာမန်ပွဲကစားချိန်နဲ့ အချိန်ပိုမိနစ်တွေအတွင်းမှာ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ အာဂျင်တီးနားအသင်းက ပြင်သစ်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ တိုက်စစ်မှူး မက်ဆီက သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့ပြီး ပြင်သစ်တိုက်စစ်မှူး အမ်ဘာတ်ပီက သွင်းဂိုး လေးဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် အမ်ဘာတ်ပီဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဂိုးသွင်းအများဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ကမ္ဘာ့ဖလားရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး အမ်ဘာတ်ပီဟာ အခုပွဲစဉ်မှာ ပင်နယ်တီအဆုံးအဖြတ်မပါဘဲ သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၁၉၈၆ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားချန်ပီယံဆုကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သလို ကမ္ဘာ့ဖလားဆုဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီဖြစ်ပါတယ်။

ပြင်သစ်အသင်းကတော့ အာဂျင်တီးနားအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကို နှစ်ကြိမ်ဆက်တိုက် တက်လှမ်းနိုင်ခဲ့တဲ့ တတိယမြောက်အသင်းအဖြစ်လည်း သတ်မှတ်ခံခဲ့ရပါတယ်။

တိုက်စစ်မှူး မက်ဆီကတော့ အာဂျင်တီးနားအသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ငါးကြိမ်အထိ ပါဝင်ကစားခဲ့ပြီး ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တာကြောင့် ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

အခုယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အကောင်းဆုံး လူငယ်ကစားသမားဆုကို အာဂျင်တီးနား လူငယ်ကစားသမား အန်ဇိုဖာနန်ဒက်၊ အကောင်းဆုံး ဂိုးသမားဆုကို အာဂျင်တီးနားဂိုးသမား မာတီနက်ဇ်၊ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ပြင်သစ်တိုက်စစ်မှူး အမ်ဘာတ်ပီ၊ အကောင်းဆုံးကစားသမားဆုကို အာဂျင်တီးနား တိုက်စစ်မှူး လီယွန်နယ်မက်ဆီတို့က ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

**ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၅၁-လမ်း၊ အမှတ်(၁၂၇)၊ ဒုတိယထပ်၊ ခြေရင်းခန်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၅x၆၀) ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်အတွက် ကန့်ကွက်လိုသူ ရှိ/မရှိ ကြေညာခြင်း**

အထက်ပါအခန်းကို ပိုင်ရှင်ဖြစ်သူ ဒေါ်ချောကေခိုင်[၁၂/ဗတထ(နိုင်)၀၀၀၄၂၃]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကန့်ကွက်လိုသူရှိပါက (၃၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဦး B.A, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၂၉)**
**အမှတ်(၄၅)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၈၄၀၁၊ ၀၉-၅၁၀၁၆၄၂**

**ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၅၁-လမ်း၊ အမှတ်(၁၂၅)၊ ဒုတိယထပ်၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၅x၆၀)ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်အတွက် ကန့်ကွက်လိုသူ ရှိ/မရှိ ကြေညာခြင်း**

အထက်ပါအခန်းကို ပိုင်ရှင်ဖြစ်သူ ဒေါ်မြမြဝင်း[၁၂/ဥကမ(နိုင်)၀၄၈၈၁၃]နှင့် ဒေါ်ခင်စုစုလှိုင် [၁၂/ပဇတ(နိုင်)၀၀၃၀၄၂]တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကန့်ကွက်လိုသူရှိပါက (၃၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဦး B.A, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၂၉)**
**အမှတ်(၄၅)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၈၄၀၁၊ ၀၉-၅၁၀၁၆၄၂**




ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

❖ ကျောက်ဆည်မြို့နယ်မှ

တိုက်နယ် (၇) မှ ကွင်းပေါင်း ၂၆ ကွင်း၊ တောင်သူပေါင်း ၃၉၈ ဦးတို့တွင်၇၁၅ ဧက၊ တိုက်နယ်(၈)မှ ကွင်းပေါင်း ၂၀၊ တောင်သူ ၆၅၀ တို့တွင် ၁၂၈၆ ဧက၊ တိုက်နယ်(၉)မှ ကွင်းပေါင်း ခုနစ်ကွင်း၊တောင်သူပေါင်း ၁၄၀ တို့တွင် ၃၈၅ ဧက၊ တိုက်နယ်(၁၀)မှ ကွင်းပေါင်း ၁၇ ကွင်း၊ တောင်သူပေါင်း ၁၁၉ ဦးတို့တွင် ဧက ၁၂၃၀၊ တိုက်နယ်(၁၁)မှ ကွင်းပေါင်း ၂၁ ကွင်း၊ တောင်သူပေါင်း ၁၈၃ ဦးတို့တွင် ၅၈၅ ဧက၊ တိုက်နယ်(၁၂)မှ ကွင်းပေါင်း ၂၇ ကွင်း၊တောင်သူပေါင်း ၂၇၆ ဦးတို့တွင် ၇၀၂ ဧက စုစုပေါင်း ဧက ၉၆၂၀ စိုက်ပျိုးထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

နေကြာသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းကာ မြေအမျိုးအစားနှင့် ရာသီဥတုအပေါ်မူတည်ပြီး ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းမည့် အပင်ပေါက်နှုန်းကောင်းသော နေကြာမျိုးများကို အဓိကထားစိုက်ပျိုးစေပြီး နည်းပညာများ စနစ်တကျ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## လယ်ဝေးခရိုင်၌ စီမံကိန်းလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကျင်းပ

လယ်ဝေး ဒီဇင်ဘာ ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ ဝန်ထမ်းများ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည်မြှင့်မားတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါ ခရိုင်ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ဝေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက စီမံကိန်း လက်ဆွဲစာအုပ်များနှင့် သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားသင်တန်းသူများထံ လွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ လယ်ဝေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ စုစုပေါင်း ဝန်ထမ်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)၊ RBF စီမံကိန်း၊SMART Village စီမံကိန်းနှင့် Epanet ရေးဆွဲနည်းစသည့် သင်ခန်းစာများကို ကျွမ်းကျင် ဆရာ လေးဦးက ဒီဇင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ ငါးရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ ၂၂၂



## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းပို့ချ



ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ် (၂) ပို့ချပွဲကို ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်များအသင်း ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးထူးလွင်က အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတက်ရောက်ခြင်းကြောင့် ရရှိမည့် ဥပဒေအကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ယင်းနောက် ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့မှ ဒုတိယရဲမှူးကြီးမြင့်စိုးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေနှင့်နည်းဥပဒေများအကြောင်း ရှင်းလင်းပို့ချသည်။

ထို့နောက် အထူးစုံစမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က သတင်းပို့အဖွဲ့အစည်းများအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာပြဋ္ဌာန်းချက်များကို ရှင်းလင်းပို့ချသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာကို ရှင်းလင်းပို့ချသည်။

သင်တန်းဆင်းပွဲကို ဆက်လက်ပြုလုပ်ရာ သင်တန်းသားသင်တန်းသူ ၁၀၆ ဦးအား သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးထူးလွင်၊ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူတို့က သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

မျိုးမင်းသူရ

❖

## ဦးကျော်မြင့်
**(ပိန်းဇလုပ်မြို့အသင်း)**

## အသက်(၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုတ်မြို့၊ ရွှေပေါက်ကံရပ်ကွက်နေ (ဦးမောင်စိန်-ဒေါ်ရင်မေ)တို့၏သား၊ ဦးမြင့်သိန်း-(ဒေါ်မြမြ)တို့၏အစ်ကို၊ ပိန်းဇလုပ်မြို့၊ မြောက်ပိုင်းရပ်ကွက်နေ (ဦးကျော်စိန်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၈)လမ်းအရှေ့၊ အမှတ်(၅၁)နေ (ဒေါ်ခင်ဝင်း)၏ခင်ပွန်း၊ ဒေါ်ဥမ္မာကျော်၊ ဦးအောင်မျိုးကျော်-ဒေါ်သီတာဝင်း၊ (ဦးကျော်သူရ)-ဒေါ်ဆွေမြင့်ဦး၊ ကိုရဲသူရ-မမိုးမိုးခိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးကျော်မြင့်သည် ၁၈-၁၂-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၀၀:၀၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၀-၁၂-၂၀၂၂(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ မြင့်မြတ်သော ဘုံဌာနသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူး ရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ် လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါသဖြင့် ၂၄-၁၂-၂၀၂၂(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးဗစ်တာသောင်းနိုင်
**(အင်ဂျင်နီယာမှူး-ငြိမ်း)**

## အသက်(၇၂)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ (ဦးအက်စ်နိုင်ဒူး-ဒေါ်ဟယ်လင်ကွယ်မြာ)တို့၏သားကြီး၊ (ဦးညွန့်စိန်-ဒေါ်ခင်စီ)တို့၏သားသမက်၊ ဒေါ်ခင်မာညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ မငြိမ်းငြိမ်းသီရိနိုင်-မောင်ကျော်သီဟ၊ မစုစုသီရိနိုင်-မောင်နန္ဒအောင်၊ မမွန်မွန်သီရိနိုင်တို့၏ဖခင်၊ မ Phoebe သံသာစုနန္ဒ၊ မမုဒြာစုနန္ဒ၊ မောင်ညီညီနန္ဒ၊ မောင်ဘုန်းပြည့်သီဟတို့၏ အဘိုးသည် ၁၇-၁၂-၂၀၂၂ (စနေနေ့) မွန်းလွဲ စင်ကာပူစံတော်ချိန် ၁:၁၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၁၂-၂၀၂၂ ရက်တွင် စင်ကာပူနိုင်ငံ Church of St.Mary of the Angels ၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း အသင်းဝင်ဖြစ်သော ဒေါက်တာ မင်းတင် အသက်(၅၃)နှစ်သည် ၁၇-၁၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၄)၊ ၆ လွှာ/ဘီ၊ (၁၅ပေ x ၆၀ပေ)အကျယ်အဝန်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သင်းသင်းဇာ[၁၂/စခန(နိုင်)၀၁၉၁၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ချိုထွေး[၁၂/စခန(နိုင်)၀၁၆၉၁၁]က အပြီးဝယ်ယူရန် စရန်ပေး စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ အဆိုပါကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်းမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၈)**
**အမှတ်(၂၅)၊ ပန်းတနော်လမ်း၊ လင်း/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၂၇၈၃၄၄**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅) ရပ်ကွက်၊ (၄၉) လမ်း၊ အိမ်အမှတ် - ၅၉၊ တတိယထပ် (ခေါင်းရင်းခန်း)၊ အေ-၃၊ အလျား (၂၅ပေ) × အနံ (၆၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချသူ ဒေါ်ခင်သူဇာ (၁၂/မဂတ (နိုင်) ၀၀၀၇၇၂) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်မိုး (၁၂/ဗတထ(နိုင်)၀၁၂၅၆၅) မှ ဝယ်ယူရန် စရံငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လက်လက်လင်း ( LL.B, D.B.L, D.L-101 (WIPO) )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၃၆/၂၀၁၇)**
**အမှတ်- ၂၅၁၊ အခန်း (၁၅)၊ ဗိုလ်ချုပ်လမ်းမကြီး၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ဒေါ်ညွန့်လွမ်း
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၇)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ်(၅၆၆)နေ (ဦးစုဝမ်-ဒေါ်ချင်းယား)တို့၏သမီး၊ (ဦးသန်းအောင်)-ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်မိမိ၊ Dr သန်းစိုး-ဒေါ်ခင်ခင်မော်၊ Dr ဖြိုးသူအောင်-ဒေါ်အေးအေးဦး၊ ဦးသီဟဇော်-Dr ယဉ်ယဉ်လတ်၊ ဦးကျော်သူရ၊ ဦးကြည်မိုးဝင်း-Dr အိသန္တာထွေး၊ ဦးသန်းနိုင်ဦး၊ ဦးသောင်းတင်ထွန်း-ဒေါ်နှင်းသီရိအောင်၊ ဦးအောင်ကြည်ဟန်၊ Dr မိုမိုကို၊ မောင်သီဟန်သစ်၊ မောင်အောင်မင်းခန့်တို့၏ အဒေါ် ဒေါ်ညွန့်လွမ်းသည် ၁၈-၁၂-၂၀၂၂ရက် နံနက် ၄:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ပင်လုံဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညွန့်လွမ်း
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၇)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ်(၅၆၆)နေ (ဦးစုဝမ်-ဒေါ်ချင်းယား)တို့၏သမီး၊ (ဦးခင်မောင်-တန်အလွမ်) တို့၏ညီမ၊ (ဦးမြင့်တင်)-ဒေါ်ထွေးတင်၊ ဒေါ်မြင့်ဝင်း၊ ဦးစိန်ဟိုက်-(ဒေါ်စန်းစန်းဝင်း)၊ (ဦးအောင်မြင့်)-ဒေါ်မျိုးပပထွန်းတို့၏အစ်မ တူ၊ တူမ ၁၃ ယောက်တို့၏ အဒေါ် ဒေါ်ညွန့်လွမ်းသည် ၁၈-၁၂-၂၀၂၂ ရက် နံနက် ၄:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ပင်လုံဆေးရုံ၌ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၈၈၄)၊ ပေ(၄၀x၆၀)မြေမှ အကျယ်(၁၀x၆၀)ပေမြေနှင့် ယင်းမြေပေါ်ရှိ တိုက်ခံလုံးချင်းအိမ်အပါအဝင် ရေ၊ မီးအကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ခင်မာသန်း(ဘ)ဦးတင်ဖေ[၁၂/ဒဂန(နိုင်)၀၀၈၅၆၄]ထံက ကျွန်ုပ်မိတ်ဆွေဦးသူရထွန်း[၉/စကတ(နိုင်)၀၇၅၁၉၆]မှ ဝယ်ယူရန် (၁၇-၁၂-၂၀၂၂)ရက်က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ နေအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသူရထွန်း** | **ဒေါ်မြသက်ဝေ** |
| **[၉/စကတ(နိုင်)၀၇၅၁၉၆]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၂၀၆၉)(၁၄-၂-၂၀၁၇)** |
| | **အမှတ်(၈၂)၊ မာလာမြိုင်(၇)လမ်း၊** |
| | **(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉ ၅၀၈၈၆၄၁** |

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ အပိုင်း(၁)အတွင်းရှိ တိုက်အမှတ် ၃၉၊ အခန်းအမှတ်-၀၀၆၊ မြေညီထပ်၊ ဧရိယာ(၄၆၈) စတုရန်းပေ ကျယ်ဝန်းသော ဒေါ်နှင်းနုအမည်ပေါက်တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ ရေ၊ မီး၊ လူနေထိုင်ခွင့်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နှင်းနု၏ကိုယ်စားလှယ်လွှဲစာရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်အေး[၁၂/သကတ(နိုင်)၀၅၂၅၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာဝင့်[၁၂/လသယ(နိုင်)၀၆၇၉၈၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာဝင့်[၁၂/လသယ(နိုင်)၀၆၇၉၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြရည်နန္ဒာလမ်း၊ အမှတ်-၁၇၂၅(ခ)၊ (၁၈)ရပ်ကွက်နေ ဦးတင်ငွေ[၁၂/အလန(နိုင်)၀၀၃၅၉၀]၊ ဒေါ်ငွေရ [၁၂/မရက(နိုင်)၀၇၁၁၄၇]တို့၏ သားဖြစ်သူ မောင်ကောင်းစံတင် [၁၂/ဒဂတ(နိုင်)၀၈၂၁၈၇]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲခြင်းဖြစ်အောင်ပြုမူပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမဆို(လုံး၀)လုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ ဦးတင်ငွေ-ဒေါ်ငွေရ**

---

## ဒေါ်ခင်သိန်း(ပဲခူး)
## အသက်(၈၂)နှစ်

ပဲခူးမြို့နေ(ဦးအောင်မြင့်-ဒေါ်ညွန့်ရင်)တို့၏သမီး၊ (ဦးစူပွင့်-ဒေါ်အေးမြ)တို့၏ သမီးချွေးမ၊ (ဦးသန်းဟိန်း)၏ဇနီး၊ ဒေါက်တာဇော်ဟိန်း၊ မမင်းမင်းဟိန်းတို့၏မိခင်၊ မဟိန်းသွေးဏီ၏အဘွား ဒေါ်ခင်သိန်းသည် ၁၇-၁၂-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၈-၁၂-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၃၈)ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ဒုတိယထပ်၊ (၃-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်စန်းစန်းငွေး [၁၂/စခန(နိုင်)၀၀၂၁၃၉]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **B.Sc, DA, HGP, R.L, DBL, DML, DIL** | **LL.B,D.B.L** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၇၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| | | |
|---|---|---|
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **၀၉-၇၉၀၁၂၄၈၀** | **၀၉-၅၀၅၃၁၀၇** |

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၂၀)ပေါ်တွင်ဆောက်လုပ်ထားသော (၇)ထပ်တိုက်၏ (၃-လွှာ)၊ (ဒုတိယထပ်)၊ အကျယ်အဝန်း(၂၅x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးစိန်ငွေး[၁၄/ဘကလ(နိုင်)၁၄၄၅၇၃] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **B.Sc, DA, HGP, R.L, DBL, DML, DIL** | **LL.B** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| | | |
|---|---|---|
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **၀၉-၄၂၁၀၃၅၉၆၃** | **၀၉-၅၀၅၃၁၀၇** |

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၂၃၈)တွင်နေထိုင်သူ ဒေါ်စန္ဒာအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဒပန(နိုင်)၀၃၉၃၇၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မျိုးဆွေ [၅/ဒပယ(နိုင်)၀၆၈၂၆၀]၊ ဒေါ်စန္ဒာအောင် [၁၂/ဒပန(နိုင်)၀၃၉၃၇၄]တို့၏ သားမောင်အောင်ကျော်မင်း [၁၂/ဒပန(နိုင်)၀၇၀၉၃၉]ကိုင်ဆောင်သူသည် သားသမီးကျင့်ဝတ်ပျက်ပြားခြင်း၊ မိဘတို့အား ရန်သူသဖွယ်ပြုကျင့်သည့်အပြင် မိဘစကားကို မနာခံသည့်သားတစ်ဦးဖြစ်ပါသည်။

ဦးကျော်မျိုးဆွေ၊ ဒေါ်စန္ဒာအောင်တို့မှသား(၃)ဦးမွေးဖွားခဲ့ပြီး၊ ထိုသားသမီးများအနက် အကြီးဆုံးသားဖြစ်သူ မောင်အောင်ကျော်မင်း [၁၂/ဒပန(နိုင်)၀၇၀၉၃၉]ကိုင်ဆောင်သူ အသက်(၂၁)နှစ်သည် သားသမီးကျင့်ဝတ်ပျက်ပြားခြင်း၊ မိဘများအား ရန်သူသဖွယ်ပြုကျင့်ခြင်း၊ မိဘစကားကိုလည်းနာခံခြင်းမရှိသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် မောင်အောင်ကျော်မင်း [၁၂/ဒပန(နိုင်)၀၇၀၉၃၉]၏ ပြုလုပ်သမျှကိစ္စအဝဝနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့်အပြင် ၎င်းနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၇၇)**
**အမှတ်-၅၃၆၊ အလင်းရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ အိပ်ခန်း၊ သန့်စင်ခန်းနှင့် ရေချိုးခန်းတို့တွင် လူမရှိပါက လျှပ်စစ်မီးများ ပိတ်ကာ၊ ချွေတာသင့်ပါသည်။




**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**❖ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ...**

**❖ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြင်သစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့အနိုင်ရပြီး အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလား သုံးကြိမ်မြောက် ဆွတ်ခူး

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၈ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဂျင်တီးနားအသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ပြင်သစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဂျင်တီးနားအသင်းက ကမ္ဘာ့ဖလား ချန်ပီယံဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**သရေရလဒ်ထွက်ပေါ်**

အာဂျင်တီးနားအသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ပထမပိုင်းပွဲကစားချိန် ၂၃ မိနစ်မှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူး မက်ဆီရဲ့ ပင်နယ်တီသွင်းဂိုး၊ ၃၆ မိနစ်မှာ သွင်းယူခဲ့တဲ့ တောင်ပံကစားသမား ဒီမာရီယာတို့ရဲ့သွင်းဂိုးတွေနဲ့ ဦးဆောင်နိုင်ခဲ့ပြီး ပြင်သစ်အသင်းကတော့ ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၈၀(ပင်နယ်တီ)နဲ့ ၈၁ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ သာမန်ပွဲကစားချိန်အတွင်းမှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❂**



အာဂျင်တီးနားအသင်း ကစားသမားများ ကမ္ဘာ့ဖလား ချန်ပီယံဆုနှင့်အတူ အောင်ပွဲခံနေစဉ်။

# ကျောက်ဆည်မြို့နယ်၌ ဆောင်းနေကြာသီးနှံ ဧက ၉၆၂၀ စိုက်ပျိုးပြီး

ကျောက်ဆည် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် စားသုံးဆီဖူလုံပိုလျှံရေးအတွက် ကွင်းပေါင်း ၂၀၂ ကွင်း၊ တောင်သူပေါင်း ၃၈၇၉ ဦးတို့၏ စိုက်ပျိုးမြေများတွင် ဆောင်းနေကြာသီးနှံ ၁၅၆၈၄ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်အထိ ဆောင်းနေကြာသီးနှံ ဧက ၉၆၂၀ စိုက်ပျိုးပြီးကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ဆောင်းနေကြာ သီးနှံများကို တိုက်နယ်(၁)မှ ကွင်းပေါင်း ၁၈ ကွင်း၊ တောင်သူ ၁၇၉ ဦးတို့တွင် ၇၃၆ ဧက၊ တိုက်နယ်(၂)မှ ကွင်းပေါင်း ၁၄ ကွင်း၊ တောင်သူ ၃၁၀ တို့တွင် ၈၉၃ ဧက၊ တိုက်နယ်(၃)မှ ကွင်းပေါင်း ၁၁ ကွင်း၊ တောင်သူ ၂၆၇ ဦးတို့တွင် ၅၂၁ ဧက၊ တိုက်နယ်(၄)မှ ကွင်းပေါင်း ၁၂ ကွင်း၊ တောင်သူ ၇၈၈ ဦးတို့တွင် ၁၂၃၈ ဧက၊ တိုက်နယ်(၅)မှ ကွင်းပေါင်း ၁၂ ကွင်း၊ တောင်သူ ၁၀၉ ဦးတို့တွင် ၂၁၃ ဧက၊ တိုက်နယ်(၆)မှ ကွင်းပေါင်း ၁၇ ကွင်း၊ တောင်သူပေါင်း ၄၆၀ တို့တွင် ၁၁၁၆ ဧက၊

**စာမျက်နှာ ၂၈ ကော်လံ ၂ သို့ ❖**



**ယနေ့ ဖတ်စရာ**

အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်ရည်ရွယ်၍ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ လက်နက်နှင့် အခြားဆက်စပ်ပစ္စည်းများအား ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တောကျေးရွာအနီး သိမ်းဆည်းရမိ

စာမျက်နှာ » ၁၅

ဖီဖာရဲ့ ၂၀၂၆ ကမ္ဘာ့ဖလားအစီအစဉ် အမှန်တကယ် အပြောင်းအလဲဖြစ်မှာလား

စာမျက်နှာ » ၂၄